မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၆ ခုနှစ်၊ တပို့တွဲလဆန်း ၄ ရက်၊ ၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီ ၁၂ ရက်၊ စနေနေ့၊ အတွဲ (၄၂)၊ အမှတ် (၁၃၅)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ သဝဏ်လွှာပေးပို့

ပြည်ထောင်စုနေ့သည် လေးနက်သော အမျိုးသားရေးအဓိပ္ပာယ်ဖြင့် ပြည့်လျှမ်းသည့် နေ့ထူးနေ့မြတ်ဖြစ်

အမိမြန်မာနိုင်ငံတော်ကြီးနိုင်ငံတကာအလယ်တွင် တင့်တယ်ထည်ဝါစွာကမ္ဘာတည်သရွေ့တည်တံ့ခိုင်မြဲရေး ပြည်ထောင်စုနေ့ထူးနေ့ မြတ်ကြီး၏ အစဉ်အလာကောင်းစိတ်ဓာတ်ကောင်းများနှင့်အညီ ကြိုးပမ်း

တစ်နိုင်ငံလုံးတည်ငြိမ်အေးချမ်းလျက် ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများ အောင်မြင်ဖြစ်ထွန်းနေပြီ ဒီမိုကရေစီနိုင်ငံတော်ကြီးပေါ်ထွန်းလာစေရေး တိုင်းရင်းသားအားလုံး တက်ညီလက်ညီဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၁၂

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ပေးပို့သော သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်။

ချစ်ကြည်လေးစားအပ်သော ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကိုမောင်နှမများခင်ဗျား–

ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး စတင်သန္ဓေတည်ဖြစ်ထွန်းလာခဲ့သည့် ပြည်ထောင်စုနေ့ နေ့ထူးနေ့မြတ်ကြီး၏ (၅၈)နှစ်မြောက် မင်္ဂလာအခါသမယတွင် အမိပြည်ထောင်စုကြီးအတွင်း မှီတင်းနေထိုင်ကြကုန်သော တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး ကိုယ်စိတ်နှစ်ဖြာ ချမ်းမြေ့ကြပါစေကြောင်း ဆုမွန်ကောင်းဖြင့် နှုတ်ခွန်းဆက်သအပ်ပါသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်ဟု ယနေ့ဖြစ်တည်နေသည့် ဘူမိနက်သန်နယ်မြေကြီးအတွင်းတွင် လွန်ခဲ့သောနှစ်သန်းပေါင်းများစွာကပင် စတင်ပေါက်ဖွားရှင်သန်လာခဲ့သော လူသားမျိုးနွယ်တစ်ရပ်သည် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းစသည့် တိုင်းရင်းသားမျိုးနွယ်စုပေါင်း တစ်ရာကျော် ပွားစီးခဲ့ပြီး **"မြန်မာလူမျိုး"**အဖြစ် သမိုင်းအစဉ်အဆက် ဆင့်ပွားတိုးတက်ဖြစ်ထွန်းလာခဲ့သည်မှာ ဂုဏ်ယူဝင့်ကြွားဖွယ် အမျိုးသားရေးဂုဏ်ဒြပ်တစ်ခုပင် ဖြစ်ပါသည်။

မိမိတို့ တိုင်းရင်းသားလူမျိုးများအတွင်း သုခ၊ ဒုက္ခအပေါင်းကို အေးအတူပူအမျှ ဝေမျှခံစားလျက် ခွဲခြားမရသည့် မိသားစုကြီးအဖြစ် ပေါင်းစည်းယှက်နွယ် နေထိုင်လာခဲ့ကြပါသည်။ ထိုအစဉ်အလာကောင်းများက ဖန်တီးဖော်ဆောင်ခဲ့သည့် အကျိုးရလဒ်ကောင်းများကြောင့် ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားပြီး အမျိုးဂုဏ်၊ ဇာတိဂုဏ်ထွန်းပြောင်မြင့်မားသော "မြန်မာ"ဟူသည့် တစည်းတလုံးတည်းသော လူမျိုးအဖြစ် တိုးတက်ဖြစ်ထွန်းလာခဲ့ခြင်း ဖြစ်ပါသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✻

❒ **ပြည်ထောင်စု၏ အပေါင်းလက္ခဏာ**

သီဟအောင်၏ကဗျာ (အချပ်ပို–ဂ)

❒ **ပြည်ထောင်စုတိုင်းရင်းသားတို့သည် ပြည်ထောင်စုအသီးအပွင့်ကို မုန်းချောင်းအဆင့်ဆင့်မှတစ်ဆင့် မျှဝေခံစားကြရတော့မည့် အခြေအနေဖြစ်ပေါ်နေပါသည်။ ပုဂံခေတ် အနော်ရထာမှသည် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေအထိ လယ်မြေကေများစွာတို့သည် မုန်းချောင်းရေကို သောက်ခဲ့ကြသည်။**

တက္ကသိုလ်တင်ခ၏ဆောင်းပါး (အချပ်ပို–ဃ)

❒ **နိုင်ငံတိုင်းသည် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကာလသုံးပါးဖြစ်စဉ်ဖြစ်ရပ်များနှင့် ဆက်စပ်ဒွန်တွဲလျက် ဖြစ်ပေါ် ပြောင်းလဲနေစမြဲဖြစ်သည်။ မျက်မှောက်ခေတ်၌ သမိုင်းရေးလိုအပ်ချက်အရ နိုင်ငံတော်တာဝန်ကို ယူထားရသော အစိုးရသည် တပ်မတော်အစိုးရဖြစ်သည်။ တပ်မတော်အစိုးရသည် ခေတ်တစ်ခေတ်ကို ခေါင်းဆောင်ထူထောင်နေသည့် အစိုးရဖြစ်သည်နှင့်အညီ ၁၆ နှစ်တာမျှ ထူထောင်ရေးကာလတွင် တိုင်းပြည်ကို နတ်ရေကန်ထဲပစ်ချလိုက်သလို တိုးတက်ဖြစ်ပေါ် ပြောင်းလဲစေခဲ့သည်။**

❒ **အမိနိုင်ငံသည် ရွှေနိုင်ငံအမှန်ဖြစ်ရမည်၊ အမိမြေဖွား တိုင်းရင်းသားအားလုံး ရွှေနိုင်ငံသား ရွှေမြန်မာများအဖြစ် ကမ္ဘာတစ်လွှား ထင်ရှားစေရမည်။ ဤသို့သော ဦးတည်ချက်၊ ယုံကြည်ချက်ဖြင့် တပ်မတော်အစိုးရသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဟူသည့် ရွှေပြည်သစ်၏ အုတ်မြစ်ကို စတင်ချခဲ့သည်။**

သီဟအောင်၏ဆောင်းပါး (စာ–၈၊ ၁၀နှင့် ၁၁)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်)

ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ အလေးအနက်ခံယူ ပြည်ထောင်စုကြီးအကျိုးစီးပွား ဆတက်ထမ်းပိုး တိုးမြှင့်ဆောင်ရွက်

ယနေ့သည် ပြည်ထောင်စုမြန်မာနိုင်ငံ၏ သမိုင်းတွင်မေ့ပျောက်မရနိုင်သည့် သမိုင်းဝင်ပြည်ထောင်စုနေ့ နေ့ထူးနေ့မြတ် ဖြစ်သည်။ ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးများအားလုံးအတွက် ထူးခြားမွန်မြတ်ပြီး အမျိုးသားရေး အနှစ်သာရပြည့်ဝသည့် နေ့တစ်နေ့ ဖြစ်သည်။

တိုင်းရင်းသားလူမျိုးများအားလုံးအတွက် အထက်မြက်ဆုံး အမျိုးသားရေးအားမာန်ဖြစ်သည့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ ပိုမိုနိုးကြားခိုင်မာလာစေမည့် နေ့ထူးနေ့မြတ်ဟု ဆိုရမည် ဖြစ်သည်။

ပြည်ထောင်စုနေ့သည် တိုင်းရင်းသားစည်းလုံးညီညွတ်မှုစွမ်းပကားနှင့် ခိုင်မာသည့်ပြည်ထောင်စု စိတ်ဓာတ် စွမ်းပကားတို့ကို သမိုင်းတွင်ရစ်အောင် ဖော်ထုတ်ပြသပြီး လွတ်လပ်သောအချုပ်အခြာ အာဏာပိုင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးအဖြစ် စတင်သန္ဓေတည်ပေးနိုင်ခဲ့သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ဖြစ်တည်လာမှု သမိုင်းကြောင်းကိုပြန်ကြည့်လျှင် နိုင်ငံတော်ကြီးသည် မိသားစုကိုအခြေခံထားသည့် လူ့အဖွဲ့အစည်းတစ်ခု၏ အနှစ်သာရနှင့်အညီ တိုင်းရင်းသား မျိုးနွယ်စုပေါင်းတစ်ရာကျော် ပေါင်းစည်းယှက်နွယ် ပွားစီးဖြစ်တည်လာခဲ့သည့် ပြည်ထောင်စုကြီး ဖြစ်သည်ကို တွေ့ရမည်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ် ပညာရေးဘွဲ့သင်တန်း အမှတ်စဉ် (၃၆)မှ သင်တန်းသား သင်တန်းသူများအား ဩဝါဒစကား မြွက်ကြားရာ၌–

"လူမျိုးစုပေါင်း တစ်ရာကျော်နဲ့ ပေါင်းစည်းဖြစ်တည်နေတဲ့ တို့ရဲ့ပြည်ထောင်စုကြီးမှာ တိုင်းရင်းသား မျိုးနွယ်စုများအားလုံး တစ်သွေးတည်း တစ်သံတည်း၊ တစ်စိတ်တည်း တစ်ဝမ်းတည်း နှလုံးစိတ်ဝမ်း ညီမျှစွာ စိတ်တူကိုယ်မျှ ရှိနေစေရေးမှာ တစ်ဦးနဲ့တစ်ဦး နားလည်စာနာမှု၊ သည်းခံခွင့်လွှတ်မှု၊ အပြန်အလှန် ရိုင်းပင်းကူညီ ဖေးမပေးမှု၊ အပြန်အလှန် မှီခိုအားထား ယုံကြည်မှု စတဲ့ စိတ်ဓာတ်ရေးရာအခြေခံကောင်းတွေ ဖြစ်ထွန်းနေပြီး ဒီအခြေခံကောင်းများက ပေါက်ဖွားလာတဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ် အစဉ်ထာဝရ ကိန်းအောင်း ထွန်းကားပြန့်ပွားနေဖို့ လိုအပ်တယ်"

ဟု လမ်းညွှန်မြွက်ကြားသွားခဲ့သည်။

ထို့ကြောင့် ပြည်ထောင်စုကြီး ဥမကွဲသိုက်မပျက် အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးနှင့် နိုင်ငံတကာ အလယ်တွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးအဖြစ် ဝင့်ဝင့်ကြွားကြွား ရပ်တည်နိုင်စေရေး တို့သည် ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးအားလုံး၏ စည်းလုံးညီညွတ်မှု၊ အမျိုးသားရေးအကျိုးစီးပွား အတွက် စိတ်တူကိုယ်တူ လက်တွဲကြိုးပမ်းဆောင်ရွက်မှု၊ အထူးသဖြင့် ပြည်ထောင်စုကြီးအတွင်း သေအတူ ရှင်မကွာ အမြဲထာဝရ ပေါင်းစည်းယှက်နွယ် နေထိုင်သွားမည်ဆိုသည့် မိသားစုစိတ်ဓာတ် နိုးကြားခိုင်မာမှုတို့ အပေါ်တွင် အဓိကတည်မှီလျက် ရှိသည်။

ယင်းကဲ့သို့ မိသားစုကိုအခြေခံပြီး ပေါင်းစည်းယှက်နွယ် ပွားစီးလာမှုသည် မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိတို့ပြည်ထောင်စုကြီး၏ ထူးခြားသည့် ပင်ကိုအမျိုးသားရေး စရိုက်လက္ခဏာဖြစ်သည့်အလျောက် တိုင်းရင်းသားလူမျိုးတိုင်းသည် တစ်ဦးကောင်း၊ တစ်ယောက်ကောင်းနေထိုင်၍မရဘဲ ခွဲခြား၍မရသည့် မိသားစုကြီးအဖြစ် တစ်ဦးနှင့်တစ်ဦး ချစ်ချစ်ခင်ခင် ညီညီညွတ်ညွတ် အစဉ်အမြဲ လက်တွဲရပ်တည် နေကြရမည်မှာ သမိုင်းကဖန်တီးပေးလာသော အမျိုးသားရေးကံကြမ္မာပင် ဖြစ်သည်။

သို့ဖြစ်ရာ ပြည်ထောင်စုတိုင်းရင်းသားအားလုံးတို့သည် ပြည်ထောင်စုကြီး စည်းလုံးညီညွတ်စွာဖြင့် ခိုင်ခိုင် မြဲမြဲ ဖြစ်ထွန်းလာခဲ့သည့် သမိုင်းကြောင်း အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းမြှင့်တင်ရင်း ၂၀၀၅ ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များဖြစ်သည့် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊ တိုင်းရင်းသား ပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန် ထွန်းကားရေး၊ ပြည်ထောင်စုကြီးထာဝရ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ပြည်ပ အဖျက်သမားများ၏အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး၊ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စု တိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေးတို့ကို အမျိုးသားရေးတာဝန်အဖြစ် အလေးအနက်ခံယူကြပြီး ပြည်ထောင်စုကြီး၏အကျိုးစီးပွားကို ဆတက်ထမ်းပိုး တိုးမြှင့်ကြိုးပမ်း ဆောင်ရွက်သွားကြရန် တိုက်တွန်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- * ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- * ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံတကာ သတင်းများ

ဒေါ်လာငါးဘီလီယံဖိုးရှိ ဓာတ်သတ္တုများတင်ပို့ရန် ဖိလစ်ပိုင်နိုင်ငံက မျှော်မှန်းထား

မနီလာ ဖေဖော်ဝါရီ ၁၀

ဖိလစ်ပိုင်အမျိုးသားစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအာဏာပိုင်အဖွဲ့သည် ဖိလစ်ပိုင်နိုင်ငံ၏ သတ္တုလုပ်ငန်းတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ယခုနှစ်တွင် တိုးလာ၍ အမေရိကန်ဒေါ်လာ ငါးဘီလီယံဖိုးရှိ ဓာတ်သတ္တုများ တင်ပို့ရောင်းချနိုင်ရန် မျှော်မှန်းထားကြောင်း လူမှုစီးပွားရေးစီမံကိန်း အတွင်းရေးမှူး ရိုမူလိုနီရီက အင်္ဂါနေ့က ပြောကြားသည်။

ယင်းတင်ပို့ရောင်းချရန်မှာ အလားအလာအများဆုံးရှိကြောင်း၊ အမှန်တကယ် ရင်းနှီးမြှုပ်နှံမှုများသည် အလားအလာများအဖြစ် ပြောင်းလဲစေမည်ဖြစ်ကြောင်း၊ ယင်းအလားအလာမှာ တွင်းသစ်များဖွင့်လှစ်၍ ဓာတ်သတ္တုများ ထွက်ရှိအောင် ဆောင်ရွက်ခြင်းဖြင့်တင်ပို့နိုင်လိမ့်မည်ဖြစ်ကြောင်း ၎င်းကဒေသဆိုင်ရာရေဒီယိုကို ပြောကြားသည်။

မျှော်လင့်

မိမိတို့သည် အဆိုပါတင်ပို့ရောင်းချရေးကာလတွင် အမေရိကန်ဒေါ်လာ ငါးဘီလီယံဖိုးရှိ ဓာတ်သတ္တုများ တင်ပို့ရန် မျှော်လင့်ထားကြောင်း၊ ယခုလောလောဆယ်တွင် အမေရိကန်ဒေါ်လာ ၃၀၀၀၀၀ဖိုးရှိ ဓာတ်သတ္တုများတင်ပို့နိုင်ကြောင်း နီရီက ပြောကြားသည်။

မင်ဒါနာအိုရှိ ကွန်ဗိုစတယ်လာတောင်ကြား၊ မွန်ကာယိုမြို့ရှိ ကြေးနီနှင့် ရွှေတွင်းများ တိုးတက်ကောင်းမွန်လာစေရန် လိုအပ်ချက်အားလုံးသည် ပီဆိုသန်း ၅၀၀ (အမေရိကန်ဒေါ်လာ ၉ဒသမ ၁သန်း) ကုန်ကျမည်ဖြစ်ကြောင်း၊ ယင်းသည် လုံခြုံဘေးကင်းပြီး ပတ်ဝန်းကျင်နှင့် အကျွမ်းတဝင်ဖြစ်စေမည် ဖြစ်ကြောင်း ၎င်းကမှတ်ချက်ပြု ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

နှစ်နိုင်ငံဆက်ဆံရေးကိစ္စရပ်များ ပါကစ္စတန်နှင့်သီရိလင်္ကာ ဆွေးနွေး

အစ္စလမ္မာဘတ် ဖေဖော်ဝါရီ ၁၀

ပါကစ္စတန်သမ္မတ ပါဗက်ဇ်မူရှာရက်ဖ်နှင့် သီရိလင်္ကာသမ္မတချန်ဒရီကာကုမာရာတွန်ဂါတို့နှစ်ဦးသည် အစ္စလမ္မာဘတ်မြို့တွင် အင်္ဂါနေ့ကတွေ့ဆုံကြပြီး နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ရေးနည်းလမ်းများနှင့် ဒေသဆိုင်ရာပြဿနာများနှင့် စပ်လျဉ်း၍ သဘောထားအမြင်ချင်း ဖလှယ်ရေးတို့ကို ဆွေးနွေးခဲ့ကြကြောင်း ပါကစ္စတန်အေပီသတင်းဌာနက သတင်းဖော်ပြလိုက်သည်။

ထိုသို့ဆွေးနွေးစဉ် သမ္မတမူရှာရက်ဖ်က ပါကစ္စတန်နှင့် သီရိလင်္ကာနိုင်ငံတို့သည် နိုင်ငံရေးနှင့် စီးပွားရေးနယ်ပယ်များတွင် အကောင်းဆုံးပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုနယ်ပယ်အမျိုးမျိုးတွင် တိုးတက်မည့်လမ်းကြောင်းတစ်ရပ်ရှိကြောင်း ပြောကြားခဲ့သည်။

တန်ဖိုးထား

သီရိလင်္ကာ သမ္မတကုမာရာတွန်ဂါသည် ပါကစ္စတန်နိုင်ငံ၌ သုံးရက်ကြာ လည်ပတ်ရန်အတွက် အစ္စလမ္မာဘတ်မြို့သို့ တနင်္လာနေ့က ရောက်ရှိလာခဲ့သည်။

၎င်းကသီရိလင်္ကာနိုင်ငံသည် ပါကစ္စတန်နိုင်ငံနှင့် ချစ်ကြည်ရင်းနှီးမှုကို လွန်စွာ တန်ဖိုးထားကြောင်း ပြောကြားသည်။

ထို့ပြင် နှစ်နိုင်ငံခေါင်းဆောင် နှစ်ဦးသည် ၁၉၈၅ ခုနှစ်၌ ထူထောင်ခဲ့သည့် ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအတွက် တောင်အာရှပူးပေါင်းမှုအဖွဲ့ ဖွဲ့စည်းရေးကိုလည်း သဘောထားအမြင်ချင်း ဖလှယ်ခဲ့ကြသည့်အပြင် အဖွဲ့ဝင်နိုင်ငံများပိုမိုပူးပေါင်းဆောင်ရွက်ရေးအတွက် လုပ်ဆောင်ကြရန်လည်း သဘောတူညီခဲ့ကြသည်။

အမ်အင်အေ၊ဆင်ဟွာ

နီပေါနိုင်ငံ ခတ္တမန္ဒူနှင့် တရုတ်နိုင်ငံ လာဆာအကြား မေ ၁ ရက်မှစ၍ ဘတ်စ်ကားတိုက်ရိုက်ပြေးဆွဲမည်

ခတ္တမန္ဒူ ဖေဖော်ဝါရီ ၁၀

နီပေါနိုင်ငံ ခတ္တမန္ဒူနှင့် တရုတ်နိုင်ငံ လာဆာမြို့အကြား မေ ၁ရက်မှစ၍ ဘတ်စ်ကားပြေးဆွဲရန် နှစ်နိုင်ငံ အစိုးရများအကြား သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးပြီးဖြစ်ကြောင်း နီပေါတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မိမိတို့သည် ခတ္တမန္ဒူနှင့်လာဆာမြို့အကြား မေ ၁ရက်မှစ၍ ဘတ်စ်ကားဖြင့် အပတ်စဉ်တိုက်ရိုက်ပြေးဆွဲတော့မည်ဖြစ်ကြောင်း နီပေါအစိုးရပိုင် ပို့ဆောင်ရေးကုမ္ပဏီတစ်ခုမှ အမှုဆောင်အကြီးအကဲ မူကွန်ဒါရာဆက်ရက်၏ပြောကြားချက်ကိုရေဒီယို နီပေါက သောကြာနေ့တွင် ထုတ်လွှင့်သည်။

သွားရောက်

မကြာသေးသည့် နှစ်များက နယ်စပ်ကိုဖြတ်၍ နီပေါနှင့် တရုတ် ခရီးသွား ဧည့်သည်များ အပြန်အလှန် သွားရောက်ခဲ့ရာ နှစ်နိုင်ငံအစိုးရက ယင်းကိစ္စကို အကောင်အထည်ဖော်ရန် ဆောင်ရွက်ခဲ့ကြကြောင်း ဆက်ရက်က ပြောကြားသည်။

ကျဆင်း

ဘတ်စ်ကားဝန်ဆောင်မှုသည် နီပေါလူမျိုးများ လာဆာသို့ သွားရောက် နိုင်တော့မည်ဖြစ်ကြောင်း၊ ပို့ဆောင်ရေးနှုန်းခများလည်း ကျဆင်းသွားကြောင်း ၎င်းကပြောကြားသည်။

ကုန်ကျ

ခတ္တမန္ဒူမှ လာဆာသို့ လေကြောင်းမှ သွားလျှင် အမေရိကန်ဒေါ်လာ ၄၀၀ ကုန်ကျကြောင်း၊ ယခုကုန်းလမ်းမှ သွားလျှင် ဒေါ်လာ ၇၁ဒသမ ၈ ဒေါ်လာသာ ကုန်ကျကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်ပိုမိုခိုင်မာရေးကြိုးပမ်းစွမ်းဆောင် ကိုလိုနီနယ်ချဲ့လက်သစ်တို့၏ သွေးခွဲသပ်လျှိုမှု၊ သွေးဆောင်ဖြားယောင်းမှု တိုင်းရင်းသားအားလုံးလက်တွဲတိုက်ဖျက်

*** ရှေ့ဖုံးမှ**

တင့်တယ်ထည်ဝါစွာ

မြန်မာ့သမိုင်းစဉ်တစ်လျှောက် ပြည်ထောင်စုဖွား တိုင်းရင်းသား လူမျိုးစုများအားလုံး တစ်စိတ်တည်းတစ်ဝမ်းတည်း စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ရှိခဲ့ကြပြီး ပြည်ပရန်စွယ်အသွယ်သွယ်တို့ကို လက်တွဲတွန်းလှန် တိုက်ဖျက်နိုင်ခဲ့သဖြင့်လည်း "ပြည်ထောင်စု မြန်မာနိုင်ငံတော်"တည်းဟူသော အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံအဖြစ် တင့်တယ်ထည်ဝါစွာ ရပ်တည်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ ရှည်လျားခိုင်မာသော သမိုင်းကြောင်းဖြစ်စဉ်များကို ပြန်ကြည့်လျှင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်နှင့် တိုင်းတစ်ပါးသားတို့၏ ကျူးကျော်ရန်စမှုကို ဆတ်ဆတ်ထိမခံ လက်တွဲတွန်းလှန်တိုက်ဖျက်တတ်သည့် ကိုလိုနီနယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်တို့သည် ကျွန်ုပ်တို့၏ပြည်ထောင်စုကြီးကို နိုင်ငံတကာ့ အလယ်တွင် တင့်တယ်ထည်ဝါစွာ မားမားမတ်မတ်ရပ်တည်နိုင်စေရအောင် အစဉ်ထာဝရ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပေးခဲ့သည့် အမျိုးသားရေးအားမာန်များ ဖြစ်သည်မှာ ထင်ရှားလှပါသည်။

အမျိုးသားရေးသတိ

သို့ဖြစ်၍လည်း ကျွန်ုပ်တို့၏ ပြည်ထောင်စုကြီးကို ကျူးကျော်သိမ်းပိုက်လိုသော၊ ဩဇာလွှမ်းမိုးခြယ်လှယ်လိုသော ကိုလိုနီနယ်ချဲ့လက်ဟောင်း လက်သစ်တို့သည် ပြည်ထောင်စုကြီး၏ အခြေခံအုတ်မြစ်ဖြစ်သည့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အစီအစဉ်တကျ သပ်လျှိုဖြိုခွဲပြီး အမျိုးသားရေးအားမာန်ကို လျော့ပါးချည့်နဲ့အောင် လုပ်ဆောင်ခဲ့၊ လုပ်ဆောင်ဆဲဖြစ်သည်ကို အမျိုးသားရေးသတိဖြင့် သိမြင်ထားကြဖို့ လိုအပ်ပါသည်။

နှစ်ပေါင်းထောင်ချီလျက် ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းနှင့် မျိုးရိုးဂုဏ်ရှိန် ထည်ဝါမြင့်မားစွာ ရပ်တည်ခဲ့သည့် မြန်မာနိုင်ငံတော်ကြီးသည် ပရိယာယ်ဝေဝုစ်များလှသော ကိုလိုနီနယ်ချဲ့တို့၏ သပ်လျှိုဖြိုခွဲမှုကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားခဲ့ရပြီး သူ့ကျွန်ဘဝသို့ နှစ်ပေါင်းတစ်ရာကျော် ကျရောက်ခဲ့ရသည်မှာ မေ့ပျောက်မရနိုင်သည့် သမိုင်းသင်ခန်းစာပင် ဖြစ်ပါသည်။

ရင်ဆိုင်ဖြေရှင်း

သူ့ကျွန်ဘဝတွင်လည်း ကိုလိုနီနယ်ချဲ့တို့က ပြည်ထောင်စုကြီးကို အစိတ်စိတ် အမြွာမြွာ စိတ်ပိုင်းကာ ပြည်ထောင်စုဖွား တိုင်းရင်းသားအချင်းချင်း ပေါင်းစည်းယှက်နွယ် သံယောဇဉ်တွယ်လျက်ရှိသည့် အနေအထားကို ပျက်ပြားအောင် သွေးခွဲအုပ်ချုပ်ပြီး နယ်မြေဒေသတစ်ခုနှင့်တစ်ခု ဖွံ့ဖြိုးတိုးတက်မှု ကွာဟလာစေရန်၊ ပြည်ထောင်စုဖွား တိုင်းရင်းသားအချင်းချင်း သံသယပွား စိတ်ဝမ်းကွဲပြားလာစေရန် ရည်ရွယ်ချက်ရှိရှိ စီမံဆောင်ရွက်ခဲ့ကြသဖြင့် လွတ်လပ်ရေးရပြီးနောက် နှစ်ပေါင်း ၄၀ ကျော်ကြာ လက်နက်ကိုင် ပဋိပက္ခများ ဖြစ်ပွားရခြင်း၊ ပြည်ထောင်စုကြီးပြိုကွဲလုအခြေအနေသို့ သုံးကြိမ်တိုင်တိုင် ရောက်ရှိခဲ့ရခြင်း အပါအဝင် ကိုလိုနီနယ်ချဲ့တို့ ဖန်တီးခဲ့သည့် သမိုင်းကြောင်း ဆိုးမွေများကို ယနေ့ထက်တိုင် ရင်ဆိုင်ဖြေရှင်းနေရဆဲ ဖြစ်ပါသည်။

သို့ဖြစ်၍ ကိုလိုနီနယ်ချဲ့တို့၏ သွေးခွဲသပ်လျှိုမှုကို ကြံ့ကြံ့ခိုင် ရင်ဆိုင်ရင်း တိုင်းရင်းသားစည်းလုံးညီညွတ်မှုစွမ်းပကားကို တစ်မျိုးသားလုံး ညီညာဖြိုဖြို ဖော်ထုတ်ပြသခဲ့ကြသည့် ပင်လုံညီလာခံကြီးနှင့် ပင်လုံစာချုပ်တို့ ပေါ်ထွန်းလာခဲ့သော ဖေဖော်ဝါရီလ ၁၂ ရက်နေ့ကို လွတ်လပ်သော အချုပ်အခြာအာဏာပိုင် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး သန္ဓေတည် မွေးဖွားရာ ပြည်ထောင်စုနေ့အဖြစ် အထွတ်အမြတ်ထား သတ်မှတ်ခဲ့ခြင်းဖြစ်ပါသည်။ ထို့ကြောင့် ပြည်ထောင်စုနေ့သည် လွန်စွာလေးနက်သော အမျိုးသားရေးအဓိပ္ပာယ်ဖြင့် ပြည့်လျှမ်းလျက်ရှိသည့် နေ့ထူးနေ့မြတ်ကြီးဖြစ်သည်ကို တိုင်းရင်းသား ညီအစ်ကို မောင်နှမများ အားလုံးက အစဉ်အမြဲ အောက်မေ့သတိရနေကြရမည် ဖြစ်ပါသည်။

ချစ်ကြည်လေးစားအပ်သော တိုင်းရင်းသား ညီအစ်ကိုမောင်နှမများခင်ဗျား–

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် သမိုင်းကြောင်းသင်ခန်းစာများကိုရယူလျက် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ချမှတ်လျက် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးအဖြစ် ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲစေရအောင် အားထုတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

အောင်မြင်ဖြစ်ထွန်း

သို့ဖြစ်သည်နှင့်အညီ ယနေ့အချိန်အခါတွင် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး တိုင်းရင်းသား စည်းလုံးညီညွတ်မှု အခိုင်အမာဖြစ်ထွန်းလျက် ရှိသည်သာမက နယ်စပ်ဒေသများပါမကျန် တစ်နိုင်ငံလုံး တည်ငြိမ်အေးချမ်းသာယာဝပြောလျက် နိုင်ငံရေး၊ စီးပွားရေး၊လူမှုရေး ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ အရှိန်အဟုန်ဖြင့် အောင်မြင်ဖြစ်ထွန်းနေသည်ကို မျက်ဝါးထင်ထင် တွေ့မြင်နေရပြီ ဖြစ်ပါသည်။

ထိုမျှမက တစ်မျိုးသားလုံး၏ လိုလားတောင့်တချက်နှင့်အညီ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို တိကျခိုင်မာစွာချမှတ်ကာ အဓိကအကျဆုံးနှင့် ပထမဆုံးသော လုပ်ငန်းစဉ်ဖြစ်သည့် အမျိုးသားညီလာခံကြီးကို အောင်အောင်မြင်မြင် ကျင်းပလျက်ရှိနေပြီလည်း ဖြစ်ပါသည်။

ကြိုးပမ်းဆောင်ရွက်

တစ်ချိန်တည်းတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ကမ္ဘာနှင့်ရင်ပေါင်တန်း ခေတ်မီဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နိုင်ငံတော်က ရေးဆွဲချမှတ် အကောင်အထည်ဖော်လျက်ရှိသော စီးပွားရေးစီမံကိန်းများ အောင်မြင်စေရန် နိုင်ငံတော်အစိုးရနှင့်ပြည်သူ ကြည်ဖြူစွာ လက်တွဲကြလျက် မဆုတ်မနစ်သော လုံ့လဖြင့် အရှိန်အဟုန်ပြင်းစွာ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

ယင်းသို့သော အခြေအနေ အချိန်အခါကောင်းတွင် ပြည်ထောင်စုကြီး၏ အခြေခံအုတ်မြစ်လည်းဖြစ်ပြီး အမျိုးသားရေးအားမာန်လည်းဖြစ်သည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ ပိုမိုတိုးတက် ခိုင်မာရင့်သန် ထွန်းကား ပြန့်ပွားစေရအောင် ကြိုးပမ်းစွမ်းဆောင်ကြရမည် ဖြစ်ပါသည်။ ပြည်ထောင်စုကြီး အင်အားချည့်နဲ့ပြိုကွဲရေးအတွက် ဆိုးညစ်သည့် ရည်ရွယ်ချက်ဖြင့် အစီအစဉ်ရှိရှိ လုပ်ဆောင်နေကြသည့် ကိုလိုနီနယ်ချဲ့လက်သစ်တို့၏ သွေးခွဲသပ်လျှိုမှု၊ သွေးထိုးမြှောက်ပင့်မှု၊ သွေးဆောင်ဖြားယောင်းမှုတို့ကို တိုင်းရင်းသားလူမျိုးများအားလုံးက စည်းလုံးညီညွတ်စွာ လက်တွဲတွန်းလှန် တိုက်ဖျက်လျက် အမိပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာ့အလယ်တွင် တင့်တယ်ထည်ဝါစွာ ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲစေရအောင် ပြည်ထောင်စုနေ့ နေ့ထူးနေ့မြတ်ကြီး၏ အစဉ်အလာကောင်း၊ စိတ်ဓာတ်ကောင်းများနှင့်အညီ ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါသည်။

သို့ဖြစ်၍ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် အခြေခံတို့ကို မွေးမြူလျက် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ရင့်သန်ခိုင်မာစေရအောင် အားထုတ်ကြိုးပမ်းရင်း အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာစေရေးအတွက် ၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက်များဖြစ်သော–

- **ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စု တိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊**
- **တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး၊**
- **ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး၊**
- **နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်းပြည်ပအဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး၊**
- **နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး**

တို့အောင်မြင်အကောင်အထည်ပေါ်အောင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး တက်ညီလက်ညီ ညီညာဖြိုဖြို ကြိုးပမ်းဆောင်ရွက်သွားကြရန် အလေးအနက်တိုက်တွန်းအပ်ပါသည်။ ။

✡ ကျောဖုံးမှ

ရှေးဦးစွာ ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား အခမ်းအနားသို့ တက်ရောက်လာကြသော ပြည်သူလူထုကြီးက ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ အလေးပြုကြရာ တပ်မတော်(ရေ)စစ်တီးဝိုင်းက နိုင်ငံတော်သီချင်းကို တီးမှုတ်သည်။

ထို့နောက် ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်ပြည့်က နံနက် ၇နာရီတွင် သီဟဒီပအားကစားကွင်း စင်မြင့်ရှိ ငွေဖလား၌ စိုက်ထူထားသော ပြည်ထောင်စုအလံတော်ကို နုတ်ယူပြီး တပ်မတော်(ကြည်း၊ရေ၊လေ)၊ ရဲအရာရှိလေးဦးနှင့် ပြည်ထောင်စုတိုင်းရင်းသားတိုင်းရင်းသူများခြံရံလျက် သတ်မှတ်လမ်းကြောင်းအတိုင်း သယ်ဆောင်လာပြီး ရန်ကုန်အနောက်ပိုင်း ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်ထံ လွှဲပြောင်းပေးအပ်သည်။

ဂုဏ်ပြုကြိုဆို

ဆက်လက်၍ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်က ပြည်ထောင်စုအလံတော်ကို ဆက်လက်သယ်ဆောင်လာပြီး နံနက် ၇နာရီ ၅မိနစ်တွင် ပြည်ထောင်စုလှေပေါ်ရှိ ငွေဖလား၌ စိုက်ထူ၍ ကျိုက်ခေါက်ဘုရားလမ်းအတိုင်း သယ်ဆောင်လာရာ သန်လျင်မြို့ပေါ်ရှိ ရပ်ကွက်များမှ ပြည်သူများက ပြည်ထောင်စုအလံတော်အား ဂုဏ်ပြုကြိုဆို အလေးပြုကြသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုအလံတော်အား ပြည်ထောင်စုလှေဖြင့် ရန်ကုန်-သန်လျင်တံတားကို ဖြတ်သန်း၍ ဈေးဝဏ်လမ်း၊ ဝေဇယန္တာလမ်း၊ လေးထောင့်ကန်လမ်း၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ ရွှေဂုံတိုင်လမ်း၊ ကမ္ဘာအေးစေတီလမ်း၊ ဓမ္မစေတီလမ်း၊ ဦးဝိစာရလမ်း၊ ဟံသာဝတီအဝိုင်းမှတစ်ဆင့် ပြည်လမ်း၊နာနတ်တောလမ်းအတိုင်း (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကိုဂုဏ်ပြုကြိုဆို၍ ယမန်နေ့တွင် ဖွင့်လှစ်ခဲ့သော နာနတ်တောရထားလမ်းခုံးကျော်တံတားတို့ကို ဖြတ်သန်း၍ ကမာရွတ်မြို့နယ်ရှိ ရန်ကုန်အနောက်ပိုင်းခရိုင် ကြိုဆိုရေးမုခ်ဦးသို့ ခမ်းနားထည်ဝါစွာဖြင့် သယ်ဆောင်လာရာ ပြည်ထောင်စုအလံတော်ဖြတ်သန်းသယ်ဆောင်လာရာ လမ်းဘေးဝဲယာနှင့် နေအိမ် တိုက်တာ အဆောက်အအုံများ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံများကို လွှင့်ထူထားကြကာ "ပြည်ထောင်စု အလံတော်အား လှိုက်လှဲစွာ ကြိုဆိုပါ၏" စာတန်းပါ လမ်းဖြတ်ပိုစတာများ ချိတ်ဆွဲ၍ လည်းကောင်း၊ အခြေခံပညာကျောင်းများမှ ကျောင်းသားကျောင်းသူများ၏ ဘင်ခရာ အတီးအမှုတ်များနှင့် ပန်းဖွားအကများဖြင့် လည်းကောင်း၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကများဖြင့် လည်းကောင်း ဂုဏ်ပြုကြိုဆိုကြသည်။

လွှဲပြောင်းပေးအပ်

ပြည်ထောင်စု အလံတော်ကို သယ်ဆောင်လာသည့် ပြည်ထောင်စုလှေသည် နံနက် ၈နာရီတွင် ကမာရွတ်မြို့နယ် နာနတ်တောလမ်းရှိ ကြိုဆိုရေးမုခ်ဦးသို့ ရောက်ရှိလာရာ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်က ပြည်ထောင်စုလှေပေါ်ရှိ ငွေဖလား၌ စိုက်ထူထားသော ပြည်ထောင်စုအလံတော်ကို အလေးပြု၍ တပ်မတော်(ကြည်း၊ ရေ၊ လေ)၊ ရဲအရာရှိလေးဦးနှင့် တိုင်းရင်းသား တိုင်းရင်းသူများခြံရံ၍ ပြည်ထောင်စုအလံတော်ကို သယ်ဆောင်လာပြီး ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့အား လွှဲပြောင်းပေးအပ်သည်။

လက်ဆင့်ကမ်းသယ်ဆောင်

ယင်းနောက် ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့မှ တစ်ဆင့် ကမာရွတ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်သိန်းခေါင်းဆောင်သော အလံတော် သယ်ယူရေးအဖွဲ့၊ ကျောက်တံတားမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးရွှေမောင်း ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ စမ်းချောင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိုးလင်း ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ ဆိပ်ကမ်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်မောင်ကြည် ခေါင်းဆောင်သော အလံတော် သယ်ယူရေးအဖွဲ့၊ ဒဂုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမင်းစိုး ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ ပန်းဘဲတန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်အုန်း ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ ဗဟန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးထွန်းလှအောင် ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ မရမ်းကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးလှမိုး ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ လသာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသိန်းထွန်းခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ လှိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးငွေစန်း ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ လမ်းမတော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမျိုးနိုင်ဝင်း ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ အလုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်သိန်း ခေါင်းဆောင်သော အလံတော် သယ်ယူရေးအဖွဲ့၊ ကြည့်မြင်တိုင်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့မှ အရာခံဗိုလ်မြင့်သိန်းဆွေ(ငြိမ်း) ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ ရန်ကုန်အနောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဒေါ်တင်နွယ်ဦး ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ ရန်ကုန်အနောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝင့်ဝင့်နိုင် ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ ကြည့်မြင်တိုင်မြို့နယ် မီးသတ်တပ်ဖွဲ့မှူး ဦးကျော်ဇင်ထွန်း ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ ကြည့်မြင်တိုင်မြို့နယ် ကြက်ခြေနီတပ်ဖွဲ့ ဒုတိယတပ်ခွဲမှူး ဦးတင်မောင်ဦး ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ ရန်ကုန်အနောက်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်ဝင်း ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့တို့က နာနတ်တောလမ်း၊ ကြည့်မြင်တိုင်ကမ်းနားလမ်းနှင့် ပန်းပင်ကြီးလမ်းအတိုင်း စလင်းအားကစားကွင်းသို့ အဆင့်ဆင့်လက်ဆင့်ကမ်း သယ်ဆောင်ကြသည်။

ထိုသို့ သယ်ဆောင်ကြပြီးနောက် စလင်းကွင်းအတွင်း သတ်မှတ်နေရာအရောက်၌ ရန်ကုန်အနောက်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးတင်ဝင်းက ပြည်ထောင်စု အလံတော်ကို ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်ထံ လွှဲပြောင်းပေးအပ်သည်။

ငွေဖလား၌စိုက်ထူ

ယင်းနောက် ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်က ပြည်ထောင်စုအလံတော်ကိုတပ်မတော်(ကြည်း၊ရေ၊လေ)၊ ရဲအရာရှိလေးဦးနှင့် တိုင်းရင်းသားတိုင်းရင်းသူများ ခြံရံလျက် စလင်းအားကစားကွင်းစင်မြင့်သို့ သယ်ဆောင်သွားရာ နံနက် ၈နာရီ ၄၅ မိနစ်တွင် စလင်းအားကစားကွင်း စင်မြင့်ရှိ ငွေဖလား၌စိုက်ထူလိုက်သည်။ **(သတင်းစဉ်)**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် သီဟဒီပအားကစားကွင်း၌ တစ်ညတာရပ်နားခဲ့သော ပြည်ထောင်စုအလံတော်ကို ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်ပြည့်က ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်ထံ လွှဲပြောင်းပေးအပ်စဉ်။ (သတင်းစဉ်)

ပြည်မြို့ မဟာရွှေမြင့်မိုရ်စူဠာမဏိစေတီတော်မြတ် ဗုဒ္ဓပူဇနိယပွဲတော်နှင့်ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၁

ပဲခူးတိုင်းအနောက်ပိုင်း ပြည်မြို့ ရတနာမာရ်အောင်တောရ ကမ္မဋ္ဌာန်းအလင်းပြတိုက်ကြီး၏ ဦးစီးပဓာန မဟာနာယက ကျေးဇူးတော်ရှင် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဝိဇ္ဇာဗလ ကမ္ဘာ့ရွှေရင်အေးဆရာတော်ကြီး ဦးစီး၍ မဟာရွှေမြင့်မိုရ်စူဠာမဏိ ဓာတ်ပေါင်းစုစေတီတော်မြတ်ကြီး၏ ပဌမအကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ၁၃၆၆ ခုနှစ် တပို့တွဲလပြည့်ကျော် ၂ရက်မှ ၆ရက်(ဖေဖော်ဝါရီ ၂၅ ရက်မှ မတ် ၁ရက်)အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပြီး အဆိုပါရက်များအတွင်း ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်း၊ ဓမ္မာစကြာဝတ်အသင်းအဖွဲ့များက နေ့စဉ်အလှည့်ကျရွတ်ဖတ်ပူဇော်ခြင်းများ ဆောင်ရွက်ကြမည်ဖြစ်သည်။

ဆက်လက်၍ တပို့တွဲလပြည့်ကျော် ၆ရက် (မတ် ၁ရက်)နံနက်တွင် ပင့်သံဃာ ၁၀၈ပါးတို့အား ထမနဲအရဏ်ဆွမ်းဆက်ကပ်ပြီး စေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်ကာ နံနက် ၈နာရီမှ စတင်၍ ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲကို စေတီတော်ရင်ပြင်ပေါ်၌ စည်ကား သိုက်မြိုက်စွာ ကျင်းပမည်ဖြစ်၍ အလှူရှင်များစုပေါင်း၍ ကောင်းမှုကုသိုလ်အလှူဒါနပြုလုပ်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရွှေကျင်နိကာယဝိနည်းစာတော်ပြန်ပွဲကြီးကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၁

ရန်ကုန်တိုင်း ရွှေကျင်ဂိုဏ်းလုံးဆိုင်ရာ (၈၅)ကြိမ်မြောက် ရွှေကျင်နိကာယဝိနည်းစာတော်ပြန်ပွဲကြီးကို ရွှေကျင်သာသနာပိုင်ဆရာတော်ကြီးနှင့် တွဲဖက်သာသနာပိုင် သီရိမန္တစံကျောင်း ဆရာတော်ကြီးတို့အား ဦးထိပ်ထား၍ ဖေဖော်ဝါရီ ၂၁ရက်မှ ၂၃ရက်ထိ ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ကြားတောရလမ်း ကျောင်းတော်ရာ ရွှေကျင်တိုက်ကြီးအတွင်းရှိ သာသနာ့လင်္ကာရ မဟာဓမ္မဗိမာန်တော်ကြီး၌ ကျင်းပသွားမည်ဖြစ်သည်။ စာပြန်သံဃာတော်အပါး ၅၀၀ကျော်အနက်မှ ၁၀၈ပါးတို့သည် ဖေဖော်ဝါရီ ၂၁ရက်နှင့် ၂၂ရက်တို့တွင် ဗဟန်းမြို့နယ်နှင့်ပန်းဘဲတန်းမြို့နယ်၊ ဖေဖော်ဝါရီ ၂၃ရက်တွင် လသာမြို့နယ်များသို့ နံနက် ၇နာရီခွဲတွင် ဆွမ်းခံကြွမည်ဖြစ်ကြောင်းနှင့် ဖေဖော်ဝါရီ၂၃ရက် မွန်းလွဲပိုင်းတွင် စာအောင်ဆုနင်းသဘင်ကို ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

နှစ်ကျိပ်ရှစ်ဆူဗုဒ္ဓပူဇနိယပွဲတော် တရားပွဲများကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၁

မင်္ဂလာတောင်ညွန့်မြို့နယ် မင်္ဂလာတောင်ညွန့်ကြီး ရပ်ကွက်၏ အကြိမ် (၉၀)မြောက် နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓပူဇနိယပွဲတော် တရားပွဲများကို ဖေဖော်ဝါရီ ၁၆ ရက်မှ ၂၀ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ဖေဖော်ဝါရီ၁၆ရက်ညတွင် အရှင်သိရိန္ဒာဘိဝံသ(ယောဆရာတော်)၊ ၁၇ ရက်ညတွင် မိုးကုတ်ဝိပဿနာ ကမ္မဋ္ဌာနာစရိယ သာသနာပြုနယ်လှည့် ဓမ္မကထိက အရှင်စန္ဒသာရ၊ ၁၈ရက်ညတွင် ပိဋကတ်နှစ်ပုံခွဲဆောင် ဘဒ္ဒန္တပညာသီရိလင်္ကာရ၊ ၁၉ ရက်ညတွင် မင်းကွန်းမိုးကုတ်ကုန်းမြေ တိပိဋကရေ တိပိဋကကောဝိဒ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တဝံသပါလာလင်္ကာရ၊ ၂၀ရက်ညတွင် တောင်ပေါ်ကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တကုဏ္ဍလတို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားတော်မူမည်ဟု သိရသည်။ **(က-ပ)**

နှစ်(၆၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် ကျွမ်းကျင်ပညာရှင်အဆင့် ဆောင်းပါးပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၁

၂၀၀၅ ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ၊ ကျွမ်းကျင်ပညာရှင်အဆင့်၊ အခြေခံပညာကျောင်းများ စာပေအနုပညာပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီသည် နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေး ဦးတည်ချက်များနှင့်အညီ ကျွမ်းကျင်ပညာရှင်အဆင့် ဆောင်းပါးပြိုင်ပွဲကို ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲသို့ ဝန်ကြီးဌာန အသီးသီးအောက်ရှိ တက္ကသိုလ်၊ ဒီဂရီ ကောလိပ်၊ ကောလိပ်၊ သိပ္ပံများနှင့် ပညာရေးဝန်ကြီးဌာနအောက်ရှိ အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများ ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။ ပြိုင်ပွဲဝင်ရန် သတ်မှတ်ထားသော ဆောင်းပါးခေါင်းစဉ်မှာ **"ရာစုသစ်နှင့် တပ်မတော်"** ဖြစ်သည်။ ဆောင်းပါးရေးသားရာတွင် ပေးထားသောခေါင်းစဉ်နှင့်ကိုက်ညီခြင်း၊ အကြောင်းအရာအချက်အလက်ပြည့်စုံခြင်း၊ အရေးအသားရှင်းလင်း ပြေပြစ်ခြင်း၊ သတ်ပုံသတ်ညွှန်း မှန်ကန်ခြင်း၊ အစီအစဉ်ကျခြင်း အင်္ဂါရပ်များနှင့် ညီညွတ်အောင်ရေးရမည့်အပြင် စာလုံးရေ ၃၀၀၀ မှ ၅၀၀၀ အတွင်း ရေးသားရမည်ဖြစ်သည်။

ပူးတွဲပေးပို့

ပြိုင်ပွဲဝင်သူများသည် မိမိတို့ ကိုယ်တိုင်ရေးသားသောစာမူဖြစ်ကြောင်း၊ အခြားပြိုင်ပွဲများ၌ ဆုရရှိထားသည့်စာမူ၊ ပုံနှိပ်ဖော်ပြဖူးသည့် စာမူမဟုတ်ကြောင်း ကိုယ်တိုင်ဝန်ခံချက်၊ ပြိုင်ပွဲဝင်သူ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိအကျဉ်းချုပ်နှင့် ရောင်စုံဓာတ်ပုံ နှစ်လက်မခွဲ X နှစ်လက်မအရွယ် နှစ်ပုံတို့ကို ပူးတွဲပေးပို့ရမည်ဖြစ်သည်။ ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများအား ဆုများ ထိုက်ထိုက်တန်တန်ချီးမြှင့်မည် ဖြစ်သည်။

ယှဉ်ပြိုင်လိုသည့် ဝန်ကြီးဌာနအသီးသီးအောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံနှင့် ပညာရေးဝန်ကြီးဌာနအောက်ရှိ အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများသည် ယှဉ်ပြိုင်မည့်ဆောင်းပါးကို ဖေဖော်ဝါရီ၁၅ရက် နောက်ဆုံးထား၍ ဦးစောလွင် လုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ ညွှန်ကြားရေးမှူးချုပ် အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)ထံသို့ တိုက်ရိုက်ပေးပို့ ယှဉ်ပြိုင်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မျက်စိရောဂါဝေဒနာရှင်များအခမဲ့ခွဲစိတ်ကုသပေးမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၁

ကျန်းမာရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ဝင်းမောင်နှင့် မန္တလေးမြို့ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ပါမောက္ခ ဒေါက်တာသိန်းထွန်း၊ စစ်ကိုင်းတိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်ရှိန်တို့ပါဝင်သော အဖွဲ့သည် ဖေဖော်ဝါရီ ၁၀ ရက်တွင် ကန့်ဘလူမြို့နယ်ပြည်သူ့ဆေးရုံသို့ သွားရောက်စစ်ဆေးကြသည်။

စစ်ကိုင်းတိုင်း ကန့်ဘလူမြို့နယ် ကျက်သရေဆောင် မဟာရွှေစည်ကြီးစေတီတော်ကြီး၏ပဌမအကြိမ် ဗုဒ္ဓပူဇနိယပွဲတော်တွင် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများနှင့် မျက်စိရောဂါဝေဒနာရှင်များအား အခမဲ့ကုသိုလ်ဖြစ် စမ်းသပ်စစ်ဆေးကုသခြင်း၊ ခွဲစိတ်ကုသပေးခြင်းများကို ကျန်းမာရေးဝန်ကြီးဌာန၏ ပံ့ပိုး စီစဉ်ပေးမှုဖြင့် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် စေတနာရှင် MFF ကုမ္ပဏီလီမိတက်တို့ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာတော်ပြန်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၁

ကြည့်မြင်တိုင်မြို့နယ်လုံးဆိုင်ရာ ပထမအကြိမ် ဝိနယာသီသ စာတော်ပြန်ပွဲကြီးကို မြို့နယ်သံဃနာယက ဆရာတော်များ၏ ဦးဆောင်မှုဖြင့် မြို့နယ် ဥပတ္ထမ္ဘကအဖွဲ့တို့က ပူးပေါင်းကာ ဖေဖော်ဝါရီ ၁၅ရက်နှင့် ၁၆ရက်တို့တွင် သာစုပရိယတ္တိစာသင်တိုက် ရွှေညဝါပညာ့ဗိမာန်ကျောင်းတော်ကြီး၌ ကျင်းပမည်ဖြစ်သည်။ **(က-ပ)**

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲ စတုတ္ထနေ့ခင်းကျင်းပြသ

ရဟန်းရှင်လူ ပြည်သူများနှင့် ကျောင်းသားကျောင်းသူများလေ့လာ

ရန်ကုန် ဖေဖော်ဝါရီ ၁၁

၂၀၀၅ ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲ ခင်းကျင်းပြသရေးဆပ်ကော်မတီက ကြီးမှူးကျင်းပသည့် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲကို ယနေ့နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ စတုတ္ထနေ့အဖြစ် ဆက်လက်ခင်းကျင်းပြသလျက်ရှိရာ (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး ပြန်ကြားရေးဆပ်ကော်မတီနှင့် ပြပွဲခင်းကျင်းပြသရေးဆပ်ကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း လာရောက်ကြည့်ရှုသည်။ (ဓါတ်ပုံ)

ပြပွဲသို့ ရဟန်းရှင်လူပြည်သူများနှင့်အခြေခံပညာအထက်တန်း၊အလယ်တန်းနှင့်မူလတန်းကျောင်းများမှ ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများ လာရောက် ကြည့်ရှုလေ့လာကြသည်။

ပြပွဲတွင် ဗဟိုပြကွက်၌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ ဓာတ်ပုံနှင့်အတူ "ပြည်ထောင်စုစိတ်ဓာတ်"နှင့်ပတ်သက်၍ မိန့်မှာချက်များကို ပြသထားသည်။ ပြပွဲ၌ ရှေးဟောင်းမြန်မာနိုင်ငံတော်များပြကွက်၊ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများ ပြကွက်၊ ပြည်ထောင်စုနေ့ ပေါ်ပေါက်လာပုံနှင့် လွတ်လပ်ရေးရရှိခြင်းပြကွက်တို့ကို ပြသထားသည်။

ဆုချီးမြှင့်

ထို့ပြင် ကျောင်းသားကျောင်းသူများအတွက် ကွန်ပျူတာဉာဏ်စမ်းပဟေဠိပြိုင်ပွဲနှင့် အခြေခံပညာ ဦးစီးဌာနမှ တာဝန်ရှိသူတို့၏ ကူညီမှုဖြင့် Soft Guide Computer Co. က စီစဉ်ဆောင်ရွက်ထားသည့် Audio Language Lab စနစ်ဖြင့် ဆရာနှင့် ကျောင်းသား အင်္ဂလိပ်ဘာသာဖြင့် အမေးအဖြေ လေ့ကျင့်ဖြေဆိုယှဉ်ပြိုင်မှု အစီအစဉ်များကို အခြေခံပညာ အထက်တန်းကျောင်းများမှဝင်ရောက်ယှဉ်ပြိုင်ကြရာ ဆုရရှိသည့် ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းအား ဆုချီးမြှင့်သည်။

ဝန်ကြီးဌာန ပြခန်းများဖြစ်ကြသည့်ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ သစ်တောရေးရာဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်း ဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနပြခန်းများတွင် ပြသထားသည့် မျက်မှောက်ခေတ်ဖွံ့ဖြိုးတိုးတက်မှု မှတ်တမ်းများကိုလည်းကောင်း၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေတတ်သောဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ပြခန်းနှင့် မျက်မှောက်ခေတ်နိုင်ငံရေး၊ လူမှုရေး ဖြစ်ပေါ်ပြောင်းလဲတိုးတက်မှုကိုဖော်ညွှန်းသည့် ဓာတ်ပုံ၊ ပန်းချီ၊ ကာတွန်း၊ ရုပ်ပြတို့ဖြင့် ပြသထားသည့် ပြကွက်တို့ကိုလည်းကောင်း ပြည်သူတို့ စိတ်ဝင်စားစွာ လေ့လာကြည့်ရှုကြသည်။

အခမဲ့လေ့လာ

ပြပွဲကို ဖေဖော်ဝါရီ ၁၆ ရက်အထိ နေ့စဉ် နံနက် ၉နာရီမှ ညနေ ၅ နာရီအတွင်း ဖွင့်လှစ်ပြသသွားမည်ဖြစ်ရာ မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုလေ့လာနိုင်သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုနေ့ဂုဏ်ပြု အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံ

စစ်ကိုင်းတိုင်း တမူးခရိုင် ခါမ်းပါတ်မြို့၌ အခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၁

ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၈ ရက် နံနက် ၉ နာရီ ၄၅ မိနစ်တွင် စစ်ကိုင်းတိုင်း တမူးခရိုင် ခါမ်းပါတ်မြို့ အမှတ်(၁)အခြေခံပညာမူလတန်းကျောင်း အားကစားကွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ စစ်ကိုင်းတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးတင်မြင့်၊ အမျိုးသားညီလာခံကိုယ်စားလှယ်များ၊ ခရိုင်၊မြို့နယ် ဌာနဆိုင်ရာများ၊ တမူးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ ခါမ်းပါတ်မြို့မှ အလုပ်အမှုဆောင်များ၊ ရပ်ကွက်၊ ကျေးရွာစည်းရုံးရေးမှူးများ၊ အသင်းဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူများစုစုပေါင်းအင်အား ၅၀၀၀ ကျော် အင်တိုက်အားတိုက် တက်ရောက်ကြသည်။

အခမ်းအနားတွင် သဘာပတိအဖြစ် တမူးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးညွန့်လွင်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် တမူးခရိုင် ခါမ်းပါတ်မြို့ စစ်မှုထမ်းဟောင်းအဖွဲ့မှ ဦးလားမားငါး၊ တမူးမြို့နယ် အမျိုးသမီးရေးရာအဖွဲ့မှ အတွင်းရေးမှူး ဒေါ်ညွန့်မေ၊ တမူးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင် ဒေါ်ခင်မေစီ၊ ခါမ်းပါတ်မြို့မှ မြို့မိမြို့ဖ ဦးဇျက်လျှံနာတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် တမူးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်အိချိုဇင်နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် တမူးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးအသင်းဝင် ဒေါ်ဝါဝါတင်ရွှေတို့က ဆောင်ရွက်ကြသည်။

သီဆိုဂုဏ်ပြု

ရှေးဦးစွာ အခမ်းအနားသို့ တက်ရောက်လာကြသူများက ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအားအလေးပြုကြသည်။ ယင်းနောက်တမူးမြို့ အခြေခံပညာ အထက်တန်းကျောင်းမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်ကျောင်းသား၊ ကျောင်းသူများက **'ရာသက်ပန်ပြည်ထောင်စု'** သီချင်းဖြင့် သီဆိုဂုဏ်ပြု၍ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ယင်းနောက် သဘာပတိ တမူးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးညွန့်လွင်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့်စပ်လျဉ်း၍ တမူးခရိုင် အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်အေးမြင့်သူဝင်းကလည်းကောင်း၊ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်း၍ ခါမ်းပါတ်မြို့မှ ရပ်မိရပ်ဖ ချင်းတိုင်းရင်းသား ဦးဖိုးမိန်းထန်ငါကလည်းကောင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ တမူးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးစောနိုင်ကလည်းကောင်း အသီးသီး တင်ပြကြသည်။

ကြိုဆိုထောက်ခံ

ယင်းနောက် တမူးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးခင်မောင်တာက ကိုယ်စားလှယ်သုံးဦး၏တင်ပြချက်များအပေါ် ကြိုဆိုထောက်ခံကြောင်း တင်ပြသည်။

ဆက်လက်၍ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အလှူငွေများပေးအပ်ပွဲကို ကျင်းပရာ တမူးခရိုင်အသင်း တွဲဖက်အတွင်းရေးမှူး ဦးထန်ကျင့်မန်က ကျွန်းတောရေရှင် မူလတန်းကျောင်း အဆောက်အအုံအတွက် အလှူငွေကျပ် ၃၂၀၀၀၀ကို လည်းကောင်း၊ ခါမ်းပါတ်မြို့ အခြေခံပညာ အထက်တန်းကျောင်း ကျောင်းဆောင်သစ်အတွက် အလှူငွေကျပ်တစ်သိန်းကို လည်းကောင်း၊ ကနန်ကျေးရွာ အမှတ်(၁) အခြေခံပညာ မူလတန်းလွန်ကျောင်း အဆောက်အအုံအတွက် အလှူငွေကျပ် ၄၀၈၀၀ ကို လည်းကောင်း သက်ဆိုင်ရာကျောင်းအုပ်ကြီးများသို့ ပေးအပ်လှူဒါန်းသည်။

ထို့နောက် တမူးမြို့နယ် ရပ်ကွက်၊ ကျေးရွာများက အသင်းဝင်အဆိုပြုလွှာ အစောင် ၁၃၅၀ကို ခါမ်းပါတ်မြို့ ကနန်ကျေးရွာမှ ရပ်မိရပ်ဖ ချင်းတိုင်းရင်းသား ဦးဒိုဇထန်က ပေးအပ်ပြီး မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးတုတ်ကြည်က လက်ခံယူသည်။

ဆက်လက်၍ တမူးခရိုင်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုမှတ်တမ်းကို တမူးမြို့နယ်အသင်း အတွင်းရေးမှူး ဦးမြင့်အောင်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးသောင်းညွန့်အား လွှဲပြောင်းပေးအပ်သည်။

အတည်ပြုဆုံးဖြတ်

ယင်းနောက် သဘာပတိက ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်း၊ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ထောက်ခံခြင်းအဆိုများနှင့် စပ်လျဉ်း၍ တက်ရောက်လာကြသော ပြည်သူလူထုက သဘောတူညီကြောင်း ဆန္ဒပြုကြသည့်အတွက် ဤအခမ်းအနားကြီးက အတည်ပြုဆုံးဖြတ်ကြောင်း ကြေညာသည်။

ဆက်လက်၍ တမူးမြို့နယ် အခြေခံပညာအထက်တန်းကျောင်းမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်ကျောင်းသား၊ ကျောင်းသူလေးများက **'ပြည်မြန်မာ'**သီချင်းဖြင့် ဂုဏ်ပြုသီဆိုသည်။ ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော ပြည်သူလူထုကြီးက ကြွေးကြော်သံများကို တစ်ခဲနက် ကြွေးကြော်ကြပြီး အခမ်းအနားကို နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၂-၂-၂၀၀၅ (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင် အခမ်းအနား ကျင်းပပုံ တိုက်ရိုက် ထုတ်လွှင့်မှု အစီအစဉ်
- ၈:၁၀ ၂။ (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၈:၃၀ ၃။ International News.
- ၈:၄၅ ၄။ Grammar made Easy
- ၉:၀၀ ၅။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၅ ၂။ (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၁၁:၄၀ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၂:၀၅ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြားပြည်တွင်းသတင်းစဉ်
- ၁၂:၄၅ ၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ပန်းမေတ္တာ"**(အပိုင်း-၁၀)
- ၁၃:၂၀ ၆။ မအီချောင်းတံတား
- ၁၃:၂၅ ၇။ ရုပ်မြင်သံကြားဇာတ်လမ်း **"ပိုင်နိုင်ခိုင်မြဲအောင်"** ခန့်စည်သူ၊ ထွန်းထွန်းဝင်း၊ မျိုးစန္ဒီကျော်၊ ငွေစင်ထွန်း၊ သူသူဟံသာ (ဒါရိုက်တာ-သက်တင်)
- ၁၄:၀၀ ၈။ (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၁၄:၁၅ ၉။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
- ၁၄:၃၀ ၁၀။ ဂမုန်းရေလှောင်တမံ
- ၁၄:၄၅ ၁၁။ International News

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ English for Everyday Use
- ၁၆:၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ-ပထမနှစ်(သိပ္ပံအထူးပြုအားလုံး) (ရူပဗေဒ)
- ၁၇:၀၀ ၅။ **(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြုအစီအစဉ်**
- ၁၇:၁၅ ၆။ အတီးပြိုင်ပွဲ
- ၁၇:၂၅ ၇။ **(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြုအစီအစဉ်**
- ၁၇:၄၀ ၈။ ရန်ကုန်တိုင်း မဟူရာရေလှောင်တမံ
- ၁၇:၅၀ ၉။ အမျိုးသားညီလာခံ ဂုဏ်ပြုတေး
- ၁၈:၀၀ ၁၀။ Discovery
- ၁၈:၀၅ ၁၁။ **(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြုအစီအစဉ်**
- ၁၈:၁၅ ၁၂။ ကျား-ကျားမီးယပ် ရုပ်တန်းကရုပ်ဆွေးနွေးခန်း (အပိုင်း-၂)
- ၁၈:၃၀ ၁၃။ ညနေခင်းသတင်း
- ၁၉:၀၀ ၁၄။ မိုးလေဝသအခြေအနေ
- ၁၉:၀၅ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ကြိုးသွယ်တဲ့လင်းပိုင်ငယ်"** (အပိုင်း-၅၃)
- ၁၉:၄၀ ၁၆။ **ပြည်ထောင်စုစိတ်ဓာတ် မပြတ်ရှင်သန်ခိုင်မာရန်မှာဒို့ဝန်တာ "အသီးတစ်ရာအညှာတစ်ခုဒို့ပြည်ထောင်စု" (ပြည်ထောင်စုကြီး စုစည်းခိုင်မာဖွံ့ဖြိုးသာယာ)**
- ၂၀:၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **"အချစ်သံသရာ"** (အပိုင်း-၁၇)
- ၂၁။ နောက်တစ်နေ့အစီအစဉ်

နှစ်(၆၀)ပြည့်တပ်မတော်နေ့အထိမ်းအမှတ်

ရောင်စုံဓာတ်ပုံပြိုင်ပွဲယှဉ်ပြိုင်နိုင်ရန်နှိုးဆော်

ရန်ကုန် ဖေဖော်ဝါရီ ၁၁

၂၀၀၅ ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီက ရောင်စုံဓာတ်ပုံပြိုင်ပွဲကို ကျင်းပပေးမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားပြီးဖြစ်သည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲအတွက် သတ်မှတ်ထားသော ခေါင်းစဉ်မှာ **'ခေတ်မီဘက်စုံ တည်ဆောက်ရေး'**နှင့် **'ရှုချင်စဖွယ်အမျိုးသားယဉ်ကျေးမှု'** ဖြစ်သည်။ ပြိုင်ပွဲဝင်ဓာတ်ပုံများကို ဦးထွန်းမင်း ညွှန်ကြားရေးမှူး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ၂၂/၂၄ ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့သို့ ဖေဖော်ဝါရီ ၁၄ ရက် နောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်ရာ အချိန်မီဝင်ရောက်ယှဉ်ပြိုင်နိုင်ကြရန် သက်ဆိုင်ရာက နှိုးဆော်ချက် ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန်လိုအပ်သည့်ကိစ္စရပ်မှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီလအတွက်

(၁၃-၂-၂၀၀၅)ရက်နေ့

နှင့်

(၂၇-၂-၂၀၀၅)ရက်နေ့

အထူးတရားပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၁

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အင်းစိန်ဈေးမိသားစုကကြီးမှူး၍ ပထမအကြိမ် ထေရဝါဒအထူးတရားပွဲကို အင်းစိန်မြို့နယ် ပိန္နဲကုန်းရပ်ကွက် သီရိလမ်းရှိ သဲအင်းဂူအရိယာဓမ္မာရုံ၌ ထေရဝါဒသာသနာပြု ဓမ္မစေတီဆရာတော် ဘဒ္ဒန္တကောသလ္လသည် ဖေဖော်ဝါရီ ၁၄ရက်နှင့် ၁၅ရက်တို့တွင် ညစဉ် တရားတော်များ ဟောကြားမည်ဖြစ်ကြောင်းသိရသည်။ **(က-ပ)**

တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဇနီး ဒေါ်ခင်သက်ဌေးနှင့် မိသားစု ပြည်ထောင်စုနေ့ကိုယ်စားလှယ်များအား ဂုဏ်ပြုညစာစားပွဲဖြင့်ဧည့်ခံ

ရန်ကုန် ဖေဖော်ဝါရီ ၁၁

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ တက်ရောက်ရန် ရန်ကုန်မြို့၌ရောက်ရှိနေသော ပြည်ထောင်စုနေ့ကိုယ်စားလှယ်များအား (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဇနီး ဒေါ်ခင်သက်ဌေးနှင့် မိသားစုတို့က ယနေ့ညနေ ၆ နာရီတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်နေအိမ်၌ မိသားစုအသွင် ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ရှေးဦးစွာ (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဇနီး ဒေါ်ခင်သက်ဌေး မိသားစုနှင့် ပြည်ထောင်စုနေ့ကိုယ်စားလှယ်များသည် ရင်းနှီးချစ်ကြည်စွာဖြင့် လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြသည်။

တည်ခင်းဧည့်ခံ

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဇနီး ဒေါ်ခင်သက်ဌေးနှင့် မိသားစုက ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး နှုတ်ခွန်းဆက်စကားပြောကြားကြပြီး ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ် ဇန်နဝါရီ ၂၉ ရက်က မူဆယ်မြို့နယ်ရှိ နမ့်ခွန်ချောင်း အသေးစားရေအားလျှပ်စစ်စက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (လျှပ်စစ်စွမ်းအား)

ရဲရွာရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများ ဝန်ကြီးဗိုလ်ချုပ်တင်ထွတ်ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁၁

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်သည် ရေအားလျှပ်စစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကျော်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ဇန်နဝါရီ ၃၁ ရက်တွင် မန္တလေးတိုင်း ကျောက်ဆည်ခရိုင်အတွင်း တည်ဆောက်လျက်ရှိသည့် ရဲရွာရေအားလျှပ်စစ်စီမံကိန်းသို့ရောက်ရှိပြီး ရေလွှဲဥမင်အတွင်း ဂိတ်တံခါး တပ်ဆင်ရေးလုပ်ငန်းများ၊ ပင်မတမံအောက်ခြေတည်ဆောက်ရေးလုပ်ငန်း၊ ရေလွှဲဥမင်အတွင်း ဒုဋ္ဌဝတီမြစ်ရေစီးဝင်မှုအခြေအနေ၊ ရေယူအဆောက်အအုံတည်ဆောက်ရေးလုပ်ငန်း၊ ရေတားနံရံ တည်ဆောက်ခြင်းလုပ်ငန်း၊ ရေအားလျှပ်စစ်စက်ရုံတည်ဆောက်ရေးလုပ်ငန်း၊ RCC ကွန်ကရစ်ဖျော်စက်ရုံတည်ဆောက်ရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက်ဝန်ကြီးက စီမံကိန်း တာဝန်ရှိသူများအား လုပ်ငန်းသုံး ပစ္စည်းများ စံချိန်စံညွှန်းပြည့်မီရေး၊ မိုးမကျမီ ပင်မတမံအောက်ခြေလုပ်ငန်းများ အချိန်မီပြီးစီးအောင် ကြိုးပမ်းရေး၊ လုပ်ငန်းသုံးပစ္စည်းများကို အလေအလွင့်မရှိအောင် ထိန်းသိမ်းကြရေး၊ စက်ယန္တရားများကို စွမ်းအားပြည့် အသုံးပြုနိုင်ရန် စနစ်တကျ ကိုင်တွယ်ထိန်းသိမ်းရေးတို့ကို အသေးစိတ် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့် အဖွဲ့သည် ကျောက်ထုတ်လုပ်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိပြီး ကျောက်ခွဲစက်များမှ ကျောက်ထုတ်လုပ်မှုအခြေအနေများနှင့် ကျောက်ခွဲစက်မှ ရဲရွာစီမံကိန်းသို့ ချဉ်းကပ်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးသည်။

ကြပ်မတ်ဆောင်ရွက်

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် ပုသိမ်ကြီးမြို့နယ်သို့ ရောက်ရှိပြီး တည်ဆောက်ဆဲ ရဲရွာနှင့်ရွှေလီရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ ပြီးစီးပါက ရရှိလာမည့် လျှပ်စစ်ဓာတ်အားများကို မဟာဓာတ်အားလိုင်းစနစ်သို့ ပို့လွှတ်ဖြန့်ဖြူးနိုင်ရေးအတွက် ၂၃၀/၁၃၂/၃၃ ကေဗွီ ၄၀၀ အမ်ဗွီအေ ရွှေစာရံဓာတ်အားခွဲရုံ တည်ဆောက်မည့်နေရာသို့ရောက်ရှိပြီး တည်ဆောက်ရေးလုပ်ငန်းများကို သတ်မှတ်ကာလထက်စော၍ပြီးစီးအောင် တာဝန်ရှိသူအဆင့်ဆင့်က ကြပ်မတ်ဆောင်ရွက်ကြရေး မှာကြားကာ လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ် ဖြည့်ဆည်းပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တပ်မတော်ဆေးသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ်သန်းအောင် (၁၃)ကြိမ်မြောက် မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲတွင် အကောင်းဆုံးပိုစတာဆုရ တပ်မတော်ဆေးတက္ကသိုလ်နှင့် အမှတ်(၂) တပ်မတော်ဆေးရုံ ခုတင် (၅၀၀) သားဖွားနှင့်မီးယပ်ဌာနမှ ပါမောက္ခ ဌာနကြီးမှူး ဗိုလ်မှူးကြီးသိန်းမြင့်သူအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

တပ်မတော်ဆေးပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲကျင်းပပြီးစီး

ရန်ကုန် ဖေဖော်ဝါရီ ၁၁

(၁၃)ကြိမ်မြောက် မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ ပိတ်ပွဲအခမ်းအနားကို ယနေ့ ညနေ ၃ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်-၅၀၀)ဆင်ဖြူရှင်ခန်းမ၌ ကျင်းပရာ တပ်မတော်ဆေးသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ်သန်းအောင်၊ ဆေးဝန်ထမ်းတပ်ဖွဲ့မှ တပ်မတော်အရာရှိကြီးများ၊ တပ်မှူးကြီးများ၊ တပ်မှူးများ၊ ပါရဂူများ၊ စာတမ်းရှင်သုတေသီများ၊ ဆေးမှူးများ၊ သူနာပြုအရာရှိများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

ပေးအပ်ချီးမြှင့်

ရှေးဦးစွာ တပ်မတော်ဆေးသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ်သန်းအောင်က (၁၃)ကြိမ်မြောက် မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲတွင် အကောင်းဆုံး စာတမ်းဆု၊ အကောင်းဆုံး ပိုစတာဆု ရရှိကြသူများအား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ်သန်းအောင်က နိဂုံးချုပ်အမှာစကားပြောကြားပြီး နှီးနှောဖလှယ်ပွဲကို ရုပ်သိမ်းလိုက်သည်။

ဖတ်ကြားတင်သွင်း

နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတွင် နှီးနှောဖလှယ်ပွဲ နောက်ဆုံးနေ့အဖြစ် ၄က်ဖျားရောဂါကူးစက်မှုနှင့် ကာကွယ်မှုများ၊ လေဖြတ်လူနာများအား သူနာပြုများ၏ စနစ်တကျ စမ်းသပ်ခြင်းနှင့် အကျိုးပြုမှု၊ အစာအိမ်အတွင်း နှာခေါင်းပိုက်သွင်းအသုံးပြုမှုအပေါ် သူနာပြုများ၏ အသိနှင့် ခံယူချက်၊ ဒူးအောက်ပြတ်လူနာများအား သူနာပြုစုခြင်း၊ ၄က်ဖျားရောဂါကာကွယ်မှုအတွက် ဆေးစိမ်ခြင်ထောင်များ၏ အကျိုးသက်ရောက်မှုနှင့် အားနည်းချက်နှင့် ကိုယ်ဝန်ဆောင်များတွင် အသည်းရောင်ရောဂါ(စီ)ပိုးကူးစက်ရောဂါဖြစ်ပွားမှုစသည့် စာတမ်းများ အပါအဝင် စာတမ်းပေါင်း ၁၉ စောင်တို့ကို စာတမ်းရှင်များက ဖတ်ကြားတင်သွင်းကြပြီး နှီးနှောဖလှယ်ပွဲသို့ တက်ရောက်လာကြသူများ၏ မေးခွန်းများကို ပြန်လည်ရှင်းလင်းဖြေကြားကြသည်။ **(သတင်းစဉ်)**

ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၁

ပဲခူးတိုင်း ဥက္ကလာမြို့သစ် ရန်ကုန်-မန္တလေးလမ်းမကြီး ပညာမွန်ကျောင်းတိုက် ပရိဝုဏ်အတွင်း တည်ထားအပ်သည့် မနောမယ ပဒမြားစေတီတော်မြတ်ကြီး သတ္တမအကြိမ် ဗုဒ္ဓပူဇနိယပွဲတော်ကို တပို့တွဲလပြည့်နေ့ (ဖေဖော်ဝါရီ၂၃ရက်)တွင် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်သည်။

နှစ်စဉ်အလှူရှင်ဖြစ်သော ဦးသိုင်းဝင်း(သီဟသုဓမ္မမဏိဇောတဓရ)၊ဇနီး ဒေါ်ဌေးညွန့်(သီဟသုဓမ္မသိင်္ဂီ)မိသားစု (ဘီတီဘီကုမ္ပဏီ) အလုံမြို့နယ်တို့က ဘဒ္ဒကမ္ဘာတွင် ပွင့်တော်မူပြီးသော ဘုရားလေးဆူတို့အား နံနက်အရုဏ်တက်ချိန်တွင် ထမနဲ၊ ဆွမ်းဘောဇဉ်၊ ချိုချဉ်၊ သစ်သီး၊ ပန်းဆီမီး၊ အမွှေးနံ့သာတို့ဖြင့် လှူဒါန်းပူဇော်ခြင်း၊ ပင့်သံဃာတော်၅၄ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူ၍ ဆွမ်းဘောဇဉ်ဆက်ကပ်လှူဒါန်းခြင်း၊ ဧည့်ပရိသတ်တို့အား ဧည့်ခံကျွေးမွေးခြင်းများ ပြုမည်ဖြစ်ကြောင်း သိရသည်။ **(၄၂၁)**

ပြည်ထောင်စုနေ့တိုင်းရင်းသားကိုယ်စားလှယ်များ ရန်ကုန်မြို့တွင်း ဆက်လက်လေ့လာ

ရန်ကုန် ဖေဖော်ဝါရီ ၁၁

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ကြိုဆို နေရာချထားရေး ဆပ်ကော်မတီအတွင်းရေးမှူး အမှတ်(၁)စစ်ကြောရေးနှင့် တည်းခိုရေး စခန်း တပ်မှူး ဒုတိယဗိုလ်မှူးကြီး တင်ကြိုင်ဦးဆောင်၍ (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားနှင့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ရန် ရန်ကုန်မြို့သို့ ရောက်ရှိနေကြသည့် ပြည်ထောင်စုနေ့ တိုင်းရင်းသား ကိုယ်စားလှယ်များ ဖြစ်ကြသော ပြည်နယ်နှင့် တိုင်းများမှ တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များနှင့်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်ကိုယ်စားလှယ်များသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက်သို့ သွားရောက်လေ့လာကြသည်။

ရှေးဦးစွာ ယဉ်ကျေးမှုဗိမာန် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းဆွေက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ညွှန်ကြားရေးမှူး ဒေါ်နုမြဇံက အမျိုးသားပြတိုက်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ယင်းနောက် ပြည်ထောင်စုတိုင်းရင်းသား ကိုယ်စားလှယ်များသည် ပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

ထို့မှတစ်ဆင့် တပ်မတော်စစ်သမိုင်းပြတိုက် **(အောက်ပုံ)** သို့ သွားရောက်လေ့လာကြရာ စစ်သမိုင်းပြတိုက်နှင့် တပ်မတော်မော်ကွန်းတိုက်မှူး ဒုတိယဗိုလ်မှူးကြီးဇော်ဝင်းက ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် တပ်မတော် စစ်သမိုင်းပြတိုက်အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုနေ့ တိုင်းရင်းသားကိုယ်စားလှယ်များသည် ပြခန်းများကို လှည့်လည် ကြည့်ရှုကြသည်။ **(သတင်းစဉ်)**

ဓမ္မာစရိယတန်း စာဝါပို့ချမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၁

ရောဝတီတိုင်း ကြံခင်းမြို့ နဝင်းဂုဏ်ကျောင်းတိုက်၌ နွေရာသီဓမ္မာစရိယတန်း စာဝါကို ဧပြီ ၂၃ ရက်မှ ဇွန် ၆ ရက်အထိ ကျင်းပမည် ဖြစ်သည်။

စာဝါပို့ချပေးမည့် ဆရာတော်များသည် မန္တလေးမြို့မှ စာချဆရာတော် ဦးအာနန္ဒာမယာဘိဝံသ (သကျသီဟဓမ္မာစရိယ)နှင့် ဦးဣဿရိယ(ဓမ္မာစရိယ)၊ ဦးတေဇိန္ဒ(ဓမ္မာစရိယ)တို့က ပို့ချမည်ဖြစ်ရာ စာဝါသင်တန်းသို့ တက်ရောက်သင်ကြားလိုသော အရှင်မြတ်များသည် ရောဝတီတိုင်း ကြံခင်းမြို့ နဝင်းဂုဏ်ကျောင်းတိုက် ဆရာတော် ဦးဣဿရိယ ဖုန်း-၀၄၄-၄၀၁၈၆သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

တိုက်ကြီးမြို့နယ်အသင်း နှစ်ပတ်လည်ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၁

တိုက်ကြီးမြို့နယ်အသင်း(ရန်ကုန်)၏နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ အသက် ၇၅နှစ်အထက်သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် လွတ်လပ်ရေးနေ့ ဘွဲ့ထူးဂုဏ်ထူးရ အသင်းဝင်များအား ဂုဏ်ပြုပွဲကို ဖေဖော်ဝါရီ ၂၀ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် စမ်းချောင်းမြို့နယ် ဗားကရာလမ်းနှင့် ဗဟိုလမ်းထောင့် ဗားကရာကျောင်းတိုက် ရှမ်းကျောင်းကြီးဆွမ်းစားကျောင်း တိုက်ကြီးမြို့နယ်အသင်းဓမ္မာရုံ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ အသင်းဥက္ကဋ္ဌ ဦးသိန်းအောင် ဖုန်း-၅၂၆၁၆၄၊ အတွင်းရေးမှူး ဦးတင်ဌေ ဖုန်း-၂၂၁၇၄၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

တိုင်းရင်းသားစည်းလုံးညီညွတ်မှု သွေးထိုးဖြိုခွဲလာမည့် နယ်ချဲ့လက်သစ်လုပ်ရပ် မမှိတ်သောမျက်စိ၊ မပြတ်သော သတိဖြင့်တွန်းလှန်ရေး တိုင်းရင်းသားအားလုံးတာဝန်ဖြစ်

ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းအခမ်းအနား ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် ခတ်ချိုကျေးရွာ၌ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၁

ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၆ ရက် နံနက် ၈ နာရီခွဲက ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် ဝိုင်းမော်မြို့နယ် ခတ်ချိုကျေးရွာ ရွှေမုဋ္ဌော ဘုရားကြီးကျောင်းဝင်း၌ ကျင်းပသည်။

အခမ်းအနားသို့ တိုင်းရင်းသားပြည်သူများ စုစုပေါင်း အင်အား ၁၅၀၀ ကျော် တက်ရောက်ကြသည်။

အခမ်းအနားတွင် သဘာပတိအဖြစ် မြစ်ကြီးနားခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဉာဏ်သိန်းက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ဝိုင်းမော်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ အတွင်းရေးမှူးဦးမရန်နော်၊ ဝိုင်းမော်မြို့နယ် အမျိုးသမီးရေးရာ ကော်မတီဝင် ဒေါ်ခေါန်နူး၊ ဝိုင်းမော်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင် ဒေါ်တင်ဦးနှင့် ခတ်ချိုကျေးရွာ ရပ်မိရပ်ဖ ဦးအေးထွန်းတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် ဝိုင်းမော်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူး ဒေါ်မိုးသူဇာနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် စည်းရုံးရေးမှူး ဒေါ်ဂျေရီအေးတို့က ဆောင်ရွက်ကြသည်။

ထို့နောက် သဘာပတိ မြစ်ကြီးနားခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဉာဏ်သိန်း**(ယာအပေါ်ပုံ)**က အမှာစကား ပြောကြားရာတွင် နိုင်ငံတော်အစိုးရသည် အမျိုးသားရေးတာဝန်အဖြစ် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ခံယူကျင့်သုံးဆောင်ရွက်ခဲ့၍ အောင်မြင်မှုများရရှိခဲ့ခြင်း ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုဖွား တိုင်းရင်းသားတို့၏ ပြည်ထောင်စုစိတ်ဓာတ်နှင့် တိုင်းရင်းသားစည်းလုံး ညီညွတ်မှုကို ထပ်မံသွေးထိုးသပ်လျှို ဖြိုခွဲလာမည့် ကိုလိုနီနယ်ချဲ့ လက်သစ်များ၏လုပ်ရပ်ကို မမှိတ်သောမျက်စိ၊ မပြတ်သောသတိဖြင့် တွန်းလှန်ဖယ်ရှားရေးသည် ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးနှင့် အသင်းဝင်များ၏ တာဝန်ပင် ဖြစ်ကြောင်း။

ဆက်လက်ပြီး ၂၀၀၅ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်နေ့တွင် ပြန်လည်ကျင်းပမည့်အမျိုးသားညီလာခံကြီး အောင်မြင်စွာကျင်းပနိုင်ရန်အတွက် ဂုဏ်ပြုပြောကြားလိုကြောင်း။

အကောင်အထည်ဖော်လျက်ရှိ

ယနေ့ မြန်မာနိုင်ငံသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

အမျိုးသားညီလာခံကြီးတွင် ညီလာခံကိုယ်စားလှယ်များက နိုင်ငံတော်၏ အနာဂတ်အတွက် အခြေခံကောင်းများကို အကြံပြုညှိနှိုင်း ပုံဖော်သွန်းလောင်းနေကြပြီဖြစ်ကြောင်း။

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်နှင့်အညီ အမျိုးသားညီလာခံကြီး အောင်မြင်စွာကျင်းပပြီးစီးသည့်အခါ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ဖြစ်ထွန်းတိုးတက်ရေးအတွက် လုပ်ငန်းစဉ်များကို တစ်ဆင့်ပြီးတစ်ဆင့် ဆက်လက်အကောင်အထည်ဖော်သွားမည် ဖြစ်ကြောင်း။

နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ၏ ရေရှည်အကျိုးစီးပွားကို ရှေးရှုပြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် ပဓာနအကျဆုံးဖြစ်သည့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးသည် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေး အသင်းအဖွဲ့များအားလုံးက ကျရာကဏ္ဍအလိုက် အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် မိမိတို့၏ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးနှင့် စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ် ဖော်ဆောင်ကျင့်သုံးနိုင်ရေးအတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များအနေဖြင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် လက်တွဲပြီး ကျရာအခန်းကဏ္ဍမှ တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များတွင်လည်း အမျိုးသားရေးတာဝန်ဖြစ်သည့် ဒို့တာဝန် အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် လှုပ်ရှားဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသွားသည်။

ဆက်လက်၍ ဝိုင်းမော်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူး ဦးမင်းကြည်က ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် စပ်လျဉ်း၍တင်ပြရာတွင် ယနေ့ နိုင်ငံတော်အစိုးရက ခေတ်အဆက်ဆက် မြန်မာနိုင်ငံ ဖြတ်သန်းခဲ့ရသည့် နိုင်ငံရေးအခြေအနေအရပ်ရပ်ကို အလေးအနက်သုံးသပ်ပြီး မြန်မာနိုင်ငံတော်သည် ပြည်ထောင်စုမြန်မာနိုင်ငံဖြစ်သည်နှင့်အညီ ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားများအကြား စည်းလုံးညီညွတ်မှုခိုင်မြဲနေမှသာ ပြည်ထောင်စုကြီး ကမ္ဘာတည်သရွေ့တည်တံ့ပြီး အချုပ်အခြာအာဏာလည်း ရေရှည်ခိုင်မြဲမည်ဖြစ်သည့်အတွက် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် အမျိုးသားရေး မူဝါဒကို ချမှတ်ကာ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထွန်းကားပြန့်ပွားရေးတို့ကို စဉ်ဆက်မပြတ် အလေးထားဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် မိမိတို့ တိုင်းရင်းသားအားလုံးက ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားလျက် ပြည်တွင်းပြည်ပအဖျက်သမားများ၏ အန္တရာယ်ကို ကာကွယ်တားဆီးပြီး တစ်ဦးနှင့်တစ်ဦး ချစ်ကြည်ရင်းနှီးခြင်း၊ ရိုင်းပင်းကူညီခြင်း၊ အပြန်အလှန် အမှီသဟဲပြုခြင်း၊ သည်းခံခွင့်လွှတ်ခြင်း၊ အကျိုးတူ ပူးပေါင်းဆောင်ရွက်ခြင်းဆိုသည့် မိသားစုစိတ်ဓာတ်ကိုအခြေခံပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အတွင်း၌ အေးအတူပူအမျှ အတူတကွ ဆက်လက် မှီတင်းနေထိုင်သွားကြပါမည်ဟု ကတိပြုပြောကြားရင်း (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို လှိုက်လှဲစွာ ကြိုဆိုဂုဏ်ပြုအပ်ပါကြောင်းဖြင့် တင်ပြသွားသည်။

ကိုယ်စားပြုသည့်ညီလာခံ

ဆက်လက်၍ မြစ်ကြီးနားမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူး ဦးညွန့်ဝင်းက အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်း၍ တင်ပြရာတွင် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ မွေးရာပါ တာဝန်ဖြစ်သည်နှင့်အညီ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရန် ခိုင်မာသည့် အခြေခံရမည့်မူများ ချမှတ်ရေးဆွဲနိုင်ရေးအတွက် အမျိုးသားညီလာခံကြီးကို ကျင်းပဆောင်ရွက်လျက်ရှိကြောင်း၊ အမျိုးသားညီလာခံသည် နိုင်ငံတော်အတွက် မရှိမဖြစ်လိုအပ်သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့်မူများ၊ ဆွေးနွေးညှိနှိုင်းချမှတ်ရန်ကျင်းပသော တစ်နိုင်ငံလုံး၊ တစ်ပြည်ထောင်စုလုံး၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကို ကိုယ်စားပြုသည့် ညီလာခံကြီးဖြစ်ကြောင်း။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင်ပါဝင်မည့် နိုင်ငံတော် အခြေခံမူများသတ်မှတ်ရေးအတွက် ၁၉၉၃ခုနှစ် စက်တင်ဘာလ ၁၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော အမျိုးသားညီလာခံစုံညီအစည်းအဝေးမှ အခြေခံရမည့်မူ ၁၀၄ ချက်ကို ချမှတ်နိုင်ခဲ့ပြီး တိုင်းနှင့်ပြည်နယ် အသီးသီးက ကြိုဆိုထောက်ခံခဲ့ပြီး ဖြစ်ကြောင်း၊ ယခုအခါ အခြေခံမူ ၁၀၄ ချက်နှင့် အသေးစိတ် အခြေခံရမည့် မူများကို ညှိနှိုင်းဆွေးနွေးဆဲကာလဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရက မူဝါဒလမ်းစဉ်(၇)ရပ်ကို နိုင်ငံအသိ၊ ကမ္ဘာအသိ ကြေညာထားသည်နှင့်အညီ ပထမဆုံးမူဝါဒဖြစ်သည့် ၁၉၉၆ခုနှစ်မှစ၍ ယာယီအားဖြင့် ဆိုင်းငံ့ထားသည့် အမျိုးသားညီလာခံကြီးကို ပြန်လည်ကျင်းပခြင်းဟူသည့် မူဝါဒလမ်းစဉ်ကို အကောင်အထည်ဖော်သည့်အနေဖြင့် ၂၀၀၄ ခုနှစ် မေလ ၁၇ ရက်နေ့မှ စတင်ပြီး အမျိုးသားညီလာခံကြီးကို ပြန်လည်ကျင်းပနေပြီ ဖြစ်ကြောင်း။

ထိုကျင်းပခဲ့တဲ့ အမျိုးသားညီလာခံကြီးတွင် အစုအဖွဲ့ရှစ်ဖွဲ့ ကိုယ်စားလှယ်များက နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ရေး၊ဥပဒေပြုရေး၊ တရားစီရင်ရေး၊ အုပ်ချုပ်ရေးဆိုင်ရာများကို ကျေကျေလည်လည် ဆွေးနွေးခဲ့ကြပြီး ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အတွက် အခြေခံမူများနှင့် အသေးစိတ် အခြေခံရမည့်မူများကို ပီပီပြင်ပြင် ချမှတ်နိုင်ခဲ့ပြီးဖြစ်ကြောင်း။

တိုင်းရင်းသားညီအစ်ကိုအပေါင်းတို့သည် ပြည်ထောင်စုမြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် အေးအတူပူအမျှ အတူတကွ နေထိုင်လာခဲ့ကြပြီး ကြုံတွေ့ခဲ့ရသည့် ပြည်တွင်းပြည်ပ အန္တရာယ်အမျိုးမျိုးကိုလည်း စည်းလုံးညီညွတ်စွာ လက်တွဲညီညီ တွန်းလှန်ဖြိုဖျက် အောင်ပွဲဆင်ခဲ့ကြကြောင်း၊ ထို့ကြောင့် ယနေ့ ကျင်းပလျက်ရှိသည့် အမျိုးသားညီလာခံကြီးတွင် ယင်းတိုင်းရင်းသားများကို ကိုယ်စားပြုသည့် တိုင်းရင်းသားကိုယ်စားလှယ် အများစု ပါဝင်တက်ရောက်ဆွေးနွေးပြီး ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်ပေါ်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း။

ဝိုင်းဝန်းလက်တွဲ

နိဂုံးချုပ်အနေဖြင့် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့အလွန် ဖေဖော်ဝါရီ ၁၇ ရက်နေ့တွင် ကျင်းပမည့် အမျိုးသားညီလာခံသည် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ဖြစ်ထွန်းရေးအတွက် အခြေခံဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲနိုင်ရန် အခြေခံရမည့်မူများကို အမျိုးသားညီလာခံကြီးမှ ချမှတ်ပေးရမည်ဖြစ်ရာ အမျိုးသားညီလာခံအောင်မြင်မှ ဒီမိုကရေစီနိုင်ငံတော်သစ် ပေါ်ထွန်းလာမည်ဖြစ်၍ အမျိုးသားညီလာခံ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပြည်သူများနှင့်အတူ ဝိုင်းဝန်းလက်တွဲ အကောင်အထည်ဖော်သွားကြပါစို့ဟု တင်ပြသွားသည်။

ထို့နောက် မြစ်ကြီးနားခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးစိုးမင်းက မြစ်ကြီးနားခရိုင်အတွင်း ကျေးလက်ဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ တင်ပြရာတွင် မိမိတို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် တိုင်းရင်းသားသွေးချင်းအားလုံးတို့၏ အမျိုးသားအကျိုးစီးပွားကိုသယ်ပိုးရန်၊ ပြည်သူများ၏ သားသမီးများနှင့် ဖွဲ့စည်းထူထောင်ထားသော အမျိုးသားရေးအဖွဲ့အစည်းကြီး ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အသင်းသားအားလုံးသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် ကိုယ်တိုင်ကိုယ်ကျ တက်တက်ကြွကြွပါဝင် ဆောင်ရွက်နေကြခြင်းဖြစ်ကြောင်း။

၂၀၀၄-၂၀၀၅ခုနှစ်အတွင်း ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ ပညာရေးကဏ္ဍတွင် မြစ်ကြီးနားမြို့နယ်အသင်းမှအသင်းဝင် ကျောင်းဆရာမများ ခန့်ထားရာ၌ ငွေကျပ် ၂၈၅၀၀ ထောက်ပံ့ပေးခဲ့ပြီး ရွှေစက်(အလက) ကျောင်းဆောင်သစ်အတွက် ငွေကျပ် ၂၀၀၀၀ပေးအပ် လှူဒါန်းခဲ့ကြောင်း၊ ဝိုင်းမော်မြို့နယ်အသင်းမှ စန်းကားကျေးရွာ(အလက) ကျောင်းဆောင်သစ်အတွက် သွပ်အချပ် ၅၀၀ပေးအပ်လှူဒါန်းခဲ့ပြီး ချီဖွေမြို့နယ်အသင်းမှ ၁၀တန်း စာကျက်ဝိုင်းအား ကျောင်းသားကျောင်းသူ ၁၀၀ဖြင့် ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မြစ်ကြီးနားခရိုင်အတွင်း မြစ်ကြီးနား၊ ဝိုင်းမော်၊ တနိုင်း၊ ချီဖွေမြို့နယ်များရှိ ကျေးရွာစာသင်ကျောင်းများသို့ စာရေးခုံပေါင်း ၇၂၆ခုံအား ငွေကျပ် ၅၈သိန်းကျော် အကုန်အကျခံ၍ လှူဒါန်းပေးနိုင်ခဲ့ကြောင်း။

ကျန်းမာရေးကဏ္ဍတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပါရမီဦးအခမဲ့ဆေးကုသရေးအဖွဲ့တို့ ပူးပေါင်း၍ မြစ်ကြီးနားမြို့နယ်တွင် သုံးနေရာနှင့် ဝိုင်းမော်မြို့နယ်တွင် သုံးနေရာတို့၌ လူနာ ၁၅၂၀အား ငွေ ၆၃၄၉၁၅ ကျပ် အကုန်အကျခံ၍ အခမဲ့ ဆေးဝါးကုသပေးခဲ့ကြောင်း၊ မြစ်ကြီးနားမြို့နယ်အသင်းမှ အရေးပေါ် သွေးလိုအပ်သူများအား သွေးပုလင်း ၁၁၂ပုလင်း လှူဒါန်းမှုပြုနိုင်ခဲ့ပြီး တနိုင်းမြို့နယ်အသင်းမှ အမျိုးသားကာကွယ်ဆေး တိုက်ကျွေးခြင်းလုပ်ငန်းတွင် အသင်းဝင် ၅၀ဖြင့် ပါဝင်ကူညီ ဆောင်ရွက်မှုပြုနိုင်ခဲ့ကြောင်း။

လမ်းပန်းဆက်သွယ်ရေး ကဏ္ဍတွင် မြစ်ကြီးနားမြို့နယ်အသင်းမှ မြစ်ကြီးနား-ဆွမ်ပရာဘွမ် မော်တော်ကားလမ်းပြုပြင်ခြင်းလုပ်ငန်း၌ အသင်းဝင် ၃၀ဖြင့် ပါဝင်ဆောင်ရွက်မှုပြုခဲ့ကြကြောင်း။

ကျေးလက်ဒေသရေရရှိရေးနှင့် ပတ်သက်၍ မြစ်ကြီးနားမြို့နယ် အသင်းမှ ဆင်ဘိုမြို့တွင် ပြည်သူများ သောက်သုံးရေရရှိရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

မြစ်ကြီးနားမြို့နယ် ဝိုင်းမော်မြို့နယ်နှင့် တနိုင်းမြို့နယ်တို့တွင် ကျေးလက်မီးလင်းရေးအတွက် အသေးစားရေအားလျှပ်စစ်လုပ်ငန်း ပြုလုပ်ပေးရန် ရှာဖွေဆောင်ရွက်လျက်ရှိကြောင်း။

နိဂုံးချုပ်အနေဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး ဖြစ်ထွန်းပေါ်ပေါက်လာရေးအတွက် အသင်းဝင်များအနေနှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် လက်တွဲညီညီ အတူတကွ ပူးပေါင်းပြီး ကြိုးပမ်းဆောင်ရွက်မည်ဖြစ်ကြောင်း တင်ပြသွားသည်။

မြစ်ကြီးနားခရိုင်အတွင်းရှိ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ဝိုင်းမော်မြို့နယ် နောင်တီး-စန်းကား ကျေးရွာချင်းဆက် လမ်းပေါ်ရှိ နောင်းခံတံတားဆောက်လုပ်ရန်အတွက် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ပံ့ပိုးသောငွေများနှင့် စန်းကားကျေးရွာ အလယ်တန်းကျောင်းခွဲ ကျောင်းဆောင်သစ်အတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ လှူဒါန်းသည့် သွပ်အချပ် ၅၀၀ ဖိုး ကျသင့်ငွေများအား မြစ်ကြီးနားခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးစိုးမင်းက ဝိုင်းမော်မြို့နယ် တွဲဖက်အတွင်းရေးမှူး ဦးဘောမ်ယိန်းသို့ လည်းကောင်း၊ မြစ်ကြီးနားခရိုင်အတွင်းရှိ အခြေခံပညာမူလတန်းကျောင်း ၆၆ ကျောင်းအတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက လှူဒါန်းသော စာရေးခုံ ၇၂၆ ခုံအား မြစ်ကြီးနားခရိုင် အသင်း တွဲဖက်အတွင်းရေးမှူး ဦးစိုးမင်းက မြစ်ကြီးနားခရိုင် ပညာရေးမှူး ဦးဝင်းဖေသို့လည်းကောင်း ပေးအပ်သည်။

ထောက်ခံဆွေးနွေး

ယင်းနောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်း၊အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်မှုများအား ဝိုင်းမော်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူး ဒေါ်အိအိရွှေက ထောက်ခံ ဆွေးနွေးတင်ပြသွားသည်။

ထို့နောက် သဘာပတိက ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်း၊ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ထောက်ခံခြင်းအဆိုများနှင့်စပ်လျဉ်း၍ လူထုပရိသတ်ကြီး၏ ဆန္ဒသဘောထားရယူပြီး တစ်ခဲနက်ဆန္ဒပြုချက်အရ အစည်းအဝေးက အတည်ပြုဆုံးဖြတ်ကြောင်း ကြေညာသည်။

ဆက်လက်၍ အသင်းဝင် ကျောင်းသားကျောင်းသူများက **'ရာသက်ပန်ပြည်ထောင်စု'** သီချင်းအား သီဆိုဂုဏ်ပြုကြပြီး အခမ်းအနားကို ဒို့တာဝန်အရေးသုံးပါး ကြွေးကြော်သံများဖြင့် နံနက် ၉ နာရီ၄၅ မိနစ်တွင် အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

စည်းလုံးချစ်ကြည် ရွှေပြည်သစ်ဆီသို့ ဦးလည်မသုန် ချီတက်ကြပါကုန်အံ့

မြန်မာနိုင်ငံသည် အာရှတိုက်အရှေ့တောင်ပိုင်းတွင် တည်ရှိပြီး လွန်ခဲ့သော နှစ်ပေါင်းနှစ်ထောင်ကျော်မှစ၍ လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်သော နိုင်ငံတော်အဖြစ် ထွန်းပေါ်လာခဲ့သည်။

အိမ်နီးချင်းနိုင်ငံများအဖြစ် မြောက်ဘက်နှင့်အရှေ့မြောက်တွင် တရုတ်နိုင်ငံ၊ အရှေ့ဘက်နှင့် အရှေ့တောင်ဘက်တွင် လာအိုနိုင်ငံနှင့် ထိုင်းနိုင်ငံ၊ တောင်ဘက်တွင် ကပ္ပလီပင်လယ်နှင့် ဘင်္ဂလားပင်လယ်အော်၊ အနောက်ဘက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ အိန္ဒိယနိုင်ငံတို့နှင့် ထိစပ်တည်ရှိနေသည်။

ပမာဏအားဖြင့် ၂၆၁၂၂၈ စတုရန်းမိုင်ရှိပြီး အရှေ့နှင့်အနောက် ၅၈၂ မိုင်ကျယ်ဝန်းကာ တောင်နှင့်မြောက် ၁၂၇၅ မိုင် ရှည်လျားသည်။ နယ်နိမိတ်အားဖြင့် မိုင် ၅၂၀၀ မျှရှည်လျားပြီး အိမ်နီးချင်းနိုင်ငံများနှင့် မိုင်ပေါင်း ၃၈၀၈မိုင် ဆက်စပ်လျက်ရှိသည်။ ရေမိုင်အနေဖြင့် မြောက်ဘက် နတ်မြစ်ဝမှ တောင်ဘက် ဘုရင့်နောင်အငူအထိ ၁၃၈၅မိုင်ခန့် ရှည်လျားကာ ကမ်းရိုးတန်းနှင့် ကမ်းခြေတို့မှ သီးသန့်စီးပွားဇုန်အထိ ဧရိယာစတုရန်းမိုင်ပေါင်း ၁၄၀၀၀ ကျော် ပိုင်ဆိုင်ထားသည်။

တစ်နိုင်ငံလုံး၏ ၅၁ ရာခိုင်နှုန်းကို သစ်တောများ ယှက်နွယ်ဖုံးလွှမ်းနေပြီး သစ်တောဧရိယာ စတုရန်းမိုင် ၁၃၀၀၀၀ ကျော်ရှိသည်။ မြေမျက်နှာသွင်ပြင်အားဖြင့် ကုန်းမြင့်တောင်တန်း ချိုင့်ဝှမ်းလွင်ပြင်များအတွင်း မြစ်ကြီး မြစ်ငယ် အသွယ်သွယ်တို့ ပေါင်းစည်းဆက်နွယ်နေသော တိုင်းပြည်ဖြစ်သည်။ ဧရာဝတီ၊ ချင်းတွင်း၊ သံလွင်နှင့် စစ်တောင်းဟူသည့် မြစ်ကြီးလေးစင်း တသွင်သွင်စီးဆင်းနေပြီး ဧရာဝတီသည် တိုင်းပြည်၏ ဒေါင်လိုက်နီးပါး မိုင် ၁၀၀၀ ကျော်မျှ ရှည်လျားကာ ကမ္ဘာ့တန်းဝင် မြစ်မဟာတစ်ပါးအဖြစ် ထင်ရှားသည်။

ပတ္တမြားကျောက်သံ၊ ကျွန်းသစ်၊ ရေနံ စသည့် သဘာဝသယံဇာတ အမျိုးမျိုးအစားစား ထူးထူးခြားခြား ပေါများသည်။ စပါးကောက်နှံ စိုက်ပျိုးရှင်သန်ပြီး မြေသယံဇာတ၊ ရေသယံဇာတ အခြေခံအကြောင်းတရားများ၊ အမွေခံကောင်းများဖြင့် ကြွယ်ဝသည်။

အရှေ့အာရှနှင့် အရှေ့တောင်အာရှဒေသကြီးနှစ်ခု၏ အလယ်ဗဟိုချက်မ ပထဝီဝင်နိုင်ငံရေးဒေသ၌ အချက်အချာကျကျ သင့်တင့်မျှတစွာ ဆက်ဆံနေထိုင်ပြီး မယိမ်းမယိုင် ဖြောင့်မတ်ကြံ့ခိုင်သော မြန်မာနိုင်ငံကို ကမ္ဘာတစ်လွှား၌ ရွှေနိုင်ငံဟူ၍လည်း လူသိများသည်။

ရွှေတွင်းငွေတွင်း ပယင်းဒုဋ္ဌာ ရတနာ(၇)ပါး စီခြယ်ထားသကဲ့သို့ တည်ရှိနေသော ရွှေနိုင်ငံသည် ရတနာ (၇)သွယ်၊ ပြည်နယ်(၇)ခုနှင့် ရတနာ(၇)ဆိုင်း တိုင်းဒေသကြီး(၇)ခုတို့ဖြင့် တစ်ခုနှင့်တစ်ခု အမှီသဟဲပြုပြီး စုဖွဲ့တည်ထောင်ထားသဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဟူ၍လည်း ထင်ပေါ်ကျော်ကြားသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း အစရှိသော ပြည်ထောင်စုဖွား တိုင်းရင်းသား မျိုးနွယ်စု ၁၀၀ ကျော်တို့သည် အသီးတစ်ရာအညှာတစ်ခု မဏ္ဍိုင်ပြုကာ ကျောချင်းကပ် ရင်ချင်းအပ် မိသားစုစိတ်ဓာတ်ဖြင့် အဓွန့်ရှည်ကြာစွာ မှီတင်း နေထိုင်လာခဲ့ကြသည်။ ပြည်ထောင်စုဖွား တိုင်းရင်းသားများအား အိမ်နီးချင်းဒေသတွင်း နိုင်ငံများက ရွှေနိုင်ငံသား ရွှေမြန်မာများဟု အလေးထားကြသည်။

သားတစ်ရာ မြေးတစ်ဖျာ တိုးပွားလာခဲ့ရာ နှစ်စဉ်လူဦးရေ ၂ ရာခိုင်နှုန်းမြင့်မားနှုန်းဖြင့် လက်ရှိလူဦးရေ ၅၄ ဒသမ၇သန်းခန့် အင်အားရှိထားသည်။ ၁၉၈၈ ခုနှစ်ကာလက ခန့်မှန်းလူဦးရေ ၃၉ဒသမ၃သန်းနီးပါးရှိခဲ့သဖြင့် အသက် ၁၆ နှစ်နှင့်အောက် မျိုးဆက်သစ်အင်အား ၁၅ဒသမ၄သန်း တိုးပွားလာခဲ့သည်။

နိုင်ငံတိုင်းသည် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကာလသုံးပါး ဖြစ်စဉ်ဖြစ်ရပ်များနှင့် ဆက်စပ်ဒွန်တွဲလျက် ဖြစ်ပေါ် ပြောင်းလဲနေစမြဲ ဖြစ်သည်။ မျက်မှောက်ခေတ်၌ သမိုင်းရေးလိုအပ်ချက်အရ နိုင်ငံတော် တာဝန်ကိုယူထားရသော အစိုးရ သည် တပ်မတော်အစိုးရဖြစ်သည်။ တပ်မတော်အစိုးရသည် ခေတ်တစ်ခေတ်ကို ခေါင်းဆောင်ထူထောင်နေသည့် အစိုးရ ဖြစ်သည်နှင့်အညီ ၁၆ နှစ်တာမျှ ထူထောင်ရေးကာလတွင် တိုင်းပြည်ကို နတ်ရေကန်ထဲ ပစ်ချလိုက်သလို တိုးတက်ဖြစ်ပေါ် ပြောင်းလဲစေခဲ့သည်။

၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၂၄ရက်၌ကျင်းပခဲ့သည့် တပ်မတော် နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၇) သင်တန်းဆင်းပွဲ အခမ်းအနားတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက–

သီဟအောင်

"တို့နိုင်ငံမှာ လွတ်လပ်ရေးရပြီးတာနဲ့တစ်ပြိုင်နက် အမျိုးသားစည်းလုံးညီညွတ်မှုဟာ ဆိုးဆိုးရွားရွား ပျက်ပြားသွားပြီး နိုင်ငံတော်အေးချမ်းသာယာမှု ကင်းမဲ့သွားခဲ့ရတယ်။ စိုက်ပျိုးရေးကို အခြေခံတဲ့ မြန်မာ့စီးပွားရေးဟာလဲ တိုးပွားလာတဲ့လူဦးရေအတွက် လုံလောက်ခြင်း မရှိတော့တဲ့ အခြေအနေကို ရောက်ရှိသွားခဲ့တယ်။ အခြားနိုင်ငံတွေဟာ စက်မှုစီးပွားရေးဘဝကို ရရှိနေကြပြီး ဖြစ်ပေမယ့် တို့နိုင်ငံအနေနဲ့တော့ အရင်းအနှီး လက်မဲ့ ဖြစ်ပြီး လမ်းစပျောက်ကာ ခေတ်နောက်မှာ ကျန်ရစ်ခဲ့တယ်။ နောက်ဆုံးမှာတော့ စီးပွားရေးကြောင့် နိုင်ငံရေးဟာ ထိန်းမနိုင်သိမ်းမရအဖြစ်မျိုးကို ရောက်ခဲ့ရတာပဲ ဖြစ်တယ်။

"ဒါကြောင့် စိုက်ပျိုးရေးကိုအခြေခံပြီး အခြားသော စီးပွားရေးကဏ္ဍများကိုလဲ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးဆိုတဲ့စီးပွားရေးဦးတည်ချက်ကို ကနဦး ချမှတ်လုပ်ဆောင်ခဲ့ရတယ်။ တပ်မတော်အစိုးရနဲ့ ပြည်သူတို့လက်တွဲ ကြိုးပမ်းဆောင်ရွက်ခဲ့တာကြောင့် ယနေ့ဆိုရင် လယ်ယာစီးပွားအတွက် အခြေခံအဆောက်အအုံတွေဟာ လိုအပ်တဲ့နေရာတိုင်းမှာ အစုလိုက် အဖွဲ့လိုက် တည်ဆောက်ပြီးဖြစ်တယ်။ နောင်ကိုလဲ ဆက်လက် တည်ဆောက်သွားဦးမှာဖြစ်တယ်။ စိုက်ပျိုးမြေတိုးချဲ့ရေး၊ အထွက်နှုန်းမြှင့်တင်ရေး၊ သီးနှံအမယ်သစ်များ စိုက်ပျိုးရေးတို့ကို အားသွန်ခွန်စိုက်ဆောင်ရွက်ခဲ့ရာမှာ ယနေ့ဆိုရင် ဆန်စပါးဟာ ပိုလျှံလာတဲ့အခြေအနေကို ရရှိခဲ့ပြီးဖြစ်တယ်။

"နိုင်ငံတစ်နိုင်ငံမှာ စားရေရိက္ခာဖူလုံပြီးတဲ့နောက် နိုင်ငံတော်နဲ့ နိုင်ငံသားတွေ ချမ်းသာဖို့အတွက် စက်မှု နိုင်ငံကို ထူထောင်ရမှာဖြစ်တယ်။ စက်မှုနိုင်ငံထူထောင်ဖို့ အရည်အချင်းမြင့်မားတဲ့ လူသားအရင်းအမြစ်တွေ အများကြီးလိုအပ်တယ်။ ဒါ့ကြောင့် အထူးဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခုကို သတ်မှတ်ပြီး တစ်နိုင်ငံလုံး တစ်ချိန်တည်း၊ တစ်ပြိုင်တည်း လူသားစွမ်းရည်မြင့်မားရေး ဖြန့်ကြက်ဆောင်ရွက်လျက်ရှိတယ်။ ဖွံ့ဖြိုးမှု ကွက်လပ်မကျန်ရစေဖို့ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းကိုလဲ ချိတ်ဆက်ဆောင်ရွက်လျက်ရှိတယ်။ ယခုအခါ တို့တိုင်းရင်းသား အားလုံးဟာ ကိုယ့်ဒေသမှာကိုယ် သိပ္ပံနဲ့နည်းပညာကို သင်ယူနိုင်ကြပြီဖြစ်တယ်။ ဒါ့အပြင် စက်မှုထွန်းကားရေးအတွက် အထူးလိုအပ်တဲ့ လျှပ်စစ်စွမ်းအင် တိုးမြှင့်ထုတ်လုပ်ရေးကိုလဲ ဦးစားပေးပြီး ကြိုးပမ်းတည်ဆောက်နေပြီဖြစ်တယ်"

ဟူ၍ တိုင်းရင်းသားပြည်သူများကိုပါ အသိပေးပြောကြားခဲ့သည်။

အမိနိုင်ငံသည် ရွှေနိုင်ငံအမှန်ဖြစ်ရမည်၊ အမိမြေဖွား တိုင်းရင်းသားအားလုံး ရွှေနိုင်ငံသား ရွှေမြန်မာများအဖြစ် ကမ္ဘာတစ်လွှား ထင်ရှားစေရမည်။ ဤသို့သော ဦးတည်ချက်၊ ယုံကြည်ချက်ဖြင့် ဒေသ ၂၂ ခု သတ်မှတ်ပြီး တပ်မတော်အစိုးရသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဟူသည့် ရွှေပြည်သစ်၏အုတ်မြစ်ကို စတင်ချခဲ့သည်။

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး

ရွှေပြည်သစ်၏အုတ်မြစ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှု အထုအထည် ကြီးမားခိုင်ထည်စွာဖြင့် ချခဲ့ခြင်း ဖြစ်သည်။ တစ်မြေတည်းနေ တစ်ရေတည်းသောက်သူများ ပန်းတိုင်မပျောက် လမ်းမှန်လျှောက်နိုင်ရေးအတွက် ရွှေလက် ကမ်းကာ ကြိုဆိုခဲ့သည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၁၇)ဖွဲ့ ဥပဒေဘောင်အတွင်း စတင်ဝင်ရောက်ချိန်မှစပြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းဝင်ဒေသ ၂၂ ခု သတ်မှတ်ကာ ထာဝရငြိမ်းချမ်းသာယာသောဒေသများ၊ ထာဝစဉ်စိမ်းလန်းရှင်သန်သော ဘဝများ ဖြစ်အောင် ပြုစုပျိုးထောင်ပေးခဲ့သည်။

အဆိုပါစီမံကိန်းဝင် နယ်စပ်ဒေသ ၂၂ ခု၏ စုစုပေါင်းအကျယ်အဝန်းမှာ ၈၃၄၁၅ဒသမ၃၄စတုရန်းမိုင်ရှိပြီး မြို့နယ်ပေါင်း ၆၈ မြို့နယ် အကျုံးဝင်လျက်ရှိသည်။ ထိုဒေသများအတွင်း တိုင်းရင်းသားပြည်သူဦးရေ ၅ဒသမ၃သန်းကျော် မှီတင်းနေထိုင်လျက်ရှိရာ လက်ရှိနိုင်ငံ့လူဦးရေ ၁၀ ရာခိုင်နှုန်း၏အကျိုးကို တစ်ဖက်တစ်လမ်းမှ သယ်ပိုးပေးနေခြင်းပင် ဖြစ်သည်။

နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖွံ့ဖြိုးတိုးတက်မှုများ တစ်ဆက် တစ်စပ်တည်း ဖြစ်ထွန်းလာသည်။ တိုင်းရင်းသားလူမျိုးများအားလုံး တပေါင်းတစည်းတည်း ဖြစ်လာခဲ့သည်။ နိုင်ငံတော်က စဉ်ဆက်မပြတ် မရပ်မနားပျိုးထောင်ပေးနေသဖြင့် မိုးသောက်ပန်းပမာ လန်းဆန်းလာသော နယ်စပ်ဒေသများ၏ ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်ကို ရွှေပြည်သစ်၏ ပထမဆုံးအုတ်မြစ်အဖြစ် အနှစ်ချုပ်တင်ပြအပ်ပေသည်–

အမျိုးအမည်	၁၉၈၈	၁၂-၂-၂၀၀၅	တိုးတက်မှု
ဖွံ့ဖြိုးရေးဒေသများ	**မရှိ**	၂၂	၂၂
လမ်းတံတားလုပ်ငန်း			
– မြေလမ်းမိုင်	မရှိ	၃၀၉၃/၄	၃၀၉၃/၄
– ကျောက်လမ်းမိုင်	မရှိ	၁၈၇၁/၁	၁၈၇၁/၁
– ကတ္တရာလမ်းမိုင်	မရှိ	၃၂၉/၀	၃၂၉/၀
– လမ်းပြုပြင်ထိန်းသိမ်းမှုမိုင်	မရှိ	၃၁၆၂/၆	၃၁၆၂/၆
– တံတား(ကြီး/ငယ်/ကြိုး)	မရှိ	၅၅/၆၉၄/၃၂	၅၅/၆၉၄/၃၂
ကျန်းမာရေးလုပ်ငန်း			
– ဆေးရုံ	မရှိ	၅၇	၅၇
– ဆေးပေးခန်း	မရှိ	၈၀	၈၀
– ကျေးလက်ကျန်းမာရေးဌာန	မရှိ	၃၅	၃၅
– ကျေးလက်ကျန်းမာရေးဌာနခွဲ	မရှိ	၆၄	၆၄
ပညာရေးလုပ်ငန်း			
– မူလတန်း	မရှိ	၆၅၇	၆၅၇
– အလယ်တန်း	မရှိ	၆၁	၆၁
– အထက်တန်း	မရှိ	၇၂	၇၂
– ဆရာ၊ဆရာမဦးရေ	မရှိ	၃၇၃၃	၃၇၃၃
– ကျောင်းသားဦးရေ	မရှိ	၁၁၈၂၂၉	၁၁၈၂၂၉
စိုက်ပျိုးရေးလုပ်ငန်း			
– စိုက်ပျိုးရေးရုံး	မရှိ	၃၁	၃၁
– စိုက်ပျိုးရေးစခန်း	မရှိ	၁၁၇	၁၁၇
– တည်ဆောက်ပြီးဆည်	မရှိ	၄၆	၄၆
– တိုင်းတာပြီးဆည်	မရှိ	၁၇	၁၇
– တူးမြောင်း	မရှိ	၅	၅
– မြေယာဖော်ထုတ်ခြင်း(ဧက)	မရှိ	၁၈၆၀.၂၄	၁၈၆၀.၂၄
သစ်တောလုပ်ငန်း			
– ကြိုးဝိုင်း(သတ်မှတ်/စီစဉ်ဆဲ)	မရှိ	၈	၈
– သစ်စက်	မရှိ	၁၂	၁၂
– ပျိုးဥယျာဉ်	မရှိ	၇	၇
မွေးမြူရေးလုပ်ငန်း			
– မွေးမြူရေးခြံ	မရှိ	၁၉	၁၉
– တိမွေးကုရုံး	မရှိ	၄၁	၄၁
– နွား၊မြည်း၊သိုးဖြန့်ဖြူးခြင်း	မရှိ	၃၈	၃၈
စွမ်းအင်လုပ်ငန်း			
– လျှပ်စစ်မီးစက်	မရှိ	၂၅၈	၂၅၈
– မီးလင်းသည့်မြို့/ရွာ	မရှိ	၁၉၂	၁၉၂
– ရေအားလျှပ်စစ်မြို့/ရွာ	မရှိ	၉	၉
ပြည်သူ့ဆက်ဆံရေးလုပ်ငန်း			
– ရုပ်/သံလွှင့်စက်ရုံ	မရှိ	၁၀၀	၁၀၀
သတ္တုတူးဖော်ထုတ်လုပ်ရေးလုပ်ငန်း			
– ပတ္တမြား(ကရက်)	မရှိ	၂၄၉၂၈၀.၆	၂၄၉၂၈၀.၆
– နီလာ(ပွင့်ရေ)	မရှိ	၅၀၇.၇၀	၅၀၇.၇၀
ဆက်သွယ်ရေးလုပ်ငန်း			
– စာတိုက်	မရှိ	၄၇	၄၇
– ကြေးနန်းလုပ်ငန်း	မရှိ	၄၂	၄၂
– တယ်လီဖုန်းလုပ်ငန်း	မရှိ	၈၀	၈၀
အကုန်အကျခံသုံးစွဲမှု(ကျပ်သန်း)	**မရှိ**	**၆၃၃၅၃.၄၅**	**၆၃၃၅၃.၄၅**
– နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ	မရှိ	၃၃၇၈၉.၁၃	၃၃၇၈၉.၁၃
– ဝန်ကြီးဌာနများ၏အသုံးစရိတ်	မရှိ	၂၉၅၆၄.၃၂	၂၉၅၆၄.၃၂

မူးယစ်ဆေးဝါးပပျောက်ရေး

နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းသည် သစ္စာ–မေတ္တာစီမံကိန်းကြီး ဖြစ်သည်။ အကာကိုပစ်၍ အနှစ်ကိုရှာကြခြင်း ဖြစ်၍ နယ်စပ်ဒေသ၏ လူမှုစီးပွားရေး အခြေအနေများသည် မျှော်မှန်းသည်ထက် ပိုမို တိုးတက်အောင်မြင်ခဲ့သည်။ အကျိုးဆက်အဖြစ် နယ်ချဲ့၏ဆိုးမွေအဖြစ် ကျန်နေရစ်သည့် မူးယစ်ဆေးဝါးစိုက်ပျိုးထုတ်လုပ်မှုကိုပါ သိသိသာသာ လျော့နည်းကျဆင်းလာစေခဲ့သည်။ ဆိုးမွေကို လက်မခံ၊ ကောင်းမွေကိုဆက်ခံနိုင်အောင် ကြောင်းကျိုးဆီလျော် ဖော်ဆောင်ပေးနေသည့် မျက်မှောက်ခေတ်၏ အောင်မြင်မှုတစ်ခုကို အောက်ပါမူးယစ်ဆေးဝါးပပျောက်ရေးကြိုးပမ်းမှု အခြေပြဇယားက သာဓကပြုနေပေသည်–

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြု

၁၉၈၈ ခုနှစ်နောက်ပိုင်း ပြည်ထောင်စုတစ်ဝန်းဖွံ့ဖြိုးတိုးတက်မှုမြင်ကွင်း

ပြည်နယ်ပြည်မ ဆက်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် ကယားပြည်နယ် လွိုင်ကော်မြို့တွင် တည်ဆောက်ပေးထားသော မိုက်ကရိုဝေ့ဗ် ဆက်သွယ်ရေးစခန်းကို ဤသို့တွေ့ရသည်။
(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)



ဂျိုင်း(ကော့ကရိတ်)တံတား

နိုင်ငံတော်က ကရင်ပြည်နယ် ဖွံ့ဖြိုး တိုးတက်ရေးအတွက် ၁၉၉၉ ခုနှစ် မေလ ၂၂ရက်နေ့က ကော့ကရိတ်မြို့နယ်ရှိ ဂျိုင်းမြစ်ကို ဖြတ်ကျော် တည်ဆောက်ဖွင့်လှစ်ပေးခဲ့သည့်ဂျိုင်း(ကော့ကရိတ်) တံတားကို ဤသို့တွေ့ရသည်။
(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့တွင် တည်ဆောက်ဖွင့်လှစ်ပေးခဲ့သည့် အစိုးရကွန်ပျူတာကောလိပ်(ကျိုင်းတုံ) ပင်မအဆောက်အအုံသစ်ကို ဤသို့ လှပခံ့ညားစွာ တွေ့ရသည်။
(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

ပန်ဆန်း(ပန်ခမ်း)မြို့

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုး တိုးတက်ရေးအတွက် ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၅)ရှိ ပန်ဆန်း(ပန်ခမ်း)မြို့ကို ဖွံ့ဖြိုးတိုးတက်အောင် ဤသို့ ဆောင်ရွက်ပေးခဲ့သည်။
(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

တနင်္သာရီကမ်းရိုးတန်း မုတ္တမကမ်းလွန်တွင် မြန်မာ့ပင်လယ်ပြင်မှ သဘာဝဓာတ်ငွေ့ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေသည့် ရတနာသဘာဝဓာတ်ငွေ့ တူးဖော်ရေး လုပ်ကွက် အမှတ်(၁)ကို တွေ့ရစဉ်။
(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

ဇိုက္ကရဲရေထိန်းတံခါး

မွန်ပြည်နယ် သထုံမြို့နယ် အောင်ကန်သာကျေးရွာအနီး ဇိုက္ကရဲ တူးမြောင်းဘေးတွင် တည်ဆောက်ထားသည့် ရေတံခါးပေါက် ၂၁ ပေါက်ပါရှိသော ကွန်ကရစ် အမျိုးအစား ဇိုက္ကရဲရေထိန်းတံခါးကို ဤသို့ တွေ့ရသည်။
(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)



စာမျက်နှာ ၈ မှ

အမျိုးအမည်	၁၉၈၈	၁၂-၂-၂၀၀၅	တိုးတက်မှု
ဘိန်းခင်းစိုက်ပျိုးမှုလျှော့ချခြင်း(ဧက)	၆၁၅၆၂	၂၀၅၇	၉၆%ကျဆင်း
ဘိန်းခင်းဖျက်ဆီးမှုတိုးမြှင့်ခြင်း(ဧက)	၂၁၁.၃၅	၁၆၄၉၆၅.၂၄	၁၆၃၇၅၃.၈၉ (ဖျက်ဆီး)
ဘိန်းမျိုးစေ့များအပ်နှံလာခြင်း(ပြည်)	မရှိ	၁၀၀၂၅၇.၅၇	၁၀၀၂၅၇.၅၇ (ဖျက်ဆီး)
ဖမ်းမိမူးယစ်ဆေးဝါးများဖျက်ဆီးမှု	**-**	**၅၀**	**၅၀**
- ရန်ကုန်	-	၁၈	၁၈
- ပြည်နယ်/တိုင်း	-	၃၂	၃၂
အစားထိုးသီးနှံစိုက်ပျိုးမှုမြှင့်တင်ခြင်း			
- နှစ်ချင်းသီးနှံဧက	မရှိ	၁၂၉၀၀၆၅	၁၂၉၀၀၆၅
- နှစ်ရှည်သီးနှံဧက	မရှိ	၁၄၀၀၈၈	၁၄၀၀၈၈
ပြုစုပျိုးထောင်ရေးစခန်း	၂	၃	၁
မူးယစ်ဆေးဝါးပပျောက်ရေးပြတိုက်	မရှိ	၃	၃

စိုက်ပျိုးရေး

၁၉၈၈ ခုနှစ်ကာလက မြန်မာနိုင်ငံ၏စိုက်ပျိုးမြေဧရိယာမှာ ဧက ၂၄ ဒသမ၈သန်းကျော်သာ ရှိခဲ့သည်။ မြေလွတ် မြေရိုင်းဧက ၂၀ဒသမ၈သန်းခန့် ကျန်နေသေးသည်။ ထိုစဉ်က စပါးစိုက်ဧကမှာ ၁၁ သန်းခွဲကျော်မျှ ဖြစ်သည်။ စိုက်ပျိုးရေးစွမ်းအား ကျဆင်းနေသဖြင့် စပါးထုတ်လုပ်မှုသည် တင်းပေါင်း ၆၅၃ သန်းခွဲ၌ တန့်နေခဲ့သည်။

လူဦးရေက တိုးမြဲတိုးလျက်ရှိသည်။ လယ်ယာကဏ္ဍ အခြေခံကျေးလက်ဒေသများ၌ တစ်နိုင်ငံလုံး၏ လူဦးရေ ၇၀ ရာခိုင်နှုန်း ရှိနေသည်။ စပါးစိုက်ပျိုးထုတ်လုပ်မှုကို နှစ်ဆတိုးအောင် ကြိုးစားမှ တန်ကာကျတော့မည်။ ပြည်တွင်း၌ ဖူလုံရုံမက ပြည်ပသို့ပါ ရောင်းချနိုင်ရေးအတွက် ၁၉၉၂-၉၃ မှစ၍ လယ်ယာကဏ္ဍ ပြုပြင်ပြောင်းလဲမှုများကို စီမံကိန်းချမှတ်၍ မဖြစ်မနေ ကြိုးပမ်းအားထုတ်ခဲ့သည်။ မိုးစပါး ၁၂ သန်း၊ နွေစပါး ၄ သန်း စုစုပေါင်း စပါးဧက ၁၆ သန်းစိုက်ပျိုးပြီး စပါးတင်းသန်း ၁၀၀၀ ထွက်ရှိရေးအတွက် နည်းလမ်းအသွယ်သွယ်ဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

၁၉၈၈ ခုနှစ်အထိ ဆည်တမံပေါင်း ၁၃၈ ခုသာရှိခဲ့သည်။ ရေသွင်းစိုက်ဧက ၄ဒသမ၄သန်းသာရှိသဖြင့် သီးထပ် စိုက်ဧရိယာအဖြစ် စိုက်ပျိုးမြေဧက ၃ သန်းခွဲခန့်သာ အသုံးချနိုင်ခဲ့သည်။ မြေပိုအသုံးကျဖို့ ရေကိုအသုံးချရမည်။ လိုအပ်သည့်ဒေသ၊ ဖြစ်နိုင်သမျှနေရာတိုင်းတွင် ဆည်တမံများ တည်ဆောက်ပေးခဲ့သည်။ ၁၆ နှစ်တာ ကာလအတွင်း ဆည်တမံ ၁၇၀ ပေါ်ထွန်းလာသည်။ ဆည်မြောင်းလက်တံ မရောက်နိုင်သော စိုက်ပျိုးမြေများအတွက်လည်း ချောင်းမြောင်း တမံပိတ်ဆို့မှု၊ စက်ရေတွင်း၊ လက်ရိုက်တွင်း တူးဖော်မှုများဖြင့် စိုက်ပျိုးရေ စုစည်းပေးခဲ့သည်။

မြစ်ရေ၊ ချောင်းရေကို အလဟဿမဖြစ်စေဘဲ မြစ်ရေတင်လုပ်ငန်းများဖြင့် နိုင်ငံအကျိုးပြုအင်အားစုများဖြစ်အောင် ဖော်ဆောင်ခဲ့သည်။ မြစ်ရေတင်လုပ်ငန်း ၂၇၁ ခုဖြင့် အကျိုးပြုမြေဧကများ တိုးပွားအောင် ကြိုးစားခဲ့သည်။

သီးထပ်စိုက်ဧက ၁၀ သန်းအထိ ဖြစ်ထွန်းလာသည်။ မိုးစပါးဧက ၁၄ သန်းကျော်၊ နွေစပါးဧက ၂ သန်းနီးပါး၊ စုစုပေါင်း စပါးစိုက်ဧက ၁၆ သန်းကျော်ဖြင့် မြန်မာနိုင်ငံသည် အာရှတိုက်၏စပါးကျီတစ်ခုအဖြစ် ခေါင်းမော်နိုင်နေပြီ ဖြစ်သည်။ စပါးတင်းသန်း ၁၀၀၀ကျော်ရုံမျှမက ယခုနှစ်၌ တင်းပေါင်း ၁၁၉၅သန်းအထိ စိုက်ပျိုးထုတ်လုပ်နိုင်မည်ဟု ခန့်မှန်းထားသည်။

ဆန်စားသုံးမှုကို အားပြုထားသော ရွှေမြန်မာတို့အတွက် မြေကြီးက ရွှေသီးသည့်ခေတ် ပြန်ဖြစ်လာသည်။ ယခင်က ဒေသဆန်မဖူလုံသော ပြည်နယ်နှင့်တိုင်းအချို့ ကိုယ့်ခြေထောက်ပေါ်ကိုယ် ရပ်တည်နိုင်ခဲ့သည်။ ပြည်ပပို့ကုန် ပဲမျိုးစုံ၊ ဆီထွက်သီးနှံနှင့် စက်မှုကုန်ကြမ်းသီးနှံ စိုက်ပျိုး ထုတ်လုပ်မှုပါ တစ်ဟုန်ထိုး တိုးတက်လာခဲ့သည်။

တပ်မတော်အစိုးရက နောင်တွင်ဖြစ်ပေါ်လာမည့် လူဦးရေသန်း ၁၀၀ ကျော်၏ စားဝတ်နေရေးဘဝ မတောင့်မတ မကြောင့်ကြရအောင်ပါ ကြိုတင်မျှော်တွေးပြီး ဆောင်ရွက်ပေးနေခြင်းဖြစ်သည်။ အချိန်တိုကာလအတွင်း လက်ခမောင်း ခတ်လောက်အောင် တစ်ရှိန်ထိုး တိုးတက်ပြောင်းလဲလာသော မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုသည် နတ်လူသာခုခေါ်ထိုက်သည့် ကောင်းမှုကေန် အမှန်ဖြစ်ကြောင်း အောက်ပါဇယားက သက်သေပြနေပေသည်-

အမျိုးအမည်	၁၉၈၈	၁၂-၂-၂၀၀၅	တိုးတက်မှု
မြေသယံဇာတ			
- စိုက်ပျိုးမြေဧက(သန်း)	၂၄.၈	၂၆.၆	၁.၈
- မြေလွတ်မြေရိုင်းဧက(သန်း)	၂၀.၈	၁၆.၂	စိုက်ပျိုးမြေတိုး
စိုက်ပျိုးရေရရှိရေးကြိုးပမ်းမှု			
- **ဆည်၊တာတမံစီမံကိန်းကြီးများ**	**၁၃၈**	**၃၅၁**	**၂၁၃**
- ဆောင်ရွက်ပြီးလုပ်ငန်း	၁၃၈	၃၀၈	၁၇၀
- ဆောင်ရွက်ဆဲလုပ်ငန်း	မရှိ	၃၃	၃၃
- ဆောင်ရွက်မည့်လုပ်ငန်း	မရှိ	၁၀	၁၀
- ဆောင်ရွက်ပြီးအကျိုးပြုဧက*	၄၄၁၄၇၉၈	၆၇၀၉၃၆၇	၂၂၉၄၅၆၉
- **မြစ်ရေတင်လုပ်ငန်း**	**မရှိ**	**၃၇၆**	**၃၇၆**
- ဆောင်ရွက်ပြီးလုပ်ငန်း	မရှိ	၂၇၁	၂၇၁
- ဆောင်ရွက်ဆဲလုပ်ငန်း	မရှိ	၃၄	၃၄
- ဆောင်ရွက်မည့်လုပ်ငန်း	မရှိ	၇၁	၇၁
- ဆောင်ရွက်ပြီးအကျိုးပြုဧက	မရှိ	၃၀၃၀၃၆	၃၀၃၀၃၆
- **ချောင်းမြောင်းတမံပိတ်ဆို့မှု**	**မရှိ**	**၁၂၄၀**	**၁၂၄၀**
- နှစ်စဉ်ပျမ်းမျှအကျိုးပြုဧက	မရှိ	၁၉၀၇၃၇	၁၉၀၇၃၇

အမျိုးအမည်	၁၉၈၈	၁၂-၂-၂၀၀၅	တိုးတက်မှု
- **မြေအောက်ရေတွင်းများ**	**မရှိ**	**၇၅၃၅**	**၇၅၃၅**
- အကျိုးပြုဧက	မရှိ	၉၀၄၈၄	၉၀၄၈၄
- **စုစုပေါင်းအကျိုးပြုဧက**	**၄၄၁၄၇၉၈**	**၇၂၀၃၁၄၀**	**၂၇၈၈၃၄၂**
သီးထပ်ဧကဖြစ်ထွန်းမှု	**၃၄၄၆၉၉၉**	**၁၀၀၈၈၈၉၉**	**၆၆၄၁၉၀၀**
စပါးတိုးမြှင့်စိုက်ပျိုးမှု			
- မိုးစပါးစိုက်ဧက(သန်း)	၁၁.၅၃	၁၄.၃၉	၂.၈၆
- နွေစပါးစိုက်ဧက(သန်း)	မရှိ	၁.၉၄	၁.၉၄
- တစ်ဧကအထွက်နှုန်း(တင်း)	၅၂.၇၆	၆၉.၀၃	၁၆.၂၇
- စုစုပေါင်းထုတ်လုပ်မှုတင်း(သန်း)	၆၅၃.၅	၁၁၉၅.၂	၅၄၁.၇
- နိုင်ငံ့ဝမ်းစာဖူလုံမှု	**-**	**၁၄၃ %**	**၁၄၃ %**
ပဲမျိုးစုံစိုက်ဧက	**၂၀၂၂၁၉၃**	**၈၅၇၈၅၁၃**	**၆၅၅၆၃၂၀**
ဝါစိုက်ဧက	၄၂၄၈၀၅	၇၇၈၆၅၉	၃၅၃၈၅၄
ကြံစိုက်ဧက	၁၃၃၃၈၃	၃၆၁၀၂၇	၂၂၇၆၄၄
ဂုန်လျှော်စိုက်ဧက	-	၆၆၆၂၅	၆၆၆၂၅
အစေ့ထုတ်ပြောင်းစိုက်ဧက	**၃၉၄၉၇၃**	**၇၅၈၁၃၂**	**၃၆၃၁၅၉**
ပန်းဂျုံစိုက်ဧက	မရှိ	၁၀၄၀၆	၁၀၄၀၆
ရော်ဘာစိုက်ဧက	**၁၉၂၈၉၆**	**၄၉၁၁၅၃**	**၂၉၈၂၅၇**
ဆီအုန်းစိုက်ဧက	၁၈၂၂၀	၁၃၇၆၁၀	၁၁၉၃၉၀
လက်ဖက်စိုက်ဧက	၁၄၆၁၄၇	၁၉၅၇၂၂	၄၉၅၇၅
ငရုတ်ကောင်းစိုက်ဧက	၇၈၆	၅၉၄၆၃	၅၈၆၇၇
ကော်ဖီစိုက်ဧက	၂၈၀၄၁	၃၄၉၂၃	၆၈၈၂
ဆီထွက်သီးနှံစိုက်ဧက			
- မြေပဲ	၁၃၂၇၃၂၂	၁၆၅၉၆၀၃	၃၃၂၂၈၁
- နှမ်း	၂၉၃၂၇၉၂	၃၅၁၅၈၁၉	၅၈၃၀၂၇
- နေကြာ	၆၄၅၄၈၆	၁၃၁၇၂၂၄	၆၇၁၇၃၈
- မုန်ညင်း	၄၄၈၇၂	၁၉၄၆၂၁	၁၄၉၇၄၉
- ပန်းနှမ်း	၉၃၆၁၂	၂၆၃၆၁၂	၁၇၀၀၀၀

***၁၉၈၈ခုနှစ် အကျိုးပြုဧကတွင် ထိုခေတ်ကာလအထိတည်ရှိခဲ့သော ရေကန် ၃၃၇ ကန်၏ အကျိုးပြုမှုလည်း ပါဝင်ပါသည်။**

မွေးမြူရေးနှင့်ရေလုပ်ငန်း

မြန်မာနိုင်ငံ၌ ရေချိုရေငန် ငါးပုစွန်သယံဇာတ ကြွယ်ဝသည်။ ပတ်ဝန်းကျင်ညစ်ညမ်းမှု မရှိသဖြင့် ရေခံမြေခံ ကောင်းသည်။ ရေချိုပိုင်းအဖြစ် ဧရာဝတီ၊ ချင်းတွင်း၊ စစ်တောင်း၊ သံလွင်မြစ်ကြီးများနှင့် မြစ်လက်တက် များတွင် ရေပြင်ဟက်တာ ၈ဒသမ၂သန်းရှိသည်။ နှစ်စဉ် ခြောက်လမှ ရှစ်လခန့် အထိ ရေဖုံးလွှမ်းသည့်ဧရိယာ ဟက်တာခြောက်သန်း ခန့်ရှိပြီး ဆည်၊ ကန်နှင့် ရေလှောင်တမံ ဟက်တာ ၁ဒသမ၈သန်း ရှိနေသည်။

အသားကဏ္ဍအတွက် တိရစ္ဆာန်မွေးမြူရေးခြံများကို လုပ်ခင်းလုပ်ကွက်ကြီး များဖြင့် စီးပွားဖြစ်လုပ်ဆောင်နိုင်သော အခြေခံကောင်းများလည်းရှိသည်။ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုအရ ဧရာဝတီမြစ်ထဲသို့ ငါးမျိုးသားပေါက်ကောင်ရေ ၁၈၆၇ သိန်းကျော် မျိုးစိုက်ထည့်ထားပြီးဖြစ်သည်။ စိုက်ပျိုးရေးနှင့်အတူ သားငါးကဏ္ဍကိုပါ ယှဉ်တွဲ တိုးတက်လာအောင် ဖော်ဆောင်ပေးလျက်ရှိသဖြင့် မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍကလည်း မြန်မာပြည်၏ ဟင်းအိုးကြီးကို အရံသင့်တည်ထားပေးသလို ရှိနေပေသည်-

အမျိုးအမည်	၁၉၈၈	၁၂-၂-၂၀၀၅	တိုးတက်မှု
တိရစ္ဆာန်တိုးချဲ့မွေးမြူမှု*			
- ကျွဲ	၂၂၄၁	၂၆၄၉	၄၀၈
- နွား	၁၀၀၈၂	၁၁၉၁၀	၁၈၂၈
- သိုး/ဆိတ်	၁၄၆၃	၂၁၈၉	၇၂၆
- ဝက်	၃၁၁၈	၅၂၃၀	၂၁၁၂
- ကြက်	၃၃၄၄၁	၇၁၄၉၈	၃၈၀၅၇
- ဘဲ	၆၂၀၈	၈၄၂၅	၂၂၁၇
- ကြက်ဆင်၊ဘဲငန်း၊မန်ဒါလီ	၈၅၃	၉၇၈	၁၂၅
- ငုံး	မရှိ	၁၇၃	၁၇၃
- နွားနောက်	မရှိ	၄၁	၄၁
ငါးပုစွန်တိုးချဲ့မွေးမြူမှု			
- ငါးမွေးမြူရေးကန်ဧက	၆၃၀၀	၁၆၇၆၀၃	၁၆၁၃၀၃
- စပါးငါးတွဲဖက်စိုက်ပျိုးမှု(ဧက)	မရှိ	၁၀၅၈၆.၉၅	၁၀၅၈၆.၉၅
- ကောင်ရေ(သိန်း)	မရှိ	၄၈.၈၄	၄၈.၈၄
- ပုစွန်မွေးရေပြင်(ဧက)	**၃၀**	**၂၀၇၆၃၆**	**၂၀၇၆၀၆**
- ငါးမျိုးထုတ်လုပ်ဖြန့်ဖြူးမှု			
- မျိုးစိုက်မှု(သိန်း)	၃၁.၂၉	၂၁၄၈.၉၈	၂၁၁၇.၆၉
- ရောင်းချမှု(သိန်း)	၆၄.၀၅	၂၈၄၄.၇၄	၂၇၈၀.၆၉
ဧရာဝတီမြစ်ထဲငါးမျိုးထည့်မှု(သိန်း)	**မရှိ**	**၁၈၆၇.၃၄**	**၁၈၆၇.၃၄**

သစ်တောပြုစုပျိုးထောင်မှု

တပ်မတော်အစိုးရသည် တိုင်းပြည်နှင့်လူမျိုးကို သစ်တောချစ်သော တိုင်းပြည်၊ သစ်ပင်ချစ်ခင်သောလူမျိုးဖြစ်အောင် ပျိုးထောင်ပေးလျက်ရှိသည်။ တစ်နိုင်ငံလုံး၏ ၅၀ ရာခိုင်နှုန်း သစ်တောများဖုံးလွှမ်းနေသည့်တိုင် ဆက်လက်မထိန်းသိမ်းနိုင်လျှင်၊ တိုးပွားအောင်မကြိုးစားလျှင် သဲထဲရေသွန်သလို ဖြစ်သွားနိုင်သည်။ ထိုအရေးကို ကြိုတွေးပြီး စိမ်းလန်းစိုပြည်ရေးကဏ္ဍကိုပါ ဆက်စပ်ဖော်ဆောင်ပေးခဲ့သည်။

မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်းတို့တွင်ပါဝင်သည့် ကိုးခရိုင်စိမ်းလန်းစိုပြည်ရေးအတွက် ရေအရင်းအမြစ်များ ရှာဖွေဖော်ထုတ်၍ ရေရရှိအောင်ဆောင်ရွက်ရန်၊ သစ်တောသစ်ပင် ထိန်းသိမ်းကာကွယ်ရန်နှင့် တိုးချဲ့စိုက်ပျိုးရန်၊ ကျေးရွာသုံး ထင်းစိုက်ခင်းများထူထောင်ရန်၊ ထင်းအစားအခြားလောင်စာအသုံးပြုမှု ကျယ်ပြန့်စွာတိုးချဲ့ရန်ဟူ၍ လုပ်ငန်းစဉ် (၄)ရပ် ချမှတ်ဆောင်ရွက်စေခဲ့သည်။

၁၉၉၄-၉၅ ခုနှစ်က စတင်ခဲ့ပြီး ၁၃ ခရိုင်အထိ တိုးချဲ့ဆောင်ရွက်ပေးခဲ့သဖြင့် အညာမြေမှာ ရွှေမိုး ငွေမိုးရွာသည့်နှယ် မိုးဖြိုင်ဖြိုင်ကျရွာသောလများ တိုးပွားလာသည်။ ရာသီဥတုမျှတလာသည်။ ရွှေကိုမလို ရေကိုသာလိုသော အညာဒေသအတွက် ရွှေပင်ရွှေခက်ပျိုး၍ ရွှေမိုးငွေမိုးကိုခေါ်ပေးလျက်ရှိနေကြောင်းကို အောက်ပါသစ်တောပြုစုပျိုးထောင်မှုနှင့် စိမ်းလန်းစိုပြည်ရေး ဇယားများက စကားလက်ဆောင်ပါးလျက် ရှိနေပေသည်-

သစ်တောပြုစုပျိုးထောင်မှု

*** စတုရန်းမိုင**
***အပင်(သန်း)**

အမျိုးအမည်	၁၉၈၈	၁၂-၂-၂၀၀၅	တိုးတက်မှု
ကြိုးဝိုင်းတော*	၃၈၃၉	၄၆၈၈၉	၈၀၅၀
ကြိုးပြင်ကာကွယ်တော*	မရှိ	၁၂၅၄၀	၁၂၅၄၀
သဘာဝနယ်မြေဧရိယာ*	၂၀၇၃.၉၃	၁၂၄၃၃.၂၆	၁၀၃၅၉.၃၃
သစ်တောစိုက်ခင်းထူထောင်ခြင်း(ဧက)	၇၉၁၁၅	၁၃၀၁၄၅၈	၁၂၂၂၃၄၃
- ကျွန်းအထူးစိုက်ခင်းဧက	မရှိ	၁၄၀၀၀၀	၁၄၀၀၀၀
- စီးပွားရေးစိုက်ခင်းဧက	၄၂၀၈၃	၄၉၃၁၂၅	၄၅၁၀၄၂
- ကျေးရွာသုံးစိုက်ခင်းဧက	၁၆၆၃၀	၂၈၆၈၅၄	၂၇၀၂၂၄
- စက်မှုကုန်ကြမ်းစိုက်ခင်းဧက	၁၃၆၉၀	၁၂၆၀၉၅	၁၁၂၄၀၅
- ရေဝေရေလဲစိုက်ခင်းဧက	၆၇၁၂	၂၅၅၃၈၄	၂၄၈၆၇၂
သစ်ဆိမ့်ပင်စိုက်ခင်းဧက	မရှိ	၁၉၂၅၀	၁၉၂၅၀
လူထုလှုပ်ရှားမှုသစ်ပင်စိုက်ပျိုးခြင်း*	၄.၅၁	၂၁၀.၂၅	၂၀၅.၇၄

စိမ်းလန်းစိုပြည်ရေး

အမျိုးအမည်	၁၉၈၈	၁၂-၂-၂၀၀၅	တိုးတက်မှု
- **စိုက်ခင်းတည်ထောင်ခြင်း(ဧက)**	မရှိ	၂၀၃၉၇၆	၂၀၃၉၇၆
- သစ်ထင်းစိုက်ခင်းဧက	မရှိ	၉၂၃၄၀	၉၂၃၄၀
- ရေဝေရေလဲစိုက်ခင်းဧက	မရှိ	၆၆၅၅၀	၆၆၅၅၀
- တောင်တန်းစိုက်ခင်းဧက	မရှိ	၁၅၈၂၅	၁၅၈၂၅
- သုတေသနစိုက်ခင်းဧက	မရှိ	၄၁၆	၄၁၆
- အခြားစိုက်ခင်းဧက	မရှိ	၂၄၆၄၅	၂၄၆၄၅
- သစ်ဆိမ့်စိုက်ခင်းဧက	မရှိ	၄၂၀၀	၄၂၀၀
သဘာဝတောထိန်းသိမ်းကာကွယ်မှုဧက	မရှိ	၁၀၇၉၄၃၁	၁၀၇၉၄၃၁
ထင်းအစားထိုးလောင်စာ			
- စွမ်းအားမြှင့်မီးဖို	မရှိ	၃၆၉၃၃၆	၃၆၉၃၃၆
- လောင်စာတောင့်	မရှိ	၆၁၈၂၆	၆၁၈၂၆
- စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်း	မရှိ	၁၅၅၄၂၁	၁၅၅၄၂၁
ရေရရှိရေးဆောင်ရွက်မှု			
- ရေကန်ငယ်	မရှိ	၁၂၂၂	၁၂၂၂
- နှန်းတားဆည်	မရှိ	၁၀၄၄	၁၀၄၄
- မြေအောက်ရေတူးဖော်ခြင်း	မရှိ	၆၅	၆၅
ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေး			
- **စိုက်ခင်းတည်ထောင်ခြင်း(ဧက)**	မရှိ	၆၄၄၀	၆၄၄၀
- သစ်ထင်းစိုက်ခင်းဧက	မရှိ	၁၁၅	၁၁၅
- ရေဝေရေလဲစိုက်ခင်းဧက	မရှိ	၅၆၇၅	၅၆၇၅
- အခြားစိုက်ခင်းဧက	မရှိ	၃၅၀	၃၅၀
- သစ်ဆိမ့်ပင်စိုက်ခင်းဧက	မရှိ	၃၀၀	၃၀၀
- **သဘာဝတောထိန်းသိမ်းကာကွယ်မှု(ဧက)**	မရှိ	၂၂၅၀၀	၂၂၅၀၀
- ရွှေပုံတောင်စိမ်းလန်းစိုပြည်ရေးစိုက်ခင်းဧက	မရှိ	၁၆၀၀	၁၆၀၀

ပို့ဆောင်ရေးနှင့်လမ်းပန်းဆက်သွယ်ရေး

မလာချင်လျှင်ခရီးဝေး၊ လာချင်လျှင်အနီးကလေးဟု ဆိုရိုးစကားရှိခဲ့သည်။ တပ်မတော်အစိုးရလက်ထက်တွင် လာချင်လျက်နှင့် အလာမခက်အောင်၊ မလာချင်လာချင်အောင် လမ်းတံတားကဏ္ဍကို ဖော်ဆောင်ပေးနေသည်။ မျက်မှောက်ခေတ် လမ်းတံတားများသည် မြစ်ချောင်းများနှင့် မြစ်လက်တက် ချောင်းလက်တက်များသဖွယ် မြန်မာပြည်ကို ဒေါင်လိုက်ရောကန့်လန့်ဖြတ်ပါ ဖြတ်သန်းစီးဆင်းလျက်ရှိသည်။

တောင်တန်းများပေါ်သို့ မြွေလိမ်မြွေကောက်တက်သွားသောလမ်းများ၊ ကုန်းပြင်မြင့်ဒေသမှ လွှန်းထိုးပြီး ဆင်းလာသော ရထားလမ်းများ၊ ဥမင်ကိုထိုးဖောက်နေသော ရထားလမ်းများ၊ မြစ်ကိုကျော် ချောင်းကိုဖြတ်သန်းထားသော တံတားကြီးငယ်များသည် ၁၉၈၈ ခုနှစ် ဟိုမှာဘက်ပိုင်းကာလအတွင်း ခရီးပြင်းနှင်လာရသူများအတွက် မယုံနိုင်စရာ အိပ်မက်သဖွယ် ဖြစ်နေပေလိမ့်မည်။

မန္တလေး-မြစ်ကြီးနား၊ မန္တလေး-ဗန်းမော်၊ မြစ်ကြီးနား-ပူတာအို၊ ဘားအံ-ဇာသပြင်-မော်လမြိုင်၊ တောင်ကြီး- ရှာငံ-ဟံမြင့်မိုရ်၊ ပျဉ်းမနား-ပင်လောင်း၊ စစ်တွေ-အမ်း-မင်းဘူး၊ ကော့သောင်း-ဘုတ်ပြင်း-ထားဝယ်-မော်လမြိုင်၊ တောင်ကုတ်-မအီ-ကျောက်ဖြူ၊ မုံရွာ-ခန္တီး စသည့် ပြည်ထောင်စုလမ်းမကြီးများ ထီးထီးမားမား တိုးပွားလာသည်။

မင်းဘူး-ဆိပ်ဖြူ-ပခုက္ကူ-မုံရွာလမ်းနှင့် မင်းလှ-သရက်-ပြည်ကားလမ်းတို့ကို ဧရာဝတီမြစ်အနောက်ဘက်ခြမ်း ဒေသများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး ဖောက်လုပ်ပေးခဲ့သည်။ နတ်မောက်နှင့်မကွေး၊ မုံရွာနှင့် ကလေးဝ၊ တောင်ငူမှ ပြည်၊ ပျဉ်းမနားမှသည် တောင်တွင်းကြီးအရောက် အရှေ့မှအနောက် ဖြတ်သန်းသည့် ကားလမ်းသစ်များ ဖြစ်ထွန်းခဲ့သည်။

ပြည်-အောင်လံ-တောင်တွင်းကြီးရထားလမ်းဖြင့် အလယ်ရိုးမကို ဖြတ်ကျော်နိုင်ကြပြီ။ ပခုက္ကူ-ကျောရထား လမ်းဖြင့် ပုံတောင်ပုံညာတောင်တန်းကို ဖြတ်သန်းနိုင်လိမ့်မည်။ ရွှေညောင်-တောင်ကြီး-ဆိုက်ခေါင်ရထားလမ်းဖြင့် ရှမ်းတောင်တန်းကို ဖြတ်သန်းသွားနိုင်သည်။ ပခုက္ကူ-ချောင်းဦး၊ ဘုတလင်-ရေဦး-ခင်ဦး၊ ပြည်-အောင်လံ-တောင်တွင်းကြီး- ပန်းတောင်း-ပုဂံ-ညောင်ဦး၊ နမ့်စန်-မိုးနဲ၊ အောင်ပန်း-လွိုင်ကော်၊ ရေး-ထားဝယ်၊ ရေမျက်နီ-ဂန့်ဂေါ-ကလေး၊ ရွှေညောင်-ရပ်စောက် ရထားလမ်းခရီးစဉ်များ ပေါက်ခဲ့သည်။

မအူပင်၊ နဝဒေး၊ ဒေးဒရဲ၊ ဗိုလ်မြတ်ထွန်းဟူ၍ ဧရာဝတီမြစ်ကူးတံတားကြီးများ ပေါ်ထွန်းခဲ့သည်။ ဗလမင်းထင်၊ အနော်ရထာ၊ ဧရာဝတီ(မကွေး)နှင့် မန္တလေးမှာ ရတနာပုံ တံတားသစ်ကြီးများဖြင့် ပြည့်စုံလာသည်။ ချင်းတွင်းမှာ နှစ်စင်း၊ စစ်တောင်းမှာသုံးစင်း၊ သံလွင်မှာငါးစင်း၊ တံတားအသစ်ကြီးများ ခင်းပေးနေသည်။ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့**

စာမျက်နှာ ၁၀ မှ

လေကြောင်းပို့ဆောင်ရေးအနေဖြင့် ဂျက်လေယာဉ်ဆင်းသက်နိုင်သည့် လေယာဉ်ကွင်းများ တိုးပွားလာကာ ယခု ၁၇ ကွင်းအထိ ရှိနေသည်။ ဟဲဟိုး၊ မြိတ်နှင့် ညောင်ဦးလေယာဉ်ကွင်းများကို တိုးချဲ့ပေးပြီး ဟုမ္မလင်း၊ မုံရွာ၊ မကွေး၊ အမ်း၊ ပခုက္ကူနှင့် ကျောက်ထုလေယာဉ်ကွင်းများကို အသစ်တည်ဆောက်ပေးခဲ့သည်။ ခန္တီး၊ ဗန်းမော်၊ လားရှိုးလေယာဉ်ကွင်း တည်ဆောက်ရေး စီမံကိန်းများ၊ ကျိုင်းတုံ၊ ရန်ကုန်နှင့် ပုသိမ်လေယာဉ်ကွင်း တိုးချဲ့ရေး စီမံကိန်းများ၊ ရန်ကုန်နှင့် အနီးစခန်းလေဆိပ်တည်ဆောက်ရေး လုပ်ငန်းများကို ဆောင်ရွက်နေဆဲ ဖြစ်သည်။

ရေကြောင်းပို့ဆောင်ရေးအနေဖြင့် ပြည်တွင်းသင်္ဘောဆိပ်ခံတံတား ၂၆ စင်းနှင့် နိုင်ငံခြားသင်္ဘောဆိပ်ခံတံတား ၁၆ စင်း တိုးချဲ့တည်ဆောက်ပေးနိုင်ခဲ့သည်။ ရေကြောင်းလမ်း၊ လေကြောင်းလမ်း၊ ရထားလမ်း၊ ကားလမ်း အဖုံဖုံကို တစ်နိုင်ငံလုံး လွှမ်းခြုံဖောက်လုပ်ပေးနေသည်မှာ ပြည်ထောင်စုကြီး၏ စည်းလုံးညီညွတ်မှုနှင့် လူမှုစီးပွားရေး အသက်သွေးကြောများကို ဆက်စပ်ပေးနေသည့်နှယ်သက်ရောက်၍ လက်ရာလည်းမြောက်လှသည်။

တပ်မတော်အစိုးရ ခင်းပေးထားသောလမ်းနှင့် ထမ်းပေးထားသော တံတားများသည် မျက်မှောက်ခေတ်၌ ပြည်သူတို့ လျှောက်လှမ်းသောလမ်းကို ဖြောင့်တန်းသာယာစေလျက်ရှိကြောင်း အောက်ပါနှိုင်းယှဉ်ချက်ဇယားက ဖွင့်ဆိုနေသည်–

အမျိုးအမည်	၁၉၈၈	၁၂–၂–၂၀၀၅	တိုးတက်မှု
ရထားပို့ဆောင်ရေး			
– ရထားလမ်းခရီးမိုင်	၁၉၇၆.၃၅	၃၀၄၂.၃၉	၁၀၆၆.၀၄
– ရထားသံလမ်းမိုင်	၂၇၉၃.၈၆	၃၉၅၂.၉၀	၁၁၅၉.၀၄
– လူကူးတံတားနှင့်ခုံးကျော်တံတား	၇၀	၉၁	၂၁
– ဘူတာရုံ	၄၈၇	၇၈၀	၂၉၃
– ရထားလမ်းတံတား			
– ပေ(၁၈၀)အထက်	၁၅၇	၁၉၁	၃၄
– ပေ(၁၈၀)အောက်	၅၄၉၃	၉၀၂၈	၃၅၃၅
လေကြောင်းပို့ဆောင်ရေး			
– ပြေးလမ်းပေ(၅၀၀၀)အထက် လေယာဉ်ကွင်း	၂၁	၃၈	၁၇
– ပြေးလမ်းပေ(၅၀၀၀)အောက် လေယာဉ်ကွင်း	၄၅	၃၅	အဆင့်တိုးမြှင့်
ရေကြောင်းပို့ဆောင်ရေး			
– ဆိပ်ခံတံတား(ပြည်တွင်းသင်္ဘော)	၆၅	၉၁	၂၆
– ဆိပ်ခံတံတား(နိုင်ငံခြားသင်္ဘော)	၁၃	၂၉	၁၆
ကားလမ်းမကြီးများ			
တိုးချဲ့ဖောက်လုပ်မှု(မိုင်)	**၁၃၆၃၅/၀**	**၁၈၆၄၀/၃**	**၅၀၀၅/၃**
– ကတ္တရာလမ်းမိုင်	၅၅၄၃/၀	၈၉၇၂/၂	၃၄၂၉/၂
– ကျောက်ခင်းလမ်းမိုင်	၁၅၆၉/၀	၃၃၅၉/၅	၁၇၉၀/၅
– အမာခံလမ်းမိုင်	၃၆၂၈/၀	၃၀၈၉/၄	အဆင့်တိုးမြှင့်
– မြေသားလမ်းမိုင်	၂၈၉၅/၀	၃၂၁၉/၀	၃၂၄/၀
ကားလမ်းတံတားများတိုးချဲ့တည်ဆောက်မှု			
– ပြည်သူ့ဆောက်လုပ်ရေး			
– ပေ(၁၈၀)အထက်တံတား			
– တည်ဆောက်ပြီးတံတား	၁၉၈	၃၇၇	၁၇၉
– တည်ဆောက်ဆဲတံတား	–	၄၁	၄၁
– တည်ဆောက်မည့်တံတား	–	၁၅	၁၅
– ပေ(၁၈၀)အောက်တံတား	၃၃၀၅	၅၁၁၃	၁၈၀၈
– မြန်မာ့မီးရထား(ပေ၁၈၀အထက်)	–	၇	၇
– တပ်မတော်အင်ဂျင်နီယာ (ပေ၁၈၀အထက်)	–	၇	၇
– လျှပ်စစ်စွမ်းအား(ပေ၁၈၀အထက်)	–	၁	၁

ဆက်သွယ်ရေး

ကမ္ဘာနှင့်အဝန်း ဖွံ့ဖြိုးတိုးတက်နေသော သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာနှင့်အညီ မြန်မာ့ဆက်သွယ်ရေးကဏ္ဍကိုလည်း ခေတ်မီမီကမ္ဘာ့ကြည့် ကြည့်ပြီး တိုးချဲ့တည်ဆောက်ပေးလျက်ရှိသည်။ ပြည်ထောင်စုကြီး၏ မိုးကုပ်စက်ဝိုင်းအဆုံးအထိ ဆက်သွယ်ရေးကွန်ရက် လွှမ်းခြုံချိတ်ဆက်မိအောင် တိုးမြှင့်ဖော်ဆောင်ပေးနေပုံကို အောက်ပါ နှိုင်းယှဉ်ချက်ဇယားတွင် တွေ့ရှိနိုင်ပါသည်–

* (လူ၁၀၀၀လျှင်)

အမျိုးအမည်	၁၉၈၈	၁၂–၂–၂၀၀၅	တိုးတက်မှု
စာတိုက်စခန်း	၁၁၁၄	၁၃၃၁	၂၁၇
ကြေးနန်းရုံး	၃၁၀	၄၈၃	၁၇၃
ဖက်စ်စီမီလီ	၁၀	၄၀၄၉	၄၀၃၉
ကွန်ပျူတာကြေးနန်း	မရှိ	၈၀	၈၀
ပြည်တွင်းဖက်စ်လုပ်ငန်း	–	–	–
တယ်လီဖုန်းလုပ်ငန်း			
– တယ်လီဖုန်းရုံး	၂၄၅	၈၂၆	၅၈၁
– လိုင်းအင်အား	၇၁၈၅၅	၄၄၇၀၉၇	၃၇၅၂၄၂
– အိတ်ချိန်း	၂၄၅	၆၁၉	၃၇၄
– တိုက်ရိုက်လိုင်း	၆၇၀၁၆	၃၈၇၂၇၄	၃၂၀၂၅၈
– အော်တို/လက်သုံးတယ်လီဖုန်း	၆၇၀၁၆	၃၀၀၉၈၇	၂၃၃၉၇၁
– အော်တိုရေဒီယိုတယ်လီဖုန်း	မရှိ	၄၀၄၄	၄၀၄၄
– CDMA တယ်လီဖုန်း	မရှိ	၃၀၂၉၇	၃၀၂၉၇
– ဆယ်လူလာတယ်လီဖုန်း	မရှိ	၁၈၇၆၀	၁၈၇၆၀
– DECT တယ်လီဖုန်း	မရှိ	၂၅၇၂	၂၅၇၂
– GSM တယ်လီဖုန်း	မရှိ	၃၀၆၁၄	၃၀၆၁၄
– တယ်လီဖုန်းသိပ်သည်းဆ*	၁.၈၂	၇.၂၇	၅.၄၅
မိုက်ကရိုဝေ့ဗ်စခန်း	၇၁	၂၂၄	၁၅၃
ကျေးလက်တယ်လီဖုန်းအိတ်ချိန်း	မရှိ	၂၀၇	၂၀၇
အီးမေးလ်၊အင်တာနက်	မရှိ	၅၆၅၀	၅၆၅၀
X.25 Line လိုင်း	မရှိ	၁၄၉	၁၄၉

အမျိုးအမည်	၁၉၈၈	၁၂–၂–၂၀၀၅	တိုးတက်မှု
မိုက်ကရိုလင့်	–	–	–
ပြည်တွင်းဂြိုဟ်တုဆက်သွယ်ရေးစခန်း			
– DOMSAT	မရှိ	၅	၅
– VSAT	မရှိ	၁၅	၁၅
– iPSTAR	မရှိ	၂၃	၂၃

လျှပ်စစ်စွမ်းအား

မျက်မှောက်ခေတ်၏ ဖွံ့ဖြိုးတိုးတက်မှုခြေလှမ်းသည် အမြင့်ထက်သို့ တစ်ဆင့်တက်လှမ်းနေပြီဖြစ်သည်။ နိုင်ငံအတွင်း မြစ်ချောင်းများ နှစ်ပေါင်းများစွာ စီးဆင်းလျက်ရှိရာ ရေစီးဆင်းမှုပမာဏ နှစ်စဉ်ဧကပေ သန်းပေါင်း ၈၇၀ ရှိသည်။ ထိုရေစီးဆင်းမှုကို နေရာပေါင်း ၂၆၇ နေရာမှ ဇက်သတ်ထိန်းချုပ်ရေအားလျှပ်စစ် ထုတ်လုပ်လျှင် မဂ္ဂါဝပ် ၄၀၀၀၀ ပမာဏအထိ ရရှိနိုင်သည်။

ဆည်တမံများကိုပုံအောပြီး တည်ဆောက်ပေးထားသည်။ လမ်းတံတားများကို ကွက်ပြည့်နင်းပြီး ခင်းပေးထားသည်။ သမင်လည်ပြန်နောက်ဆံတင်းစရာမရှိတော့၊ ဦးလည်မသုန်အရှိန်အဟုန်ဖြင့် ခုန်ပျံကျော်လွှားနိုင်ချေရှိပြီ။ ရေအားလျှပ်စစ်အစွမ်းဖြင့် ရှေ့သို့တက်လှမ်းရန် ကြိုးပမ်းအားထုတ်ပေးနေပြီဖြစ်သည်။

၁၉၈၈ ခုနှစ်က တစ်နိုင်ငံလုံး ဓာတ်အားယူနစ် ၁၅၁၈ သန်းခန့်သာ သုံးခဲ့ရသည်။ ယခုအခါ တိုးတက်လာသော လူနေမှုအဆင့်အတန်းနှင့်အညီ ယူနစ် သန်းပေါင်း ၅၄၆၁ အထိ သုံးနိုင်လျက်ရှိသည်။ ဤသို့ သုံးစွဲနိုင်ရန်အတွက် ရေအားလျှပ်စစ်စက်ရုံမျိုးစုံ ၃၀ အထိ တည်ဆောက်ပေးခဲ့သည်။ တည်ဆောက်ဆဲ စီမံကိန်း ၂၀ ရှိရာ အားလုံးပြီးစီးလျှင် စက်တပ်ဆင်အင်အား ၅၈၆၃ မဂ္ဂါဝပ် မြင့်မားလာမည်ဖြစ်သည်။

အမိမြေက အမွေပေးထားသည့် ရေအားလျှပ်စစ်စွမ်းအား အချိုးအစားနှင့် တွက်ကြည့်လျှင် ရှစ်ပုံတစ်ပုံမျှသာ ရှိနေပါဦးမည်။ တပ်မတော်အစိုးရလက်ထက်၌ တိုးတက်လာသည့်လူဦးရေနှင့် ဖွံ့ဖြိုးလာသည့်လူနေမှုကို ရှိစုမဲ့စု တစ်ခုပြီးတစ်ခု အနေအထားမှ ဖူဖူလုံလုံ သုံးမကုန်သည့် အခြေအနေသို့ ရောက်အောင် အောက်ပါအတိုင်း ဖြည့်ဆည်းဆောင်ရွက် ပေးလျက်ရှိနေပေသည်–

အမျိုးအမည်	၁၉၈၈	၁၂–၂–၂၀၀၅	တိုးတက်မှု
ဓာတ်အားသုံးစွဲမှုယူနစ်(သန်း)	၁၅၁၇.၅၇၀	၅၄၆၁.၀၈၉	၃၉၄၃.၅၁၉
အမြင့်ဆုံးဝန်အား(မဂ္ဂါဝပ်)	၃၆၃.၆၇၈	၉၉၆.၇၆၁	၆၃၃.၀၈၃
စက်တပ်ဆင်အင်အား(မဂ္ဂါဝပ်)	**၇၀၁.၄၂၃**	**၁၆၇၀.၇၇၃**	**၉၆၉.၃၅၀**
လျှပ်စစ်ဓာတ်အားတိုးမြှင့်ထုတ်လုပ်မှု			
– တည်ဆောက်ပြီးရေအားလျှပ်စစ်စက်ရုံ	**၁၄**	**၄၄**	**၃၀**
– အကြီးစား(၁၀မဂ္ဂါဝပ်အထက်)	၂	၁၀	၈
– အလတ်စား(၁–၁၀မဂ္ဂါဝပ်)	၁	၁၀	၉
– အသေးစား(၁မဂ္ဂါဝပ်အထိ)	၁၁	၂၄	၁၃
– တည်ဆောက်ဆဲစီမံကိန်းများ			
– အကြီးစား(၁၀မဂ္ဂါဝပ်အထက်)	–	၂၀	၂၀
– စက်တပ်ဆင်အင်အား*	**မရှိ**	**၄၈၉၃.၅၀၀**	**၄၈၉၃.၅၀၀**
အခြားဓာတ်အားပေးစက်ရုံများ			
– စွန့်ပစ်အပူသုံးစက်ရုံ	မရှိ	၄	၄
– ရေနွေးငွေ့သုံးစက်ရုံ	၃	၃	–
– သဘာဝဓာတ်ငွေ့သုံးစက်ရုံ	၈	၁၁	၃
– ကျောက်မီးသွေးသုံးစက်ရုံ	မရှိ	၁	၁
– ဒီဇယ်ဆီသုံးစက်ရုံ	၅၈၈	၅၆၇	မဟာဓာတ်အားတိုး
– စက်တပ်ဆင်အင်အား*	**၄၇၃.၅၉၇**	**၁၀၂၉.၄၅၁**	**၅၅၅.၈၅၄**
ရှိလာမည့်စက်တပ်ဆင်အင်အား*	**၇၀၁.၄၂၃**	**၆၅၆၄.၂၇၃**	**၅၈၆၂.၈၅၀**

စက်မှုလက်မှု

တွင်းထွက်သယံဇာတ တစ်မျိုးပြီးတစ်မျိုး မရိုးနိုင်အောင် ထွက်ရှိသည်။ စက်မှုကုန်ကြမ်းသီးနှံ တစ်နှံပြီးတစ်နှံ မြေလှန်၍ စိုက်နိုင်သည်။ လူ့စွမ်းအားအရင်းအမြစ် တစ်နှစ်ပြီးတစ်နှစ် ထွန်းသစ်နေသည်။ လျှပ်စစ်စွမ်းအားအလီလီ ရရှိတော့မည်။

စိုက်ပျိုးရေးကိုအခြေခံသော နိုင်ငံမှသည် စက်မှုနိုင်ငံဆီသို့ ကူးပြောင်းချီတက်ရန်အစပျိုးပေးထားပြီဖြစ်သည်။ လိုအပ်သော နေရာဒေသများ၌ ဆည်များကို စုဖွဲ့တည်ဆောက်ပေးထားသလို ပြန့်ကျဲနေသော စက်မှုလုပ်ငန်းများကို စုစည်းပြီး စက်မှုဇုန်များ တည်ထောင်ပေးထားသည်။

နိုင်ငံတော်၏အားပေးကူညီမှုဖြင့် စက်မှုဇုန် ၁၉ ဇုန်တွင် လုပ်ငန်းပေါင်း ၈၄၆၃ ခု ဖြစ်ထွန်းနေသည်။ ရင်းနှီးမြှုပ်နှံမှု ငွေကျပ်သန်းပေါင်း ၃ သိန်းအထိ ပမာဏရှိပြီး ထုတ်လုပ်တန်ဖိုး ငွေကျပ်သန်းပေါင်း သိန်း ၂၀ နေပြီဖြစ်သည်။ ပုဂ္ဂလိကစက်ရုံ ၄၂၇၀၇ ရုံအထိမြင့်တက်လာသကဲ့သို့ အိမ်တွင်းစက်မှုလုပ်ငန်းပေါင်း ၈၅၀၀ ဖြစ်တည်လာသည်။

နိုင်ငံပိုင်စက်ရုံ ၁၉၂ ရုံ တိုးမြှင့်တည်ဆောက်ခဲ့သဖြင့် စက်ရုံပေါင်း ၈၃၃ ရုံအထိ ရှိနေသည်။ စက်မှုဖွံ့ဖြိုးသောနိုင်ငံပေါ်ထွန်းရေး အဘက်ဘက်မှ အားပေးလျက်ရှိ၍ အလုပ်အကိုင်အခွင့်အလမ်းများ ပွင့်လန်းပြီး စက်မှုလက်မှုကဏ္ဍ အသားတင်ထုတ်လုပ်မှုပါ မြင့်တက်လာခဲ့သည်–

အမျိုးအမည်	၁၉၈၈	၁၂–၂–၂၀၀၅	တိုးတက်မှု
စက်မှုစွမ်းအားမြှင့်တင်ခြင်း			
– စက်မှုဇုန်များ	**မရှိ**	**၁၉**	**၁၉**
– လုပ်ငန်းပေါင်း	မရှိ	၈၄၆၃	၈၄၆၃
– ပုဂ္ဂလိကစက်ရုံ	**၂၆၈၇၂**	**၄၂၇၀၇**	**၁၅၈၃၅**
– အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ	**မရှိ**	**၈၅၀၀**	**၈၅၀၀**
နိုင်ငံပိုင်စက်ရုံအလုပ်ရုံများ	**၆၄၁**	**၈၃၃**	**၁၉၂**

သတ္တုနှင့်တွင်းထွက်သယံဇာတ

အမိမြေက ရွှေနိုင်ငံသားများအတွက် နေ့စဉ် ရွှေဥများ ဥပေးထားသည့်နှယ် ကျောက်မျက်၊ ကျောက်စိမ်း၊ ပုလဲနှင့် တွင်းထွက်သယံဇာတအမျိုးမျိုး တစ်ပုံတစ်ပင် စုံလင်အောင်ပေးထားသည်။ ကမ္ဘာကျော်ပတ္တမြား၊ ကမ္ဘာကျော် ကျောက်စိမ်း၊ ကမ္ဘာကျော်ပုလဲများထွက်ရှိရာ ရတနာမြေဖြစ်၍ ဒါဒို့မြေ၊ ဒါဒို့ပြည်၊ ဒို့ပိုင်တဲ့မြေဟု ဂုဏ်ယူဝင့်ကြွားနိုင်ပေသည်။ ကျောက်စိမ်း၊ ကျောက်မျက်၊ စိန်၊ ရွှေရတနာမြေများနှင့် ငွေ၊ ကြေးနီ၊ ခဲသွပ်သတ္တုရိုင်း၊ သွပ်သတ္တုရိုင်း၊ ကျောက်မီးသွေး၊ ကျောက်ဂွမ်း၊ ဆာပင်တီနိုက်၊ ထုံးကျောက်(စက်မှု)၊ ထုံးကျောက်(အလှဆင်)၊ ဘရိုက်တီးကျောက်၊ ခနောက်စိမ်း၊ ခဲမဖြူ၊ အဖြိုက်နက်၊ ဂေါဒန်၊ သံကျောက်၊ သလင်းကျောက်၊ သင်ပုန်းကျောက် ၊ အင်ကြင်းကျောက်၊ မာဘယ်လ်၊ မီးခံမြေစေး၊ မြေဖယောင်း၊ ဖန်ချက်သဲ၊ ဂရက်နိုက်နှင့် ပုလဲရတနာများကို ထုတ်လုပ်ရရှိနေသည်။

စွမ်းအင်ကဏ္ဍ

မြေကြီးမှရွှေသီးအောင် စွမ်းဆောင်ပေးနေသလို မြေထဲမှ ရွှေမည်းထွက်အောင်လည်း ကြံဆောင်ပေးလျက်ရှိသည်။ ပြည်ထောင်စုဖွား တိုင်းရင်းသားတို့သည် မရှိအတူရှိအတူ အေးအတူပူအမျှ ကံတူအကျိုးပေး လှသူများဟု ဆိုရပါမည်။ မုတ္တမပင်လယ်ကွေ့တွင် ရတနာကမ်းလွန်ရေနံမြေ၊ ရခိုင်ကမ်းလွန်ပင်လယ်ပြင်တွင် ရွှေ၊ တနင်္သာရီပင်လယ်ပြင်ဆီမှာ ရဲတံခွန်အလံတွေ တလူလူဝေနေပါသည်။ သဘာဝဓာတ်ငွေ့သိုက်များက နှောင်နှစ်ပေါင်းများစွာ ပြည်မြန်မာချမ်းသာကြွယ်ဝရေး ဖြည့်ဆည်းပေးသွားမည်ဖြစ်သည်။

အမျိုးအမည်	၁၉၈၈	၁၂–၂–၂၀၀၅	တိုးတက်မှု
ရေနံမြေ(ကုန်းတွင်းပိုင်း)*	၁၉	၁၈	လုပ်ငန်းပြီးစီး(၁)
– ရေနံမြေ(ကမ်းလွန်)	–	၃	၃
– သဘာဝဓာတ်ငွေ့ပိုက်လိုင်းအရှည်(မိုင်)	၂၅၀.၉၁	၁၆၇၇.၂၉	၁၄၂၆.၃၈
– ရေနံစိမ်းထုတ်လုပ်မှု(စည်)	၆၁၆၅၆၄၁	၆၃၉၅၄၈၈	၂၂၉၈၄၇
– ဓာတ်ငွေ့ထုတ်လုပ်မှု(ကုဗပေသန်း)	၄၁၉၁၃.၉၇	၃၇၁၀၆၂.၁၀	၃၂၉၀၄၈.၁၃
– ရေနံစိမ်းချက်လုပ်မှု(ဂါလန်သန်း)	၁၅၆.၄၆၁	၂၃၀.၇၉၆	၇၄.၃၃၅

*** ရေနံမြေ(ကုန်းတွင်းပိုင်း)**

ပက်ပယ်၊ အဖျောက်၊ ကျောက်ခွက်၊ လက်ပံတို၊ သာကြီးတောင်၊ စပယ်နှင့် ညောင်တုန်းရေနံမြေ(၇)ခု ထပ်မံတွေ့ရှိခဲ့သည်။ လေးထောင်၊ ပြရည်၊ ပြလို့၊ တက်မ၊ ငရုန်တောင်၊ ဘုရားကုန်း(စိန်ဟိုင်း)၊ ဘုရားကုန်း(ကျားကိုက်)နှင့် ထန်းတပင် ရေနံမြေ(၈)ခု လုပ်ငန်းပြီးစီးခဲ့သည်။ အင်းတိုင်ကို ၁၉၉၆ ခုနှစ်၌ တွေ့ရှိခဲ့ပြီး ၂၀၀၂ ခုနှစ်တွင် ပိတ်ခဲ့သည်။ အင်းတော်ကို ၂၀၀၂ ခုနှစ်၌ တွေ့ရှိခဲ့ပြီး ၂၀၀၄ ခုနှစ် ဒီဇင်ဘာလတွင် ပိတ်ခဲ့သည်။

ပညာရေး

သဘာဝအရင်းအမြစ် ကျစ်လျစ်ခိုင်မာစွာတည်ရှိနေသော အမိမြေတွင် လူ့စွမ်းအားအရင်းအမြစ်များ ဆပွားတိုးတက်မှု အမျိုးအတွက် အကျိုးဆက်ကောင်းမည်ဖြစ်သည်။ နိုင်ငံတော်က မျိုးဆက်သစ်လူငယ်များကို ပညာခေတ်၏ စိန်ခေါ်မှုအား ရင်ဆိုင်ကျော်လွှားနိုင်သူများ ဖြစ်စေရေး မျှော်တွေးပျိုးထောင်လျက်ရှိသည်။

ယနေ့လူငယ် နောင်ဝယ်လူကြီးဖြစ်လာမည့် သားသမီးရတနာများကို ဆင်စီးမြင်းရံ တင့်တယ်စေရန်အတွက် ဘက်ပေါင်းစုံမှ မြှင့်တင်ပေးနေသည်။ နိုင်ငံတစ်ဝန်း လေ့လာသင်ယူမှု အခွင့်အလမ်းများ တစ်ပြေးညီပွင့်လန်းစေရန်အတွက် ပညာရေးဝန်ကြီးဌာနက တက္ကသိုလ်၊ ကောလိပ် ၆၄ ခုအထိ ဖြန့်ကြက်ဖွင့်လှစ်ပေးထားသည်။

အခြေခံပညာပျိုးထောင်မှုတွင် ယခင်က ကျောင်းပေါင်း ၃၃၄၇၄ ကျောင်းရှိခဲ့ရာမှ ယခု ၄၀၅၂၁ ကျောင်း ရှိနေပြီဖြစ်၍ ၆၇၄၄ ကျောင်း တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့သည်။ ကျေးလက်ဒေသမှ ကျောင်းသားကျောင်းသူများ အိုးမကွာ အိမ်မကွာ ပညာသင်ကြားနိုင်ရေးနှင့် ပညာရေးအဟောသိကံ မဖြစ်စေရေးအတွက် မူလတန်းလွန်ကျောင်းပေါင်း ၄၇၃၆ကျောင်းကို အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးခဲ့သည်။

မြန်မာလူမျိုးများသည် ထက်မြက်သောလူမျိုး၊ ကြံရည်ဖန်ရည်ရှိပြီး လုပ်ရည်ကိုင်ရည်ရှိသောလူမျိုးများဖြစ်သည်အညီ စိုက်ပျိုးရေးနိုင်ငံမှ စက်မှုနိုင်ငံ၊ စက်မှုနိုင်ငံမှ ပညာနိုင်ငံ ကူးပြောင်းမှုအဆင့်ဆင့်တွင် ပါဝင်နိုင်တော့မည်ဖြစ်သည်။

သက်ကြီးစာတတ်မြောက်နှုန်းတွင် အရှေ့တောင်အာရှ၌ အကောင်းဆုံးအဆင့်တွင် စာရင်းဝင်လျက်ရှိသော မျက်မှောက်ခေတ် မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍ ဆပွားတိုးတက်မှုကို အောက်ပါဇယား၌ ကြည့်ရှုနိုင်ပေသည်–

အမျိုးအမည်	၁၉၈၈	၁၂–၂–၂၀၀၅	တိုးတက်မှု
အခြေခံပညာပျိုးထောင်မှု			
– ကျောင်းအင်အား	၃၃၇၄၇	၄၀၅၂၁	၆၇၇၄
– အထက်တန်း	၇၂၂	၁၉၄၂	၁၂၂၀
– အလယ်တန်း	၁၆၉၆	၂၅၈၈	၈၉၂
– မူလတန်းလွန်	မရှိ	၄၇၃၆	၄၇၃၆
– မူလတန်း	၃၁၃၂၉	၃၁၂၅၅	အဆင့်တိုးမြှင့်
– မာလ်တီမီဒီယာစာသင်ခန်း	–	၁၅၉၃	၁၅၉၃
– ဆရာ၊ဆရာမဦးရေ	၁၇၃၇၇၂	၂၄၀၈၇၈	၆၇၁၀၆
– ကျောင်းသားဦးရေ	၅၂၃၉၈၇၈	၇၇၈၃၄၀၀	၂၅၄၃၅၂၂
– ဆရာအတတ်သင်ပညာရေး			
– ပညာရေးကောလိပ်	၁၄	၂၀	၆
– ဆရာ၊ဆရာမဦးရေ	၄၅၆	၈၆၀	၄၀၄
– သင်တန်းသားဦးရေ	၄၅၁၆	၃၅၈၃၈	၃၁၃၂၂
– သူငယ်တန်းကျောင်းဝင်နှုန်း	၆၇.၁၃%	၉၆.၅၆%	၂၉.၄၃%
– သက်ကြီးစာတတ်မြောက်မှုနှုန်း	၇၉.၇၃%	၉၃.၃၀%	၁၃.၅၇%
– ပညာရေးအဟောသိကံဖြစ်မှုနှုန်း			
– မူလတန်းအဆင့်	၄၀.၉၉%	၁၄.၁၆%	၂၆.၈၃%
– အလယ်တန်းအဆင့်	၄၀.၃၆%	၁၁.၀၆%	၂၉.၂၉%
အဆင့်မြင့်ပညာမြှင့်တင်မှု			
– တက္ကသိုလ်၊ကောလိပ်၊ဒီဂရီကောလိပ်	၂၇	၆၄	၃၇
– အသက်မွေးဝမ်းကျောင်းတက္ကသိုလ်	၆	၅	လွှဲပြောင်း
– ဝိဇ္ဇာသိပ္ပံတက္ကသိုလ်	၃	၃၀	၂၇
– ဒီဂရီကောလိပ်	၆	၉	၃
– ကောလိပ်	၁၁	၂၀	၉
– သိပ္ပံ*	၁	–	အဆင့်မြှင့်တင်
– Wide Area Network	–	၁	၁
– No of WAN Sites	–	၉၅	၉၅
– သင်ကြားရေးအစီအစဉ်များ	၇၉	၁၈၈	၁၀၉
– ဆရာ၊ဆရာမဦးရေ	၅၆၃၈	၁၀၂၃၂	၄၅၉၄
– ကျောင်းသားဦးရေ	၁၃၄၃၂၅	၇၀၅၇၈၄	၅၇၁၄၅၈
– e-Learning Centre	–	၆၂၂	၆၂၂
လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန	မရှိ	၄၄	၄၄
– သင်တန်းသားဦးရေ	–	၁၂၀၇၆၃	၁၂၀၇၆၃

*** နိုင်ငံခြားဘာသာသိပ္ပံကို တက္ကသိုလ်အဆင့် တိုးမြှင့်ခဲ့သည်။**

စာမျက်နှာ ၁၂ ကော်လံ ၁ သို့

စာမျက်နှာ ၁၁ မှ

သိပ္ပံနှင့်နည်းပညာ

တပ်မတော်အစိုးရလက်ထက်တွင် နည်းပညာတက္ကသိုလ်သုံးခုနှင့် နည်းပညာ ကောလိပ် ၂၆ခုအထိတိုးချဲ့ဖွင့်လှစ်ပေးခဲ့သည်။ ကွန်ပျူတာ တက္ကသိုလ်နှစ်ခုနှင့် ကွန်ပျူတာကောလိပ် ၂၄ ခုကို ပညာရေးကဏ္ဍသစ်အဖြစ် ဖွင့်လှစ်ပေးထားသည်။ အင်ဂျင်နီယာ၊ အသုံးချသိပ္ပံနှင့် ကွန်ပျူတာ ဘာသာရပ်များတွင် ပါရဂူဘွဲ့အထိ တိုးမြှင့်သင်ကြားပေးလျက် ရှိသည်။ ခေတ်မီနိုင်ငံတော်အတွက် လိုအပ်နေသည့် လေကြောင်းနှင့် အာကာသပညာတက္ကသိုလ်ကိုလည်း ထူထောင်ပေးထားသည်။ အတတ်ပညာရှင်များ ရွှက်ပုန်းသီးမဖြစ်စေရေး ပြည်နယ်နှင့်တိုင်းအသီးသီးတွင် ဖြန့်ကြက်၍ ဖြည့်ဆည်း ပေးနေခြင်းဖြစ်သည်။ စက်မှုလက်မှုကဏ္ဍ တိုးမြှင့်မှုနှင့် ယှဉ်တွဲလျက် သိပ္ပံနှင့်နည်းပညာကဏ္ဍဖြင့် မျိုးဆက်သစ်ပညာရှင်များကို အောက်ပါအတိုင်း မွေးထုတ်ပေးနေမှုကို လေ့လာသတိပြုလျှင် နိုင်ငံတော်၏ အနာဂတ်အစီအစဉ်များကို ပီပြင်စွာ တွေ့ရှိနိုင်ပေသည်–

အမျိုးအမည်	၁၉၈၈	၁၂-၂-၂၀၀၅	တိုးတက်မှု
နည်းပညာတက္ကသိုလ်(ရန်ကုန်၊ မန္တလေး၊ပြည်)	**၁**	**၃**	**၂**
– ဆရာ၊ဆရာမဦးရေ	၂၅၆	၅၉၄	၃၃၈
– ကျောင်းသားဦးရေ(မွေးထုတ်ပြီး)	၆၈၇	၁၇၂၅၃	၁၆၅၆၆
– ကျောင်းသားဦးရေ(လက်ရှိ)	မရှိ	၇၉၈၄	၇၉၈၄
နည်းပညာကောလိပ်များ	**၁**	**၂၆**	**၂၅**
– ဆရာ၊ဆရာမဦးရေ	၄၄၆	၂၂၇၁	၁၈၂၅
– ကျောင်းသားဦးရေ(မွေးထုတ်ပြီး)	၅၁၅၅	၅၂၄၆၁	၄၇၃၀၆
– ကျောင်းသားဦးရေ(လက်ရှိ)	မရှိ	၁၇၀၁၃	၁၇၀၁၃
ကွန်ပျူတာတက္ကသိုလ်	**မရှိ**	**၂**	**၂**
– ဆရာ၊ဆရာမဦးရေ	၄၀	၂၀၆	၁၆၆
– ကျောင်းသားဦးရေ(မွေးထုတ်ပြီး)	၁၉	၁၇၀၃၉	၁၇၀၂၀
– ကျောင်းသားဦးရေ(လက်ရှိ)	မရှိ	၁၃၁၅၃	၁၃၁၅၃
ကွန်ပျူတာကောလိပ်	**မရှိ**	**၂၄**	**၂၄**
– ဆရာ၊ဆရာမဦးရေ	မရှိ	၅၀၉	၅၀၉
– ကျောင်းသားဦးရေ(မွေးထုတ်ပြီး)	မရှိ	၃၆၄၁	၃၆၄၁
– ကျောင်းသားဦးရေ(လက်ရှိ)	မရှိ	၁၀၄၁၂	၁၀၄၁၂
မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်	**မရှိ**	**၁**	**၁**
– ဆရာ၊ဆရာမဦးရေ	မရှိ	၅၂	၅၂
– ကျောင်းသားဦးရေ	မရှိ	၁၅၇	၁၅၇
စက်မှုလက်မှုသိပ္ပံ	**၂**	**၁၂**	**၁၀**
– ဆရာ၊ဆရာမဦးရေ	၁၃၉	၄၉၃	၃၅၄
– ကျောင်းသားဦးရေ(မွေးထုတ်ပြီး)	၈၁၈၇	၁၉၆၁၃	၁၁၄၂၆
– ကျောင်းသားဦးရေ(လက်ရှိ)	မရှိ	၃၁၆၁	၃၁၆၁
စက်မှုလက်မှုအထက်တန်းကျောင်း	**–**	**၃**	**၃**

ကျန်းမာရေး

မျက်မှောက်ခေတ်၌ တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေး မဏ္ဍိုင်ကြံ့ခိုင်ရေး ဦးစားပေးဆောင်ရွက်လျက် ရှိသည်။ နိုင်ငံတစ်ဝန်းလုံး နေရာဒေသမရွေး ကျန်းမာရေးစောင့်ရှောက်မှုပေးရန်အတွက် ဆေးရုံများတိုးချဲ့ဖွင့်လှစ်ပေးသည်။ အဆင့်မြှင့်တင်မှုပြုသည်။ ၁၉၈၈ ခုနှစ်က ဆေးရုံပေါင်း ၆၃၁ ရုံရှိရာမှ ယခု ၈၁၉ ရုံအထိ တိုးချဲ့ဖွင့်လှစ်ပေးထားသည်။

ဆေးဘက်ဆိုင်ရာပညာရှင်များ ပိုမိုမွေးထုတ်ပေးနိုင်ရန်အတွက် ဆေးနှင့် ကျန်းမာရေးဆိုင်ရာ တက္ကသိုလ်များကိုလည်း တိုးချဲ့ဖွင့်လှစ်ပေးခဲ့သည်။ ၁၉၈၈ ခုနှစ်၌ ဆေးတက္ကသိုလ်သုံးခုနှင့် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် တစ်ခုသာ ရှိခဲ့သည်။ တပ်မတော်အစိုးရလက်ထက်တွင် ဆေးတက္ကသိုလ်လေးခုနှင့် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်နှစ်ခုအထိ တိုးချဲ့ဖွင့်လှစ်ပေးထားသည့်အပြင် သူနာပြုတက္ကသိုလ်နှစ်ခု၊ ဆေးဝါးကျွမ်းကျင်မှု တက္ကသိုလ်နှစ်ခု၊ ဆေးဘက်ပညာသည် တက္ကသိုလ်နှစ်ခု၊ အခြေခံကျန်းမာရေး တက္ကသိုလ်တစ်ခုတို့ကိုလည်း အသစ်တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့သည်။ ယခင် သူနာပြု သင်တန်းကျောင်း ၂၆ကျောင်း ရှိခဲ့ရာမှ ယခု ၄၃ ကျောင်းအထိ ရှိလာသည်။

ပြည်သူများအား ကုသမှုအရည်အသွေး မြင့်မားစွာပေးနိုင်ရန်အတွက် ပြည်နယ်/တိုင်း/ခရိုင်အဆင့် ဆေးရုံကြီးများတွင် အထူးကုဆရာဝန်ကြီးများ တိုးချဲ့ခန့်ထားပေးခဲ့သည်။ မျက်မှောက်ခေတ်၌ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနှင့်အညီ တိုင်းရင်းသားပြည်သူများ၏ကျန်းမာရေးဆိုင်ရာ အညွှန်းကိန်းများ မြင့်မားတိုးတက်လာပုံကို အောက်ပါဇယားတွင် ဖော်ပြထားသည်–

အမျိုးအမည်	၁၉၈၈	၁၂-၂-၂၀၀၅	တိုးတက်မှု
ဆေးရုံများတိုးချဲ့မြှင့်တင်မှု	**၆၃၁**	**၈၁၉**	**၁၈၈**
– အထူးကုဆေးရုံ	၁၅	၁၉	၄
– သင်ကြားရေးဆေးရုံ	၄	၆	၂
– ခုတင်(၃၀၀)	၁	၅	၄
– ခုတင်(၂၀၀)	၁၀	၂၄	၁၄
– ခုတင်(၁၅၀)	၁၂	၇	အဆင့်တိုးမြှင့်
– ခုတင်(၁၀၀)	၂၈	၃၃	၅
– ခုတင်(၅၀)	၃၇	၅၈	၂၁
– (၂၅)ခုတင်	၅၁	၁၁၁	၆၀
– (၁၆)ခုတင်	၁၆၈	၁၀၀	အဆင့်တိုးမြှင့်
– တိုက်နယ်ဆေးရုံ/မြို့နယ်ခွဲဆေးရုံ	၃၀၅	၄၅၆	၁၅၁
ကျန်းမာရေးလုပ်ငန်းဌာနများ	**၁၈၂၉**	**၁၉၆၄**	**၁၃၅**
– ကျေးလက်ကျန်းမာရေးဌာန	၁၃၃၇	၁၄၅၀	၁၁၃
– မိခင်ကလေးကျန်းမာရေးဌာန	၃၄၈	၃၄၈	–
– ဒေသန္တရကျန်းမာရေးဌာန	၆၄	၈၆	၂၂
– ကျောင်းကျန်းမာရေးအဖွဲ့	၈၀	၈၀	–
ကျန်းမာရေးဝန်ထမ်းများ			
– ဆရာဝန်(အထူးကု/လက်ထောက်)	၃၁၈၅	၆၃၃၈	၃၁၅၃
– သူနာပြု	၄၅၁၅	၁၀၀၀၃	၅၄၈၈
– ကျန်းမာရေးဆရာမ	၁၅၅၇	၁၆၉၄	၁၃၇
– သားဖွားဆရာမ	၈၀၁၉	၉၅၇၂	၁၅၅၃
– ကျွမ်းကျင်ဝန်ထမ်း	၂၉၀	၅၄၄	၂၅၄
– မြို့နယ်ကျန်းမာရေးမှူး	မရှိ	၉၂	၉၂
– လက်ထောက်ကျန်းမာရေးမှူး(၁)	မရှိ	၃၂၀	၃၂၀
– လက်ထောက်ကျန်းမာရေးမှူး	၁၁၂၀	၁၃၆၅	၂၄၅
– ကြီးကြပ်(၁)/(၂)	၉၁၅	၂၀၇၅	၁၁၆၀

အမျိုးအမည်	၁၉၈၈	၁၂-၂-၂၀၀၅	တိုးတက်မှု
တိုင်းရင်းဆေး			
– တိုင်းရင်းဆေးရုံ	၂	၁၄	၁၂
– တိုင်းရင်းဆေးပေးခန်း	၈၉	၂၃၇	၁၄၈
ရောဂါကြီးများပပျောက်ကင်းစင်မှု			
– ကျောက်ကြီးရောဂါ	ကင်းစင်	ကင်းစင်	ကင်းစင်
– အနာကြီးရောဂါ	–	ကင်းစင်	ကင်းစင်
– ပိုလီယိုအကြောသေရောဂါ	–	ကင်းစင်	ကင်းစင်
သေနှုန်းကြမ်းကျဆင်းမှု(လူ၁၀၀၀လျှင်)			
– ကျေးလက်	၉.၉	၇.၁	၂.၈
– မြို့ပြ	၈.၉	၆.၂	၂.၇
လူ့မျှော်မှန်းသက်တမ်းမြင့်တက်မှု			
– **ကျေးလက်**			
– အမျိုးသား	၅၆.၂	၆၀.၈	၄.၆
– အမျိုးသမီး	၆၀.၄	၆၃.၃	၂.၉
– **မြို့ပြ**			
– အမျိုးသား	၅၉.၀	၆၁.၅	၂.၅
– အမျိုးသမီး	၆၃.၂	၆၅.၆	၂.၄
ဆေးနှင့်ကျန်းမာရေးဆိုင်ရာတက္ကသိုလ်များ	**၄**	**၁၄**	**၁၀**
– ဆေးတက္ကသိုလ်	၃	၄	၁
– သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်	၁	၂	၁
– သူနာပြုတက္ကသိုလ်	–	၂	၂
– ဆေးဝါးကျွမ်းကျင်မှုတက္ကသိုလ်	–	၂	၂
– ဆေးဘက်ပညာသည်တက္ကသိုလ်	–	၂	၂
– အခြေခံကျန်းမာရေးတက္ကသိုလ်	–	၁	၁
– တိုင်းရင်းဆေးတက္ကသိုလ်	–	၁	၁
သင်တန်းကျောင်းများ	**၂၆**	**၄၃**	**၁၇**
– သူနာပြုသင်တန်းကျောင်း	၆	၂၃	၁၇
– သားဖွားသင်တန်းကျောင်း	၁၆	၁၆	–
– သူနာပြုသင်တန်းနှီးနွှယ်သင်တန်းကျောင်း	၄	၄	–

မြို့ရွာစည်ပင်ဖွံ့ဖြိုးမှု

တိုင်းရင်းသားပြည်သူများ၏ လူနေမှုအဆင့်အတန်း အဆင့်ဆင့်တက်လှမ်းနိုင်ရေး ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိရာ မြို့ပြများစည်ပင်လျက် ကျေးရွာများ ဖွံ့ဖြိုးတိုးတက်လာသည်။ မြို့ပြလမ်းတံတားများနှင့် ကျေးလက် လမ်းတံတားများ ပိုမိုရှည်လျားထိစပ်ပြီး တစ်ဆက်တစ်စပ်တည်းဖြစ်အောင် ဖော်ဆောင်ပေးနေသည်။ လေးအိမ်စု ငါးအိမ်စု၊ ခုနစ်အိမ်တန်းရှစ်အိမ်တန်းအဆင့်မှသည် စံပြကျေးရွာများဖြစ်အောင် ထူထောင်ပေးခဲ့သည်။ ဆည်မြောင်းတာတမံများ၊ မြစ်ရေတင်စီမံကိန်းများနှင့် အလှမ်းဝေးသည့်ကျေးရွာများတွင် သန့်ရှင်းသောသောက်သုံးရေမရှားပါးရအောင် အပူပိုင်းဒေသ ကျေးရွာများ သန့်ရှင်းသော သောက်သုံးရေရရှိရေး စီမံကိန်းဖြင့် ရေကိစ္စအပူငြိမ်းအောင် ဖော်ဆောင်ပေးလျက်ရှိသည်။ ကျေးလက်လမ်းများကို ပေ ၃၀အကျယ် မြေလမ်း၊ ဂဝံလမ်း၊ ကျောက်ချောလမ်းများအဖြစ် တစ်ဆင့်ပြီးတစ်ဆင့် ဖောက်လုပ်ပေးနေသည်။ကျေးရွာအခြေခံပညာကျောင်းများကို အဆင့်မြှင့်တင်ပေးပြီး ကျောင်းနေအရွယ်ကလေးများ ကျောင်းနေနိုင်ရေးနှင့် စာတတ်မြောက်ရေး အလေးထားဆောင်ရွက်နေသည်။ ကျေးလက်ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းကိုလည်း စနစ်တကျမြှင့်တင်ပေးသည်။ ကျေးလက်ဒေသ စီးပွားရေးအဆင့်အတန်း တိုးတက်လာအောင် အောက်ပါအတိုင်း အလေးထား လုပ်ဆောင်ပေးနေသည်–

အမျိုးအမည်	၁၉၈၈	၁၂-၂-၂၀၀၅	တိုးတက်မှု
မြို့ပြဖွံ့ဖြိုးမှု			
– **မြို့ပြလမ်းများ(မိုင်)**	**၂၉၇၁/၇**	**၅၂၉၅/၅**	**၂၃၂၃/၆**
– ကတ္တရာလမ်း(မိုင်)	၉၄၅/၅	၁၈၉၀/၆	၉၄၅/၁
– ကျောက်လမ်း(မိုင်)	၇၆၈/၂	၉၉၇/၇	၂၂၉/၅
– အမာခံလမ်း(ဂဝံ)(မိုင်)	၁၉၈/၀	၃၁၈/၄	၁၂၀/၄
– မြေလမ်း(မိုင်)	၁၀၆၀/၀	၂၀၈၈/၄	၁၀၂၈/၄
– **မြို့ပြတံတားများ**	**–**	**၁၁၀၃၉**	**၁၁၀၃၉**
– ကွန်ကရစ်	–	၅၇၄၀	၅၇၄၀
– သစ်သား	–	၃၆၄၉	၃၆၄၉
– ရေပြွန်	–	၁၃၇၉	၁၃၇၉
– အခြား	–	၂၇၁	၂၇၁
– **မြို့ရေပေးရေးလုပ်ငန်း**			
– ဆောင်ရွက်ရမည့်မြို့နယ်	၂၈၅	၁၁၀	၁၇၅
– ပြီးစီးသည့်လုပ်ငန်း	၄၈	၁၂၇	၇၉
ကျေးလက်ဖွံ့ဖြိုးမှု			
– **ကျေးလက်လမ်းများ(မိုင်)**	**၃၉၄၀/၆**	**၂၃၈၉၉/၇**	**၁၉၉၅၉/၁**
– ကတ္တရာလမ်း(မိုင်)	၂၉၅/၀	၁၁၈၂/၃	၈၈၇/၃
– ကျောက်လမ်း(မိုင်)	၈၂၂/၇	၃၉၅၇/၇	၃၁၃၅/၀
– အမာခံလမ်း(မိုင်)	၇၃၀/၅	၁၆၈၉/၁	၉၅၈/၄
– မြေလမ်း(မိုင်)	၂၀၉၂/၂	၁၇၀၇၀/၅	၁၄၉၇၈/၃
– **ကျေးလက်တံတားများ**	**–**	**၆၃၂၄**	**၆၃၂၄**
– ကွန်ကရစ်	–	၁၄၆၂	၁၄၆၂
– သစ်သား	–	၃၈၉၉	၃၈၉၉
– ရေပြွန်	–	၇၉၆	၇၉၆
– အခြား	–	၁၆၇	၁၆၇
– **ကျေးလက်ရေရရှိရေး**			
– ဆောင်ရွက်ရမည့်ကျေးရွာ	၂၃၂၂၅	၉၄၁၉	၁၃၈၀၆
– ပြီးစီးသည့်လုပ်ငန်း	မရှိ	၁၉၈၇၀	၁၉၈၇၀
– **ကျေးလက်အိမ်ရာ**	**မရှိ**	**၁၄၇၂**	**၁၄၇၂**

လမ်းတံတားပေါင်းချုပ်

မျက်မှောက်ခေတ်နိုင်ငံတော်တွင် ရွှေလမ်းငွေလမ်းများဖောက်၍ ငွေသားတဝင်းဝင်းနှင့် ရွှေတံတားကြီးအစင်းစင်းကို ခင်းပေးထားသည်။ တပ်မတော်အစိုးရသည် တိုင်းရင်းသားလူမျိုးများအတွက် အဖိုးတန်အမျိုးမှန်သည့် မိုးပျံတံတား အစင်းစင်းကို တစ်စင်းပြီးတစ်စင်း ခင်းပြီးရင်းခင်းပေးချင်နေသော အစိုးရဖြစ်သည်ဟု အထင်ကရမြင်ရအောင် တင်ပြခဲ့သည်။

လမ်းဖောက်တံတားဆောက်ရာတွင် တစ်ဒေသ၌ တစ်ဌာနတည်းကိုသာ ဆောင်ရွက်စေခြင်းမဟုတ်ဘဲ ဒေသအဖုံဖုံ၌ ဌာနအစုံစုံကို အာရုံစိုက်ထုတ်ဖောက်လုပ်စေခဲ့သည်။ ထို့ကြောင့် ဆောက်လုပ်ရေးဝန်ကြီးဌာနဖောက်သောလမ်းသည် နယ်စပ်စည်ပင်ကဖောက်သောလမ်းနှင့် ပေါင်းဆုံသည်။ မြို့တော်စည်ပင်သာယာရေးကဖောက်သောလမ်းအတွက် ရထားပို့ဆောင်ရေးက ခုံးကျော်တံတားခင်းပေးသည်။ ပြည်ထောင်စုလမ်းမကြီး၏ ဟိုမှာဘက်နှင့် ဒီမှာဘက်ကို ချိတ်ဆက်ပေးနိုင်ရန်အတွက် တပ်မတော်စစ်အင်ဂျင်နီယာတပ်ဖွဲ့က တံတားကြီးများ ဆောက်ပေးသည်။

နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းက ဖောက်သောလမ်းသည် ကျေးလက်ဒေသဖွံ့ဖြိုးရေးလမ်းများနှင့်လည်း တစ်ဆက်တစ်စပ်တည်း ဖြစ်သွားသည်။ ဝန်ကြီးဌာနများကလည်း လုပ်ငန်းဆိုင်ရာ လမ်းတံတားများ ဖောက်လုပ်ပြီး ဒေသဖွံ့ဖြိုးရေးကို အားပေးကူညီသည်။ စေတနာရှင် ပြည်သူများကလည်း လမ်းများဖောက်လုပ် လှူဒါန်းကြသည်။ ဤသို့ဖြင့် လမ်းတံတားအလီလီသည် ပန်းများသီထားသည့်နှယ် ကွန်ရက်ယှက်နွှယ်လျက်ရှိကြောင်းကို အောက်ပါဇယားတစ်ခုဖြင့် ပေါင်းစုတင်ပြအပ်ပေသည်–

အမျိုးအမည်	၁၉၈၈	၁၂-၂-၂၀၀၅	တိုးတက်မှု
ပေ(၁၈၀)အထက်တံတားကြီးများ	**၁၉၈**	**၃၉၈**	**၂၀၀**
– ဆောက်လုပ်ရေး	၁၉၈	၃၇၇	၁၇၉
– မြန်မာ့မီးရထား	–	၇	၇
– တပ်မတော်အင်ဂျင်နီယာ	–	၇	၇
– လျှပ်စစ်စွမ်းအား	–	၁	၁
– နယ်စပ်ဒေသဖွံ့ဖြိုးရေး*	–	၃	၃
– ဒေသဖွံ့ဖြိုးရေး*(မြိုင်ကြီးငူ)	–	၃	၃
ပေ(၁၈၀)အောက်တံတားကြီးများ	**၈၇၉၈**	**၃၂၂၅၃**	**၂၃၄၅၅**
– ဆောက်လုပ်ရေး	၃၃၀၅	၅၁၁၃	၁၈၀၈
– မြန်မာ့မီးရထား	၅၄၉၃	၉၀၂၈	၃၅၃၅
– နယ်စပ်ဒေသဖွံ့ဖြိုးရေး	–	၇၄၉	၇၄၉
– မြို့ပြ	–	၁၁၀၃၉	၁၁၀၃၉
– ကျေးလက်	–	၆၃၂၄	၆၃၂၄
ကတ္တရာလမ်းများ(မိုင်)	**၆၇၈၃/၅**	**၁၄၆၀၇/၃**	**၇၈၂၃/၆**
– ဆောက်လုပ်ရေး	၅၅၄၃/၀	၈၉၇၂/၂	၃၄၂၉/၂
– နယ်စပ်ဒေသဖွံ့ဖြိုးရေး	–	၃၂၉/၀	၃၂၈/၉
– မြို့ပြ	၉၄၅/၅	၁၈၉၀/၆	၈၈၄/၁
– ကျေးလက်	၂၉၅/၀	၁၁၈၂/၃	၈၈၇/၃
– အခြားဌာန/အဖွဲ့များ	–	၂၂၃၃/၀	၂၂၃၃/၀
ကျောက်လမ်းများ(မိုင်)	**၃၁၆၀/၁**	**၁၀၆၉၅/၂**	**၇၅၃၅/၁**
– ဆောက်လုပ်ရေး	၁၅၆၉/၀	၃၃၅၉/၅	၁၇၉၀/၅
– နယ်စပ်ဒေသဖွံ့ဖြိုးရေး	–	၁၈၇၁/၁	၁၈၇၁/၁
– မြို့ပြ	၇၆၈/၂	၉၉၇/၇	၂၂၉/၆
– ကျေးလက်	၈၂၂/၇	၃၉၅၇/၇	၃၁၃၅/၀
– အခြားဌာန/အဖွဲ့များ	–	၅၀၈/၆	၅၀၈/၆
အမာခံလမ်းများ(မိုင်)	**၄၅၅၆/၅**	**၅၄၇၄/၁**	**၉၁၇/၄**
– ဆောက်လုပ်ရေး	၃၆၂၈/၀	၃၀၈၉/၄	(အဆင့်မြှင့်)
– နယ်စပ်ဒေသဖွံ့ဖြိုးရေး	–	–	–
– မြို့ပြ	၁၉၈/၀	၃၁၈/၄	၁၂၀/၅
– ကျေးလက်	၇၃၀/၅	၁၆၈၉/၁	၉၅၈/၄
– အခြားဌာန/အဖွဲ့များ	–	၃၇၇/၀	၃၇၇/၀
မြေသားလမ်းများ(မိုင်)	**၆၀၄၇/၂**	**၂၇၆၃၇/၅**	**၂၁၅၉၀/၃**
– ဆောက်လုပ်ရေး	၂၈၉၅/၀	၃၂၁၉/၀	၃၂၄/၀
– နယ်စပ်ဒေသဖွံ့ဖြိုးရေး	–	၃၀၉၃/၄	၃၀၉၃/၄
– မြို့ပြ	၁၀၆၀/၀	၂၀၈၈/၄	၈၃၅/၁
– ကျေးလက်	၂၀၉၂/၂	၁၇၀၇၀/၅	၁၄၉၇၈/၃
– အခြားဌာန/အဖွဲ့များ	–	၂၁၆၆/–	၂၁၆၆/–

ပြည်ထောင်စုနှင့်လူ့စွမ်းအားဖွံ့ဖြိုးရေး

လူ့စွမ်းအားအရင်းအမြစ် ထွန်းကားထက်မြက်ရေးအတွက် ဘက်ပေါင်းစုံမှ ပျိုးထောင်ပေးလျက်ရှိရာ ပညာရေး၊ ကျန်းမာရေးနှင့် သိပ္ပံနှင့်နည်းပညာကဏ္ဍတို့အပြင် အခြားကဏ္ဍများဖြင့်လည်း အားပေးမြှင့်တင်နေသည်။ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းနှင့် ဆက်စပ်လျက် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၊ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်နှစ်ခု၊ လူငယ်ဖွံ့ဖြိုးရေးသင်တန်းကျောင်း၊ အိမ်တွင်းမှုသက်မွေးပညာသင်ကျောင်း၊ ပရဟိတ(ကျား)ကျောင်း တို့ဖြင့် ထပ်ဆောင်းအားဖြည့်ပေးလျက်ရှိသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သစ်တောပညာရှင်များ ပိုမိုထွန်းကားလာအောင် တက္ကသိုလ်နှင့် သိပ္ပံကျောင်းများ ဖွင့်လှစ်သင်ကြားပေးနေသည်။ ယဉ်ကျေးမှုနှင့် အနုသုခုမပညာရပ်များ၊ ယွန်းအတတ်ပညာရပ်များ ပြန့်ပွားအောင်လည်း တက္ကသိုလ်နှင့် ကောလိပ်များ ဖွင့်လှစ်ပေးထားသည်။ ရေကြောင်းသိပ္ပံပညာရှင်များ ပေါ်ထွန်းလာရေးအတွက် ရေကြောင်း ပညာသိပ္ပံနှင့် ရေကြောင်းပညာတက္ကသိုလ်တို့က မွေးထုတ်ပေးနေကြသည်။ ၁၉၈၈ ခုနှစ်က တစ်နိုင်ငံလုံး၌ တက္ကသိုလ် ကောလိပ် ၃၂ ခုသာရှိခဲ့ရာ ယခု ပညာရေး၊ ကျန်းမာရေး၊ သိပ္ပံနှင့်နည်းပညာစသည့် ဘာသာရပ်မျိုးစုံ ကုံလုံကြွယ်ဝ တတ်မြောက်ထူးချွန်ကြရေးအတွက် တက္ကသိုလ်ကောလိပ် ၁၅၆ ခုအထိ တိုးမြှင့်ဖွင့်လှစ် ပျိုးထောင်ပေးလျက်ရှိသည်။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး

မျက်မှောက်ခေတ်သည် ရွှေနိုင်ငံ ရွှေပြည်သစ်ဆီသို့ ရွှေလမ်းဖောက် ရွှေတံတားဆောက်လျက် တက်ညီလက်ညီ ချီတက်နေသော ခေတ်ဖြစ်သည်။ မြေကြီးမှရွှေသီးပေးသည်။ ရွှေပင်ရွှေခက် တောမှထွက်သည်။ ရွှေမိုးငွေမိုး ရွာသွန်းဖြိုးနေသည်။ ငွေသားတဝင်းဝင်းနှင့် ရွှေတံတားအစင်းစင်း ခင်းပေးထားသည်။ ပညာရွှေအိုးကြီးများကို နေရာအနှံ့ မြှုပ်နှံလျက်ရှိသည်။

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ အထူးစီမံကိန်း၊ စိမ်းလန်းစိုပြည်ရေး စီမံကိန်း၊ အထူးဒေသကြီး(၂၄)ခု ဖွံ့ဖြိုးရေးစီမံကိန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်း စသည့် စီမံကိန်းကြီးများသည် ကိန်းဂဏန်းများအဖြစ်လည်း မှတ်တမ်းဝင်လျက်ရှိသည်။ မြေပြင်၌လည်း မျက်ဝါးထင်ထင်မြင်တွေ့နိုင်သည်။ အသီး အပွင့်များကိုလည်း ကိုယ်စီကိုယ်င ရရှိခံစားနေကြရသည်။

ဤသို့သော အောင်ပွဲအလီလီသည် နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော်တို့၏ စည်းလုံးညီညွတ်မှုအောင်ပွဲကြီး ဖြစ်သည်။ စည်းလုံးညီညွတ်သော ခေတ်တိုင်းတွင် မြန်မာတို့ သမိုင်းဂုဏ်ရောင် ထွန်းပြောင်ခဲ့သည်သာဖြစ်ရာ မျက်မှောက်ခေတ်၏ (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ အခါသမယတွင် စည်းလုံးချစ်ကြည်ရွှေပြည်သစ်ဆီသို့ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး ဦးလည်မသုန် ချီတက်ကြပါကုန်အံ့ဟု အဓိဋ္ဌာန် ပြုအပ်ပေသတည်း။

အမျိုးအမည်	၁၉၈၈	၁၂-၂-၂၀၀၅	တိုးတက်မှု
– ကတ္တရာလမ်း(မိုင်)	၂၉၅/၀	၁၁၈၂/၃	၈၈၇/၃
– ရုပ်သံထပ်ဆင့်လွှင့်စက်ရုံများ	၁၅	၁၇၇	၁၆၂
– ပြန်/ဆက်ရုံးများ	မရှိ	၃၇၃	၃၇၃
– ပြန်/ဆက်စာကြည့်တိုက်များ	၁၁၁	၃၇၃	၂၆၂
– ဌာနဆိုင်ရာစာကြည့်တိုက်	မရှိ	၁၉၉	၁၉၉
– ကျေးလက်စာကြည့်တိုက်	မရှိ	၁၁၅၃၄	၁၁၅၃၄
– e-Library များ	မရှိ	၁၀၈	၁၀၈
– ကိုယ်ပွားသတင်းစာတိုက်များ*	မရှိ	၉	၉

*မန္တလေး၊ မြစ်ကြီးနား၊ လားရှိုး၊ မကွေး၊ ကလေး၊ တောင်ကြီး၊ ကျိုင်းတုံ၊ စစ်တွေ၊ မြိတ်။

ဝန်ကြီးဗိုလ်ချုပ်ဌေးဦး ပေါင်မြို့နယ်ရှိ ကျုံက မင်းကွတ်ခြံစစ်ဆေး ထုတ်လုပ်မှုမြှင့်မားပြီး ဝင်ငွေရရှိရေး စံပြခြံများဖြစ်ရန်မှာကြား

ရန်ကုန် ဖေဖော်ဝါရီ ၁၁

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် မွန်ပြည်နယ် စိုက်ပျိုးရေး ညှိနှိုင်းမှုကော်မတီဝင်များလိုက်ပါလျက် ဖေဖော်ဝါရီ၇ရက် ညနေပိုင်းတွင် မွန်ပြည်နယ် သထုံခရိုင် ပေါင်မြို့နယ်ရှိ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ကျုံက မင်းကွတ်ခြံသို့ရောက်ရှိပြီး တာဝန်ခံများအားတွေ့ဆုံ၍ ခြံလုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်ရေးမှာကြားသည်။

ပျိုးပင်ထိန်းသိမ်းပြုစုမှု

ဆက်လက်၍ဝန်ကြီးသည် ဒူးရင်း၊ မင်းကွတ်၊ဇာတိပ္ဖိုလ်၊ လေးညှင်းပျိုးပင်များ ပျိုးထောင်ထားမှု၊ မင်းကွတ်ပင်များ အဖူးမြုပ်၊ အကိုင်းဆက်မျိုးပွားမှုလုပ်ငန်းနှင့်အပူရှိန်မြှင့်ပလတ်စတစ်တဲများဖြင့် မျိုးစေ့၊ ပျိုးပင်ထိန်းသိမ်းပြုစုမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက်ဝန်ကြီးသည် ဥယျာဉ်ခြံအနီးရှိ ဂန့်ဂေါစမ်းရေတံခွန်မှ ရေကို ရေပိုက်ဆက်သွယ်၍ တစ်နေ့လျှင် ရေဂါလန်၁၄၀၀၀နှင့်ရေအားလျှပ်စစ် ၇၅ကေဗွီအေရရှိသည့် ပြည်တွင်းဖြစ် ဒိုင်နမိုစက်ဖြင့်လည်ပတ်သော ရေအားလျှပ်စစ်စက်ရုံကိုလည်းကောင်း၊ အသီးစတင်သီးနေပြီဖြစ်သော မင်းကွတ်ပင်များ ပြုစုမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ကြိုးပမ်းဆောင်ရွက်

ထိုမှတစ်ဆင့် ဝန်ကြီးသည် ကျိုက်ထိုမြို့နယ် အင်္ဂပူကျေးရွာအနီးရှိ အင်္ဂပူ ကွဲကောခြံသို့ ရောက်ရှိပြီး ဒေသတွင်း၌ရှိသော ကွဲကောမျိုးများ ထိန်းသိမ်းပြုစုမှု သုတေသနလုပ်ငန်းနှင့် အရည်အသွေးကောင်းနှင့်သီးထွက်ကောင်းသည့် ကွဲကောမျိုးများရွေးချယ် မျိုးပွားမှုကိစ္စများကို ဆွေးနွေး၍ သုတေသနပြုလုပ်သည့် စိုက်ပျိုးရေးခြံများအနေဖြင့် သုတေသနပြုလုပ်ရာမှ တွေ့ရှိချက်များကို နယ်မြေလူထုသို့ ပျံ့နှံ့သိရှိအောင် ဆောင်ရွက်ရေး၊ မိမိခြံများ၏ ထုတ်လုပ်မှုတိုးတက်မြှင့်မားပြီး ဝင်ငွေရရှိရေးအတွက် စံပြခြံများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ရေးတို့ကို မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

● **ကျောဖုံးမှ**

ဖျော်ဖြေရေးနှင့် သက်သာချောင်ချိရေး ဆပ်ကော်မတီ၊ သယ်ယူပို့ဆောင်ရေး ဆပ်ကော်မတီ၊ ပြန်ကြားရေးဆပ်ကော်မတီ၊ကျန်းမာရေးဆပ်ကော်မတီ၊ ဘဏ္ဍာရေးဆပ်ကော်မတီ၊ လုံခြုံရေး ဆပ်ကော်မတီနှင့် ပရိဘောဂ ဖြည့်တင်းရေး ဆပ်ကော်မတီတို့မှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် တာဝန်ရှိသူတို့က မိမိတို့၏ ဆပ်ကော်မတီအလိုက် လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍စွမ်းအင်ဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့မှ တာဝန်ရှိသူများက မိမိတို့ဌာနအလိုက်လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုနှင့်ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

ဆွေးနွေးတင်ပြ

ယင်းနောက် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ဆပ်ကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက အထွေထွေကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် သဘာပတိအမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင် ဝန်ထမ်းများအတွက် စားရိပ်သာပြင်ဆင်ထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

အစည်းအဝေးအပြီးတွင် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်သည် စီမံခန့်ခွဲမှုကော်မတီဝင်များနှင့်အတူ အမျိုးသားညီလာခံကျင်းပရေးအတွက်ပြည်ထောင်စုခန်းမပြင်ဆင်ထားမှု၊ ညီလာခံကိုယ်စားလှယ်များ အစုအဖွဲ့အလိုက်ဆွေးနွေးကြမည့် ဆွေးနွေးပွဲခန်းမများပြင်ဆင်ခင်းကျင်းထားမှု၊ ဝန်ထမ်းများအတွက် စားရိပ်သာပြင်ဆင်ထားမှု၊ အမျိုးသားညီလာခံကိုယ်စားလှယ်များ အပန်းဖြေဆောင်အတွင်း အပန်းဖြေနိုင်ရေး စီစဉ်ဆောင်ရွက်ထားမှု၊ အိပ်ဆောင်များပြင်ဆင်ထားမှု၊တယ်လီဖုန်းနှင့်ရုပ်မြင်သံကြားစက်များ တပ်ဆင်ထားမှု၊ စားရိပ်သာ ပြင်ဆင်ထားမှု၊ ရိက္ခာများစုဆောင်းထားမှု၊ အမျိုးသားညီလာခံကိုယ်စားလှယ်များသက်သာချောင်ချိစွာ ဝယ်ယူအသုံးပြုနိုင်ရေးအတွက် ဖွင့်လှစ်ရောင်းချမည့် အစိုးရဝန်ထမ်းပေါင်းစုံ သမဝါယမအသင်း အရောင်းဆိုင်များတွင် ကုန်ပစ္စည်းအမျိုးပေါင်း၄၃၄မျိုးတို့ကို ခင်းကျင်းပြင်ဆင်ထားမှု၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန၏ ဝင်းသူဇာ အရောင်းဆိုင်၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင်နှင့် အငှားဆိုင်၊ မွန်မွန်လှရိပ်မြုံ၊ နိုင်ငံတကာအဆင့်မီ မြန်မာ့မျက်မှန်အရောင်းဆိုင်နှင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ စာတိုက်နှင့် ဆက်သွယ်ရေးစခန်းတို့ကိုလည်းကောင်း၊ အမျိုးသားညီလာခံကိုယ်စားလှယ်များ စိတ်အေးချမ်းမြေ့စွာ အနားယူအပန်းဖြေနိုင်ရေးအတွက် ဖျော်ဖြေရေး အစီအစဉ်များဖြင့် တင်ဆက်ကပြဖျော်ဖြေမည့် လဟာပြင် ဇာတ်ရုံ ပြင်ဆင်မွမ်းမံထားရှိမှုတို့ကို လည်းကောင်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၏ စားသောက်ကုန်အရောင်းဆိုင်၊ ကောင်းစံအိမ်ပင်မင်းဆိုင်၊ မြန်မာ့ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း၏ ပဒေသာစားသောက်ဆိုင်၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန၏ စားသောက်ဆိုင်၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ဆက်သွယ်ရေးစခန်း၊ T.M စတိုး၊ လပ်ကီး(၁)စမိုင်းလက်ဖက်ရည်ဆိုင်၊ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန၏ဆံသဆိုင်တို့ကိုလည်းကောင်း၊ အားကစားရုံအတွင်း အားကစားကွင်းနှင့်အားကစားပစ္စည်းများ စီစဉ်ထားရှိမှု၊ အမျိုးသား အမျိုးသမီး ကာယကြံ့ခိုင်မှု လေ့ကျင့်ရေးခန်းမအတွင်း ခေတ်မီအားကစားပစ္စည်းများ စီစဉ်ထားရှိမှု၊ အမျိုးသား အိပ်ဆောင်အတွင်း အပန်းဖြေနိုင်ရေးအတွက် ဘိလိယက်ခုံများ စီစဉ်ထားရှိမှု၊ ဂေါက်သီးရိုက်လေ့ကျင့်ရေးကွင်းတွင် ဂေါက်ကွင်းနှင့်ဂေါက်သီးရိုက်အားကစားပစ္စည်းများ စီစဉ်ထားရှိမှုများကိုလည်းကောင်း၊ ညီလာခံကိုယ်စားလှယ်များကျန်းမာရေးအတွက် ဖွင့်လှစ်ထားသည့်ဆေးရုံတို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။ **(သတင်းစဉ်)**

မင်္ဂလာဗျူဟာ သာမဏေကျော်ဆုနှင်းပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၁

(၁၇)ကြိမ်မြောက် မင်္ဂလာဗျူဟာ သာမဏေကျော် စာတော်ပြန်ပွဲကြီးကို ၁၃၆၆ ခုနှစ် နတ်တော်လဆန်းတွင် ကျင်းပခဲ့ရာ သာမဏေနှင့် သီလရှင် ၁၃၀၀ ခန့် ဝင်ရောက်ဖြေဆိုခဲ့ကြ၍ သာသနာ့လင်္ကာရ သာမဏေကျော် ၁၆ပါးနှင့် သီလရှင်အကျော်တစ်ပါး အပါအဝင် စုစုပေါင်း ၂၆၇ပါး အောင်မြင်ခဲ့သည်။ ဘွဲ့ရနှင့်စာအောင် သာမဏေ၊ သီလရှင်များအား ပူဇော်မည်ဖြစ်၍ စာအောင်ပုဂ္ဂိုလ်များနှင့် ပူဇော်လိုကြသည့် ကုသိုလ်ရှင်များအား ဖေဖော်ဝါရီ ၁၂ရက်(ပြည်ထောင်စုနေ့) မွန်းလွဲ ၁နာရီတွင် ရွှေတိဂုံဘုရား အရှေ့ဘက်မုခ်အနီး အာဇာနည်လမ်းရှိ ရှင်သာမဏေ ဓမ္မဗိမာန်သို့ ကြွရောက်ကြရန် ဖိတ်ကြားထားသည်။ **(က-ပ)**

သိမ်ကြီးဈေး အေရုံ-ဘီရုံ သန့်ရှင်းရေးလုပ်ငန်းများ ဒုတိယမြို့တော်ဝန်ဗိုလ်မှူးကြီးမောင်ပါကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁၁

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်း ဗဟိုအလုပ်အမှုဆောင် ရန်ကုန်တိုင်းတာဝန်ခံ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီး မောင်ပါသည် ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးအောင်စိုးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယမန်နေ့ နံနက်ပိုင်းတွင် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရန်ကုန်အနောက်ပိုင်းခရိုင် ပန်းဘဲတန်းမြို့နယ်ရှိ သိမ်ကြီးဈေး အေရုံ-ဘီရုံ အတွင်းနှင့် ပြင်ပဝန်းကျင်တို့၌ စည်ပင်သာယာဝန်ထမ်းများ၊ သိမ်ကြီးဈေး အေရုံ-ဘီရုံဈေးသာယာရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဈေးသူ ဈေးသားများ စုပေါင်း၍ အထူးသန့်ရှင်းရေးဆောင်ရွက်ရာသို့ ကြည့်ရှုအားပေးပြီး လိုအပ်သည်များကိုပံ့ပိုးဆောင်ရွက်ပေးသည်။

ဆက်လက်၍ဗဟိုအလုပ်အမှုဆောင် ဒုတိယမြို့တော်ဝန်သည် ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် လှိုင်မြစ်အနောက်ဘက်ကမ်းရှိ စက်ဆန်းရပ်ကွက်သို့ သွားရောက်ပြီး ကျေးလက်ကျန်းမာရေးဌာန၌ ဒေသခံပြည်သူများအား ကျန်းမာရေးကုသဆောင်ရွက်နေမှုများနှင့် ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကိုလည်းကောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းစာကြည့်တိုက်နှင့် ဒေသဖွံ့ဖြိုးမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကိုတာဝန်ရှိသူများအား မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။ **(သတင်းစဉ်)**

၁၀ရက်တရားစခန်းဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၁

မြဝတီမြို့ သင်္ကန်းညီနောင်တောင်ပေါ်ကျောင်း၌ ဖေဖော်ဝါရီ ၂၆ ရက်တွင် ၁၀ရက် တရားစခန်းကို သန်လျင်တောရ ဓမ္မဝါဒီဆရာတော်ကြီး၏ ဗုဒ္ဓဝိပဿနာ ဥပနိဿယကို ခံယူ၍ ပဲခူး၊ ဟံသာဝတီဆရာတော် အရှင်နန္ဒဝံသ(ကမ္မဋ္ဌာနာစရိယ)က နိဗ္ဗာန်ရောက်ကြောင်း တရားများ ဟောကြားမည်ဖြစ်ရာ မည်သူမဆို လာရောက် အားထုတ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

မြဝတီရုပ်မြင်သံကြား

၁၂-၂-၂၀၀၅ (စနေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဆရာတော် ဦးဃောသိတ တရားတော် **"အတိတ်ကံ အစွမ်းကြောင့် ဖြစ်ပေါ်လာ"**

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
၄း၂၀ ၄။ ချစ်သူစုံတွဲ တူယှဉ်နွှဲ
၄း၃၀ ၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၃၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
၄း၄၅ ၇။ မျိုးချစ်တပ်မတော်
၅း၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Geography of Settlement. (ဒုတိယနှစ်-ပထဝီဝင်)
၅း၁၅ ၉။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅း၄၅ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
၆း၂၀ ၁၃။ မိုးလေဝသသတင်း
၆း၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀ ၁၅။ လျှပ်တစ်ပြက်
၇း၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ရင်မှာတိုးဝှေ့မွှေးနေဆဲ"** (အပိုင်း-၄)
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ မြန်မာ့ရှုခင်း
၂၀။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၁။ English Premier League ဘောလုံးပွဲ Birmingham City Vs Liverpool

နိုင်ငံတော်ရှေ့ရေး အသက်တမျှအရေးပါသည့် အမျိုးသားညီလာခံ ပြန်လည်ကျင်းပတော့မည် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် စွမ်းစွမ်းတမံပါဝင်

ရန်ကုန် ဖေဖော်ဝါရီ ၁၁

ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၇ရက် နံနက်ပိုင်းက ချင်းပြည်နယ် မင်းတပ်ခရိုင် မင်းတပ်မြို့နယ် ဝမ္မသူးကျေးရွာအုပ်စု ခွီးရိုန်စံပြကျေးရွာ ဘောလုံးကွင်း၌ကျင်းပရာ ချင်းပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်မင်း၊ မင်းတပ်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးထန်းလိန်းနှင့် ခရိုင်အတွင်းရှိ မင်းတပ်၊ မတူပီ၊ ကန်ပက်လက်၊ ပလက်ဝမြို့နယ်များမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ တွဲဖက်အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှ စည်းရုံးရေးမှူးများ၊ အမှုဆောင်များ၊ အသင်းဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မင်းတပ်မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှ ပြည်သူများ စုစုပေါင်းအင်အား ၁၂၀၀ ကျော် အင်တိုက်အားတိုက် တက်ရောက်ကြသည်။

ဆောင်ရွက်

အခမ်းအနားတွင် သဘာပတိအဖြစ် မင်းတပ်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးထန်းလိန်းက ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် မင်းတပ်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ဦးမောင်ယုံး၊ မင်းတပ်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကီးတီး၊ မင်းတပ်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်လိန်းထုံနှင့် ခွီးရိုန်စံပြကျေးရွာမှ ရပ်မိရပ်ဖ ဦးနိန်ခွီရှိန်းတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ဟာရှိန်းထုံနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ဒေါ်လင်းမြူးမံတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာအခမ်းအနားသို့ တက်ရောက်လာကြသူများက ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား အလေးပြုကြသည်။

ထို့နောက် သဘာပတိ မင်းတပ်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးထန်းလိန်းက အဖွင့်အမှာစကား ပြောကြားရာတွင် ဤအခမ်းအနား၌ မိမိတို့ ချင်းပြည်နယ်တောင်ပိုင်းအတွက် နိုင်ငံတော်အစိုးရက ဆောင်ရွက်ပေးနေမှုများနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးက ဆောင်ရွက်နေသည့် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို တစ်ဆက်တစ်စပ်တည်း တင်ပြသွားမှာဖြစ်ကြောင်း။

ချင်းပြည်နယ်အတွက် ရေခဲအမှတ်ရောက်အောင် အေးချမ်းသည့် ဖေဖော်ဝါရီလသည် ပြည်ထောင်စုကြီးအတွက်လည်း အလွန်ထူးခြားလှသည့် လတစ်လဖြစ်ကြောင်း၊ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် တစည်းတလုံးတည်းသော ပြည်ထောင်စုကြီးအဖြစ် ရပ်တည်ပြီး ဥမကွဲသိုက်မပျက်နေထိုင်ကြရန်အတွက် ရှမ်းပြည်နယ် ပင်လုံမြို့၌ တညီတညွတ်တည်း ဆုံးဖြတ်ခဲ့ကြကြောင်း၊ ဤနေ့သည် သမိုင်းစာမျက်နှာမှာရော မိမိတို့၏ အသည်းနှလုံးမှာပါ သမိုင်းဝင်နေ့ထူးနေ့မြတ်ကြီး ဖြစ်ကြောင်း။

စွမ်းစွမ်းတမံ

နိုင်ငံတော်အစိုးရသည် တိုင်းရင်းသားအားလုံး ဂုဏ်ပြုကြသည့် ပြည်ထောင်စုနေ့ကြီးနှင့် မရှေးမနှောင်းပင် နိုင်ငံတော်၏ရှေ့ရေးအတွက် အသက်တမျှ အရေးပါလှသည့် အမျိုးသားညီလာခံကြီးကို ပြန်လည်ကျင်းပတော့မှာဖြစ်သည့်အတွက် ယခု ဖေဖော်ဝါရီလသည် မင်္ဂလာအပေါင်းနှင့် ခညောင်းသည့် လတစ်လဟု ဆိုရမှာဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်သူတစ်ရပ်လုံးအနေဖြင့် ယနေ့ နိုင်ငံတော်က ချမှတ်ဆောင်ရွက်ပေးနေသည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ် အပြည့်အဝဖြင့် နိုးကြားတက်ကြွစွာ စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်သွားကြရန် အလေးအနက်တိုက်တွန်းကြောင်း။

အသီးအပွင့်များခံစားနေရ

နိုင်ငံတော်က ဈေးကွက်စီးပွားရေးစနစ်ဖြင့် တိုင်းပြည်၏ စီးပွားရေးလုပ်ငန်းကို ဖော်ဆောင်လျက်ရှိရာ ဘက်ပေါင်းစုံက အောင်မြင်နေသည်ကို တွေ့ရမှာဖြစ်ကြောင်း၊ တတိယကာလတို ငါးနှစ်စီမံကိန်းအရ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်ကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိရာ မိမိတို့ မင်းတပ်ခရိုင်အတွင်း၌လည်း အောင်မြင်မှုအသီးအပွင့်များ ခံစားနေရပြီဖြစ်ကြောင်း။

ယခုနှစ် ဖေဖော်ဝါရီလသည် မင်္ဂလာအပေါင်းနှင့် ခညောင်းသည့် လတစ်လဖြစ်သည်နှင့်အညီ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ယနေ့ နိုင်ငံတော်က ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နေသည့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ် အပြည့်အဝဖြင့် နိုးကြားတက်ကြွစွာ ပါဝင်ဆောင်ရွက်သွားကြပါစို့ဟု တိုက်တွန်းကြောင်းဖြင့် ပြောကြားသွားသည်။

ဆက်လက်၍ ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့်စပ်လျဉ်း၍ ကန်ပက်လက်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကီးအောင်က တင်ပြရာတွင် နိုင်ငံ၏အတိတ်သမိုင်းနှင့် လက်ရှိ နိုင်ငံတကာသင်ခန်းစာများကို သုံးသပ်ပြီး နိုင်ငံတော်၏အနာဂတ်ကို လှမ်းမျှော်ကြည့်ပါက ပြည်ထောင်စုကြီး အဓွန့်ရှည်ကြာ တည်တံ့ရေးအတွက် ပြည်ထောင်စုစိတ်ဓာတ်နှင့် အမျိုးသားရေးစိတ်ဓာတ် ခိုင်မာရေးသည် ပဓာနကျကြောင်း ထင်ရှားလှကြောင်း၊ မြန်မာနိုင်ငံတော်ကြီးကို ပြည်တွင်းပြည်ပက သွေးခွဲသပ်သျှိုမှုများ၊ စွက်ဖက်နှောင့်ယှက်မှုများ၏ အန္တရာယ်ကို တိုင်းရင်းသားအားလုံးက မြဲမြဲမြံမြံ လက်တွဲပေါင်းစည်းပြီး ကာကွယ်သွားရန်လိုအပ်ကြောင်း၊ ပြည်ထောင်စုဖွား တိုင်းရင်းသားများသည် နိုင်ငံတော်၏ မှန်ကန်သည့် ဦးဆောင်မှုအောက်၌ စည်းလုံးမှု၊ ရိုးသားမှု၊ အပြန်အလှန်လေးစားနားလည်မှု၊ အခြေခံကောင်းများ ဆက်လက်ဖြစ်ထွန်းနေရန် လိုအပ်ကြောင်း၊ နိုင်ငံတော်ကြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်အောင် ကြံ့ခိုင်သည့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် အရှိန်အဟုန်မပျက် ကြိုးပမ်းဆောင်ရွက်သွားရမှာ ဖြစ်ကြောင်း။

မြန်မာနိုင်ငံတော်ကြီး၏ ကံကြမ္မာကို အဆုံးအဖြတ်ပေးခဲ့သည့် တိုင်းရင်းသား စည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စုစိတ်ဓာတ်ကို မွေးဖွားပေးခဲ့သည့် ပြည်ထောင်စုနေ့ကြီးကို တိုင်းရင်းသားအားလုံးက လှိုက်လှိုက်လှဲလှဲ ဂုဏ်ပြုကြိုဆိုကြပါစို့ဟု တိုက်တွန်းကြောင်းဖြင့် တင်ပြသွားသည်။

ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းအခမ်းအနားကို ချင်းပြည်နယ် မင်းတပ်ခရိုင် မင်းတပ်မြို့နယ် ဝမ္မသူးကျေးရွာအုပ်စု ခွီးရိုန်စံပြကျေးရွာ အားကစားကွင်း၌ ကျင်းပစဉ်။
(သတင်းစဉ်)

ထို့နောက် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်း၍ မတူပီမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးပဲန်သောင်းက တင်ပြရာတွင် နိုင်ငံတော်ကို ဒီမိုကရေစီနိုင်ငံတော်အဖြစ် တည်ဆောက်နိုင်ရန်အတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အနက် ပထမဦးဆုံးလမ်းစဉ်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် အမျိုးသားညီလာခံကြီး အောင်မြင်စွာကျင်းပနိုင်ရေးပင် ဖြစ်ကြောင်း။

တည်ဆောက်နိုင်

စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရာ၌ ဖွဲ့စည်းပုံအခြေခံဥပဒေသည် အရေးကြီးဆုံးဖြစ်ကြောင်း၊ ပထမအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကြီး ရည်မှန်းချက်များနှင့်အညီ အောင်မြင်ပြည့်မြောက်စေရေးအတွက် ယနေ့ တက်ရောက်လာကြသည့် ပြည်သူလူထုကြီးအပါအဝင် နိုင်ငံသားအားလုံး ကျရာကဏ္ဍက ကြိုးပမ်းဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ သို့မှသာ ခိုင်မာသည့် အနာဂတ်နိုင်ငံတော်သစ်ကြီးကို တည်ဆောက်နိုင်မှာဖြစ်ကြောင်း၊ တိုင်းရင်းသားခေါင်းဆောင်များ၏ညီညွတ်မှုနှင့် တည်ထောင်ခဲ့သည့် ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ရန်နှင့် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ဖြစ်ပေါ်လာရေးတို့အတွက် မကြာမီ ပြန်လည်ကျင်းပတော့မည့် အမျိုးသားညီလာခံကြီးကို တန်ဖိုးထားလေးစားပြီး ကြိုဆိုထောက်ခံကြပါစို့ဟု တိုက်တွန်းလိုက်ကြောင်း၊ ညီလာခံကြီးကို ကိုယ်စားလှယ်များ စုံစုံညီညီဖြင့် ပြန်လည်ကျင်းပတော့မှာဖြစ်ကြောင်း၊ နိုင်ငံအတွက် အသက်တမျှ အရေးပါသည့် ဤမူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ပြည်သူတစ်ရပ်လုံးက အင်တိုက်အားတိုက် ပူးပေါင်းပါဝင် ဆောင်ရွက်သွားရမှာဖြစ်ကြောင်း၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး အသိစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြပါစို့ဟု အလေးအနက်တိုက်တွန်းကြောင်းဖြင့် တင်ပြသွားသည်။

ဆက်လက်၍ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်းပြီး မင်းတပ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ဒေါ်ထန်းပိုင်က တင်ပြရာတွင် နိုင်ငံတော်၏တာဝန်များကို တပ်မတော်အစိုးရ စတင်တာဝန်ယူချိန်မှစ၍ မည်သည့်ခေတ်ကာလနှင့်မျှမတူအောင် ဆောင်ရွက်နိုင်ခဲ့ခြင်းကို အံ့ဩဖွယ်ရာ **"မြင်၊ တွေ့၊ ကြား၊ သိ"** ခံစားနေရပြီဖြစ်ကြောင်း။

စီးပွားဖြစ်စိုက်ပျိုး

ကျေးလက်စီးပွားရေးအနေဖြင့် ယခင်က တောင်ပေါ်တိုင်းရင်းသားများသည် ရွှေ့ပြောင်းတောင်ယာ တစ်ခုတည်းသာရှိခဲ့ရာမှ ယခုအခါ လက်ဖက်စိုက်ပျိုးရေးလုပ်ငန်းကို စီးပွားဖြစ် တိုးချဲ့ဆောင်ရွက်လျက်ရှိရာ မင်းတပ်မြို့နယ်တွင် ၇၈၇ ဧက၊ ကန်ပက်လက်မြို့နယ်တွင် ၄၂၄ ဧက၊ မတူပီမြို့နယ်တွင် ၄၆၃ ဧက၊ ရေဇွာတွင် ၁၅၁ ဧက၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအနေဖြင့် လက်ဖက်စိုက်ခင်း ငါးဧကအပါအဝင် စုစုပေါင်းဧက ၁၈၃၀ စီးပွားဖြစ် စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ နွားနောက် မွေးမြူရေးအနေဖြင့် မင်းတပ်မြို့နယ်တွင် ၁၅၀၀၂ ကောင်၊ ကန်ပက်လက်မြို့နယ်တွင် ကောင်ရေ ၁၄၆၀၊ မတူပီမြို့နယ်တွင် ၆၄၉၂ ကောင်၊ ရေဇွာတွင် ၁၉၂၉ ကောင်၊ ပလက်ဝမြို့နယ်တွင် ၂၉၁၅ ကောင်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအနေဖြင့် ၇၆ ကောင်အပါအဝင် စုစုပေါင်း ၂၇၈၄၇ ကောင် မွေးမြူထားနိုင်ခဲ့ကြောင်း။

ဤအကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနေမှုများကို လက်တွေ့ခံစားနေရသည့် မိမိတို့ဒေသခံများအနေဖြင့် နိုင်ငံတော်နှင့်အတူ လက်တွဲပြီး တတ်စွမ်းသမျှ ပါဝင်ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းကြောင်းဖြင့် တင်ပြသွားသည်။

လက်ခံရယူ

ထို့နောက် မင်းတပ်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးကီးမောင်က မင်းတပ်ခရိုင်အတွင်း ဆောင်ရွက်ပေးခဲ့သည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ပတ်သက်သော စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ရာ မင်းတပ်ခရိုင်အတွင်း ပညာရည်မြင့်မားရန် အခြေခံပညာအထက်တန်းကျောင်း ရှစ်ကျောင်းအတွက် ငွေကျပ် ၆ ဒသမ ၃ သိန်းတန်ဖိုးရှိ သင်ထောက်ကူပစ္စည်းများနှင့် အခြေခံပညာမူလတန်းကျောင်း ၂၅ ကျောင်းအတွက် ငွေကျပ် ၅၃ ဒသမ ၆ သိန်းဖိုးလှူဒါန်းခဲ့သည့် စာရွက်စာတမ်းများကို မင်းတပ်မြို့နယ် ပညာရေးမှူးကလည်းကောင်း၊ ကျေးရွာ ၁၁ ရွာသို့ ဆက်သွယ်သည့် ကျေးလက်လမ်းအရှည် ၃၆ မိုင်အတွက် ငွေကျပ် ၁၇ ဒသမ ၆ သိန်း၊ တံတားလေးစင်းအတွက် ငွေကျပ် ၅ ဒသမ ၈ သိန်း၊ နေရာနှစ်နေရာ ရေရရှိရေးအတွက် ငွေကျပ် ၈ ဒသမ ၇၅ သိန်းဖိုးဆောင်ရွက်ခဲ့သည့် စာရွက်စာတမ်းများကို နယ်လှည့် ဒေသကြီးကြပ်ရေးမှူးကလည်းကောင်း၊ ကျေးရွာ သုံးရွာ၌ ကျေးလက်မီးလင်းရေးအတွက် ငွေကျပ် ၃၇ ဒသမ ၁ သိန်းဖိုး ဆောင်ရွက်ပေးခဲ့သည့် ရေအားလျှပ်စစ်နှင့်သက်ဆိုင်သော စာရွက်စာတမ်းများကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခရိုင်ဦးစီးအရာရှိကလည်းကောင်း လက်ခံရယူကြသည်။

ဆက်လက်၍ ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်း၊ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများအား ထောက်ခံခြင်းတို့နှင့်စပ်လျဉ်း၍ မင်းတပ်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးမောင်းမာန်က တင်ပြရာတွင် စည်းကမ်းပြည့်ဝသည့် စစ်မှန်သောဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရာတွင် အခြေခံဥပဒေသည် အရေးကြီးကြောင်း၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အနက် ပထမဆုံးလမ်းစဉ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းနိုင်ရေးအတွက် ကျင်းပသည့် အမျိုးသားညီလာခံကြီးဖြစ်ကြောင်း၊ ဤအမျိုးသားညီလာခံကြီးကို ရည်မှန်းချက်များနှင့်အညီ အောင်မြင်ပြီးမြောက်စေရေးအတွက် ယနေ့ တက်ရောက်လာကြသည့် ပြည်သူလူထုကြီးအပါအဝင် နိုင်ငံသားအားလုံး ကျရာအခန်းကဏ္ဍက ကြိုးပမ်းဆောင်ရွက်သွားရမှာ ဖြစ်ကြောင်း။

အလေးအနက်ကြိုဆို

မင်းတပ်ခရိုင်အတွင်း နိုင်ငံတော်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့က ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို နိုင်ငံတော်၊ အသင်းကြီးတို့နှင့်အတူ မိတ်ဖက်အဖွဲ့အစည်းများနှင့် ရပ်မိရပ်ဖများက တက်တက်ကြွကြွ၊ အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းနှိုးဆော်ရင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များကို အလေးအနက် ကြိုဆိုထောက်ခံပါကြောင်း။

တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးသည် တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို ခိုင်ခိုင်မာမာအရယူပြီး တစ်နိုင်ငံလုံးရှိ ကျေးလက်ဒေသများ၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်ကိုပါ မဖြစ်မနေ အောင်မြင်စွာ အကောင်အထည်ဖော်ရင်း အသက်တမျှအရေးကြီးလှသည့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို အဆင့်ဆင့်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရေးအတွက် တပ်မတော်နှင့်ပြည်သူ လက်တွဲပြီး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြပါစို့ဟု အလေးအနက် တိုက်တွန်းကြောင်းဖြင့် ထောက်ခံတင်ပြသွားသည်။

ထို့နောက် သဘာပတိက ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်း၊ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများအတွက် ထောက်ခံခြင်းများနှင့်စပ်လျဉ်း၍ ပြည်သူလူထု၏ သဘောတူညီကြောင်း တစ်ခဲနက် ဆန္ဒပြုချက်အရ အစည်းအဝေးက အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ မင်းတပ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ကျောင်းသား ကျောင်းသူလေးများက ဂုဏ်ပြုတေးများကို သီဆိုကြသည်။

ယင်းနောက် အခမ်းအနားသို့တက်ရောက်လာကြသည့် ပြည်သူလူထုကြီးက ကြွေးကြော်သံများကို တစ်ခဲနက်ကြွေးကြော်ပြီး အခမ်းအနားကို နံနက် ၁၀ နာရီတွင် အောင်မြင်စွာ ကျင်းပပြီးစီးသည်။ **(သတင်းစဉ်)**

12-2 (15).p65 15 2/12/05, 3:17 AM

ဇလွန်မြို့နယ်အသင်း သင်းလုံးကျွတ်အစည်းအဝေးကျင်းပမည်

ဇလွန်မြို့နယ်အသင်း၏ ၂၀၀၄ခုနှစ် သင်းလုံးကျွတ်အစည်းအဝေး၊ ဘွဲ့ရဆရာတော်များအား ဂုဏ်ပူဇော်ပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆု ပေးပွဲတို့ကို ၂၇-၂-၂၀၀၅ (တနင်္ဂနွေနေ့) နံနက် ၈း၀၀နာရီတွင် အောင်တော်မူဆုတောင်းပြည့်တန်ဆောင်း၊ ပန်းပင်ကြီးလမ်း ကြည့်မြင်တိုင်မြို့နယ်၌ ကျင်းပ ပြုလုပ်မည်ဖြစ်ပါသည်။ (အသင်းဝင်များ အသင်းဝင်များ၏ မိဘများထဲမှ အသက် ၇၅နှစ်ပြည့်ပြီးသူများနှင့် ၂၀၀၃-၂၀၀၄ခုနှစ် ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးရရှိကြသော အသင်းသားများ၏ သားသမီးများအား ၂၂-၂-၂၀၀၅ရက်နောက်ဆုံးထား၍ အမှတ်(၇၇) စမ်းချောင်းလမ်း စမ်းချောင်းမြို့နယ် (ဖုန်း- ၅၁၀၃၆၇)သို့ ဆက်သွယ်စာရင်းပေးသွင်းကြပါရန်နှင့် အသင်းသားမိသားစုများနှင့် အသင်းမဝင်ရသေးသော မြို့နယ်သူမြို့နယ်သား မိသားစုများ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

လမ်းညွှန်- ကြည့်မြင်တိုင် ကမ်းနားဈေးမှတ်တိုင် (အောက်လမ်း) (၃၃) ကားဂိတ်ဆုံး (စလင်းကွင်းအနီး) (အထက်လမ်း)

အမှုဆောင်အဖွဲ့၊ ဇလွန်မြို့နယ်အသင်း။

အများသိစေရန် ကြေညာချက်

တောင်ကြီးမြို့ ရတနာသီရိရပ်ကွက်၊ အကွက်အမှတ်(၁)၊ အကွက်အမှတ်(မြေဖြူရပ်)၊ ဦးပိုင်အမှတ်(၈၉)၊ မြေကွက်အမှတ်(၈၄)၊ ဧရိယာ ၀ ဒသမ ၀၉၄ ဧကရှိ မြေကွက်ကို ဦးတင်မောင်နှင့် ဒေါ်အေးစိန်တို့က အမည်ပေါက် ပိုင်ဆိုင်ပါသည်။ ယင်းမြေကွက်ကို

(၁) ဦးတင့်နိုင် TGL-၀၀၇၂၇၁

(၂) ဦးကျော်နိုင် NYGH-၁၃၈၈၂၆

(၃) ဒေါ်ခင်ဆွေအေး ၁၃/တကန(နိုင်) ၀၆၂၃၀၆တို့ထံမှ ကျွန်တော် ဦးခွန်သက်ထွန်းနောင် ၁၃/ဟပန(နိုင်)၀၀၂၈၉၁နှင့် ကျွန်မ ဒေါ်နန်းလှလှအေး ၁၃/လလန(နိုင်) ၀၀၁၂၈၇ ကိုင်ဆောင်သူတို့က ဝယ်ယူပိုင်ဆိုင်နေထိုင်လျက်ရှိပါသည်။ ယခုအခါ ဦးခွန်သက်ထွန်းနောင်နှင့် ဒေါ်နန်းလှလှအေး အမည်သို့ ဂရန်လျှောက်ထားလိုပါသဖြင့် ကန့်ကွက်ရန် အကြောင်းရှိပါက သက်ဆိုင်သည့် အထောက်အထား စာရွက်စာတမ်းနှင့်တကွ ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာရုံးဌာနအသီးသီးတွင် လျှောက်ထားကန့်ကွက်နိုင်ကြောင်း အသိ ပေးကြေညာအပ်ပါသည်။

ဦးခွန်သက်ထွန်းနောင်-ဒေါ်နန်းလှလှအေး

အမှတ် (၃၁၀)၊ ပုလဲလမ်း ရတနာသီရိရပ်၊ တောင်ကြီးမြို့။

အရှင်သဒ္ဓန(နတ်မောက်)၏ ဓမ္မသဘင်

စဉ့်ကိုင် ဖေဖော်ဝါရီ ၈

ဝိပဿနာတရားပြဓမ္မကထိက အရှင်သဒ္ဓန(နတ်မောက်)သည် မန္တလေးတိုင်း စဉ့်ကိုင်မြို့နယ် မီးသွေးဘုတ်ကျေးရွာ တဝဂ္ဂဗုဒ္ဓပူဇနိယအကြို ဓမ္မသဘင်ပွဲကို ဖေဖော်ဝါရီ၁၆၊ ၁၇၊ ၁၈၊ ၁၉နှင့် ၂၀ရက်များတွင် ညစဉ်၇နာရီမှစ၍ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပမည်

ညောင်လေးပင် ဖေဖော်ဝါရီ ၈

ပဲခူးတိုင်း ညောင်လေးပင်မြို့တွင် တည်ထားကိုးကွယ်သော မဟာတိလောကသယမ္ဘူ ဘုရားကြီး၏(၁၀၈)ကြိမ်မြောက် ဗုဒ္ဓပူဇနိယ ပွဲတော်ကို ဖေဖော်ဝါရီ ၂၀ရက်မှ ၂၄ရက်အထိ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို လည်းကောင်း၊ ၂၅ရက်မှ ၂၈ရက်တွင် စတုဒိသာပွဲများနှင့် လည်းကောင်း၊ ပျော်ပွဲရွှင်ပွဲများ၊ ပွဲလမ်းသဘင်များနှင့် လည်းကောင်း စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ဈေးဆိုင်ခန်း ရယူလိုသူများနှင့် လှူဒါန်းလိုသူများ ကျင်းပရေးကော်မတီတို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(၁၃၄)**

ဖေဖော်ဝါရီ၃ ရက်က စစ်ကိုင်းမြို့ ပိုးတန်းရပ်ကွက်ရုံးခန်း၌ နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကျင်းပရာ စစ်ကိုင်းတိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန တိုင်းဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးလှဒေါင်းက နိုင်ငံသား စိစစ်ရေးကတ်ပြားများကို ရပ်ကွက်ဥက္ကဋ္ဌ ဦးသိန်းထွန်းထံ ပေးအပ်စဉ်။ (က-ပ)

ငိုအားထက် ရယ်အားသန်ဇာတ်ကား ရုံသုံးရုံ တစ်ပြိုင်တည်းတင်ဆက် ပြသဆဲဇာတ်ကားများ ဆက်လက်ပြသလျက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၁၁

ယခုအပတ် ရုပ်ရှင်ကဏ္ဍတွင် ဒါရိုက်တာမောင်မျိုးမင်း(ရင်တွင်းဖြစ်) ရိုက်ကူးသော ငိုအားထက်ရယ်အားသန်ဇာတ်ကားသစ် သမ္မတ၊ သွင်နှင့် မင်္ဂလာရုံတို့တွင် တစ်ပြိုင်တည်း တင်ဆက်ထားသည်။

ဤဇာတ်ကားတွင် လွင်မိုး၊ ဇာဂနာ၊ မင်းဟိုဏ်း၊ အိန္ဒြာကျော်ဇင်၊ မေသဥ္ဇာဦး၊ အောင်လွင်နှင့် မြင့်မြင့်ခိုင်တို့ ပါဝင်သရုပ်ဆောင်ထားကြသည်။ နေမင်း(လွင်မိုး)နှင့် လှိုင်းအိန္ဒြေ (အိန္ဒြာကျော်ဇင်)တို့ ချစ်သူများဖြစ်ကြသည်။

လှိုင်းအိန္ဒြေ မတော်တဆ ယာဉ်တိုက်မှုဖြစ်ကာ အတိတ်မေ့သွားခဲ့သည်။ နေမင်းသည် သူမအမှတ်တရ ဖြစ်ရပ်များ ပြန်သတိရ မှတ်မိစေရန် ချစ်သူနှစ်ဦး စတင်ဆုံစည်းခဲ့သည့် ပင်လယ်ကမ်းခြေ၌ အဖြစ်အပျက်မျိုး သူငယ်ချင်း တစ်ဦးအား သူခိုး အဖြစ် သရုပ်ဆောင် ဖန်တီးပြီး အကွက်ဆင်ခဲ့သည်။ လက်တွေ့တွင် ခုတ်ရာတခြား ရှရာတခြား ဖြစ်ခဲ့ရသည်။

ဒီအတွက် လှိုင်းအိန္ဒြေက နေမင်းအပေါ်အထင်လွဲပြီး သူခိုးဖမ်းပေးသည့် မင်းလွင်ကို အသိအမှတ်ပြုခဲ့သည်။

တစ်နေ့ သူမကျောက်ဆောင်ပေါ် လမ်းလျှောက်စဉ် ခြေချော်ကျပြီး ခေါင်းထိခိုက်မိသဖြင့် သတိမေ့သွားသည်။

သူမပြန်သတိရချိန်တွင် အဖြစ်အပျက်နှစ်ခုစလုံးကို မှတ်မိ၍ ပြန်စဉ်းစားရာ သူမအပေါ် ကရုဏာပိုခဲ့သည့် နေမင်းကို သနားသွားကြောင်း မိမိကိုယ် မိမိနားလည်သွားတော့သည်။

ရှေ့ဆောင်ရုံတွင် လွင်မိုး၊ ထွန်းအိန္ဒြာဗို၊ ညွန့်ဝင်း၊ မေသန်းနု၊ မင်းဟိုဏ်းတို့ သရုပ်ဆောင်ပါဝင်ထားသည့် နယ်ချဲ့တော်လှန်ရေး ဇာတ်ကား **တစ်ခါက ရောဝတီညများ** ပြသလျက်ရှိသည်။

နေပြည်တော်ရုံတွင် ဒါရိုက်တာ Antoine Fuqua ရိုက်ကူးပြီး Clive Owen, Keira Knightley တို့ သရုပ်ဆောင်ထားသော King Arthuer ဇာတ်ကား ရုံဝင်လာသည်။

ရွှေဂုန်ရုံတစ်ရုံတည်းတွင် အပေါ်ထပ်နှင့်အောက်ထပ်ကိုခွဲ၍ ပြသလျက်ရှိရာ အပေါ်ထပ်တွင် အမိတာဘဂျမ်း၊ ရှာရွတ်ခန်း၊ ရီသစ်ရောရှမ်း၊ ကာဂျိုးလ်နှင့် ကရီးနားကပူးရ်တို့ပါဝင်ပြီး အကယ်ဒမီ လေးဆုရဇာတ်ကား Kabhi Khushi Kabhie Gham ပြသနေသည်။ အောက်ထပ်တွင် ဒါရိုက်တာ နောင်ထွန်းလွင်၊ ညီညီထွန်းလွင် ရိုက်ကူးပြီး ဒွေး၊ ထွန်းအိန္ဒြာဗိုနှင့် ကြည်လဲ့လဲ့ဦးတို့ ပါဝင်သရုပ်ဆောင်ထားသော ပြိုင်ဘက်မရှိဇာတ်ကား ပြသနေသည်။

မြို့မအဆင့်မြင့်ရုံတွင် အက်ရှင်ဇာတ်ကားများဖြင့် နာမည်ကြီးခဲ့သော အက်ရှင်ကူးမာရ်၊ မင်းသမီးချော မဟီးမားချောင်ဒရီတို့ ခေါင်းဆောင်ပါဝင်ထားပြီး အကြမ်းအရမ်း၊ အလှအပများဖြင့် စွန့်စွန့်စားစား ရိုက်ကူးထားသော Khiladi 420 ဇာတ်ကား ပြသလျက်ရှိသည်။ ။ **(မြန်မာ့အလင်း)**

ရုပ်ရှင်သတင်းထောက်

‘ငိုအားထက် ရယ်အားသန်’ ဇာတ်ကားမှ လွင်မိုးနှင့် အိန္ဒြာကျော်ဇင်။

‘ပြိုင်ဘက်မရှိ’ ဇာတ်ကားမှ ဒွေးနှင့် ကြည်လဲ့လဲ့ဦး။

ပုဂံပြည်မှပန်းနုံ့သာ ရုံတင်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၁

ကိုလွင်(စနိုးပိုက်)၏ ဝတ္ထုဇာတ်ညွှန်းကို ဒါရိုက်တာမောင်မောင်ဦး (စနိုးပိုက်)ရိုက်ကူးသည့် ပုဂံပြည်မှပန်းနုံ့သာ ဇာတ်ကားမကြာမီ ရုံတင်မည်ဖြစ်သည်။ ပုဂံပြည်မှ ပန်းနုံ့သာတွင် နိုင်းနိုင်း၊ နန္ဒာလှိုင်၊ ဆုပန်ထွာ၊ ချိုပြုံးနှင့် မိုးပွင့်တို့ ခေါင်းဆောင်ပါဝင်ထားသည်။ (မြန်မာ့အလင်း)

(၅၈)နှစ်မြောက်ပြည်ထောင်စုနေ့ ဂုဏ်ပြု ကျေးလက်ကျောက်ချောလမ်းနှင့် စက်ရေတွင်းဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၁

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄-၂၀၀၅ခုဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့သော ကျေးရွာချင်းဆက်လမ်းဖြစ်သည့် မြင်းခြံ-တလုပ်လမ်းပေါ်ရှိ ခေါင်းကွဲ-သာပေါင်းအပိုင်း ကျောက်ချောလမ်းဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၇ရက်နံနက် ၈နာရီက စက်မှုလက်မှု သိပ္ပံကျောင်းအနီးရှိမုခ်ဦး၌ ကျင်းပသည်။

ထို့နောက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးထွန်းဝင်း၊ အမှုဆောင်အရာရှိ ဦးအောင်ကျော်ငြိမ်နှင့် ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်ဇံတို့က အရှည် ၁ မိုင် ၄ ဖာလုံ၊ အကျယ် ၁၂ပေရှိ ကျောက်ချောလမ်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ၂၀၀၄-၂၀၀၅ ခုဘဏ္ဍာရေးနှစ်တွင် ကျေးလက်လမ်းသုံးလမ်းနှင့် ကျေးလက်တံတား သုံးစင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ နံနက် ၁၀နာရီတွင် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြင်းခြံမြို့နယ် တူရွင်းဘို့ကျေးရွာတွင် လေးလက်မ ကျေးလက်စက်ရေတွင်း ဖွင့်ပွဲအခမ်းအနားကို အဆိုပါ စက်ရေတွင်းအနီး၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးစန်းအောင်၊ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးကြည်မောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆောင်ရွက်ပေးခဲ့

ယင်းနောက် စက်ရေတွင်းမှ ရေဘားကို ခရိုင်ဥက္ကဋ္ဌ၊ ခရိုင် မြို့နယ် အသင်းအတွင်းရေးမှူးများ၊ ကျေးရွာ ဥက္ကဋ္ဌတို့က ဖွင့်ပေးကြသည်။ မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အနေဖြင့် ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် လေးလက်မစက်ရေတွင်း တွင်းနက် ၁၅တွင်းနှင့် နှစ်လက်မ ရေတွင်း တွင်းတိမ် ၁၀တွင်း စုစုပေါင်း စက်ရေတွင်း ၂၅တွင်းကို ကျေးရွာ ၂၅ရွာ၌ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုအလံတော် ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ်သို့ ဆက်လက်သယ်ဆောင် လမ်းတစ်လျှောက် ထောင်ပေါင်းများစွာသော တိုင်းရင်းသားပြည်သူများ သောင်းသောင်းဖြဖြကြိုဆို

ရန်ကုန် ဖေဖော်ဝါရီ ၁၁

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတော်သယ်ယူရေးအစီအစဉ်အရ ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် သီဟဒီပအားကစားကွင်းစင်မြင့်ရှိ ငွေဖလား၌ ယမန်နေ့တွင် တစ်ညတာရပ်နားခဲ့သော ပြည်ထောင်စုအလံတော်အား ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ်သို့ ပြည်ထောင်စုလှေဖြင့်လည်းကောင်း၊ အလံတော်သယ်ယူရေးအဖွဲ့များက အဆင့်ဆင့်လက်ဆင့်ကမ်း၍လည်းကောင်း သယ်ဆောင်ကြရာ ရန်ကုန်တောင်ပိုင်းခရိုင်၊ ရန်ကုန်အရှေ့ပိုင်းခရိုင်နှင့် ရန်ကုန်အနောက်ပိုင်းခရိုင်တို့မှ ထောင်ပေါင်းများစွာသော တိုင်းရင်းသားပြည်သူများ တစ်ခဲနက် အင်တိုက်အားတိုက် သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို အလေးပြုကြပြီး ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်က ပြည်ထောင်စုအလံတော်ကို ကြည့်မြင်တိုင်မြို့နယ် စလင်းအားကစားကွင်းစင်မြင့်ရှိ ငွေဖလား၌ နံနက် ၈ နာရီ ၄၅ မိနစ်တွင် စိုက်ထူလိုက်သည်။

ပြည်ထောင်စုအလံတော်အား ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်မှ ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ်သို့ ဆက်လက်သယ်ဆောင်သည့် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် သန်လျင်မြို့နယ် သီဟဒီပအားကစားကွင်း၌ ကျင်းပသည်။

စာမျက်နှာ ၄ ကော်လံ ၁ ✡

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့် ပြည်ထောင်စုအလံတော်ကို ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် စလင်းအားကစားကွင်းရှိ စင်မြင့်ငွေဖလား၌ စိုက်ထူစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီလုပ်ငန်းညှိနှိုင်း ဆပ်ကော်မတီအလိုက်လုပ်ငန်းပြီးစီးမှုအခြေအနေများရှင်းလင်းတင်ပြ

ရန်ကုန် ဖေဖော်ဝါရီ ၁၁

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်၊ ဒုတိယဥက္ကဋ္ဌ ကာကွယ်ရေးဝန်ကြီးဌာန ထောက်ပံ့နှင့်ပို့ဆောင်ရေးညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်သန်းဋ္ဌေးနှင့် စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ဆပ်ကော်မတီဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် သဘာပတိအဖြစ် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က ဆောင်ရွက်၍ အခမ်းအနားမှူးအဖြစ် စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး ဗိုလ်မှူးသန်းဋ္ဌေးက ဆောင်ရွက်သည်။

ပြည်ထောင်စုအလံတော်ကို ရန်ကုန်အနောက်ပိုင်းခရိုင်သို့ ပြည်ထောင်စုလှေဖြင့် သယ်ဆောင်လာရာ လမ်းတစ်လျှောက်တွင် ပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုကြစဉ်။ (သတင်းစဉ်)

အဖွင့်အမှာစကားပြောကြား

ရှေးဦးစွာ သဘာပတိ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က အဖွင့်အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် တက်ရောက်လာကြသည့် အခမ်းအနားပြင်ဆင်ရေး ဆပ်ကော်မတီ၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီ၊ ကျွေးမွေးဧည့်ခံရေး ဆပ်ကော်မတီ၊ စာမျက်နှာ ၁၃ ကော်လံ ၁ ●

ရောင်စုံအချပ်ပိုလေးမျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့အထူးထုတ် ရောင်စုံအချပ်ပိုစာမျက်နှာ လေးမျက်နှာ ပူးတွဲပါရှိပါသည်။